# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း (၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (1-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ




ယနေ့သည် ၂၀၂၄ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၅ ခုနှစ်ဟုဆိုအပ်သော ကမ္ဘာ့နှစ်သစ်သို့ စတင်ရောက်ရှိသည့်မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုလိုမင်္ဂလာအပေါင်းနှင့်ခညောင်းပြည့်စုံသော ကမ္ဘာ့နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး ကျရောက်ဆဲ၊ ကျရောက်လတ္တံ့ဖြစ်သော ဘေးဥပါဒ်အန္တရာယ် ရန်စွယ်အပေါင်းမကောင်းဟူသမျှ ပြစ်ဒေါသတို့မှ ကင်းစင်ပကြလျက် မိမိတို့အလိုရှိအပ် တောင့်တအပ်သော အတတ်ပညာ၊ စည်းစိမ်ချမ်းသာ၊ ကျော်စောသတင်း၊ မိတ်ကောင်းဆွေကောင်းများရရှိနိုင်စေရန် –

**“ပညာရှိထံ၊ ရိုကျိုးနှံ၍၊ နည်းခံသင်မှ၊ ပညာရ၏၊ ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့်၊ လုံ့လရှိမှ၊ ဥစ္စာရ၏၊ မခွဲနှုတ်လျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏၊ ကိုယ်က ဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ၊ မိတ်ဆွေရ၏”**ဟူသော

မဃဒေဝလင်္ကာသစ်၌ ဘုရားဟောပါဠိတော်နှင့်အညီ မိန့်ဆိုထားသည့်အတိုင်း ပညာရှိထံ နည်းနာခံပြီး အတတ်ပညာကို သင်ယူရန်၊ စည်းစိမ်ချမ်းသာဥစ္စာများရရှိစေနိုင်ရန် စာမျက်နှာ ၁၆ ကော်လံ ၁

## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ဒီနေ့ကျရောက်တဲ့ ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်တကွ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ကတည်းက နိုင်ငံတော်ရဲ့ ရှေ့ဆက်လျှောက်လှမ်းရမယ့်လမ်းကြောင်းကို မျှော်မှန်းပြီး ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ ခိုင်ခိုင်မာမာနဲ့ ကြိုးစားလျှောက်လှမ်းခဲ့ကြလို့ သိသာထင်ရှားတဲ့ ရည်မှန်းချက်ပန်းတိုင်တွေကိုလည်း တွေ့မြင်နေရပြီဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူများက တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းကူညီပေးခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်။ ရှေ့ဆက်လျှောက်လှမ်းရမယ့်ခရီးမှာ စိန်ခေါ်မှုတွေ၊ အကျပ်အတည်း၊ အခက်အခဲတွေကို ရင်ဆိုင်တွေ့နိုင်ရပေမယ့် စာမျက်နှာ ၁၇ ကော်လံ ၁

> နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။





၂၀၂၅ခုနှစ် နှစ်သစ်ဓာခါသမယတွင်
ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့်
ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ
ပို့သဓာပ်ပါသည်။



ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်
အယ်ဒီတာ့အာဘော်

# မင်္ဂလာနှစ်သစ်ကို မေတ္တာစိတ်အရင်းခံ၍ အောင်မြင်စွာဖြတ်သန်း

၂၀၂၄ ခုနှစ်ကုန်၍ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်သည်။ ယနေ့သည် ကမ္ဘာ့နှစ်သစ်ကူးနေ့လည်းဖြစ်သည်။ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားအသစ်များဖြင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေး စသည်တို့တွင် မေတ္တာစိတ်အရင်းခံ၍ အောင်မြင်စွာဖြတ်သန်းသွားကြရန်လိုအပ်ပေသည်။

မင်္ဂလာဟူသည် မကောင်းမှုကိုပယ်ဖျောက်၍ ကောင်းမှုကိုဆောင်ရွက်ခြင်းဖြစ်သည်။ နှစ်သစ်တွင် မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်မည်ဆိုပါက လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးကိုရရှိစေသည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သည့်အချိန်အခါ၌ပင်ဖြစ်စေ စိတ်ကောင်း၊ နှလုံးကောင်းထားရှိကာ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်သွားကြရန် လိုအပ်ပေသည်။

လူတိုင်းသည် နံနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန်ထိ မင်္ဂလာကျက်သရေဖြင့် နေနိုင်အောင်ကြိုးစားကြသည်ပင်ဖြစ်သည်။ ထို့ကြောင့် တစ်နေ့တာအတွက်သာမဟုတ်ဘဲ နှစ်အစ၊ နှစ်အဆုံးမှသည် ဘဝတစ်လျှောက်လုံး ကောင်းမြတ်သော မင်္ဂလာနှင့်အညီ နေထိုင်ကြစေလိုသည်။

လူတိုင်းသည် စိတ်ချမ်းသာ ကိုယ်ကျန်းမာခြင်းဖြင့် ဘဝကိုရှင်သန်နေထိုင်လိုကြသည်။ လူသားအချင်းချင်း တစ်ဦးအပေါ်တစ်ဦးဗြဟ္မစိုရ်တရားထားရှိခြင်းဖြင့် လူမှုပတ်ဝန်းကျင်တည်ငြိမ်ရေးအတွက် အကောင်းဆုံးတရားပင်ဖြစ်သည်။ ဗြဟ္မစိုရ်တရားဟုဆိုအပ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလေးပါးသော အကျင့်တရားများကို အကြွင်းအကျန်မထားဘဲ သတ္တဝါလောကတစ်ခုလုံးသို့ ခွဲခြားချက်မရှိ လူမျိုး၊ ဘာသာ၊ ဝါဒ စသည့်အတားအဆီးများဖယ်ရှား၍ ပွားများသင့်ကြပေသည်။ မေတ္တာတရားသည် လူသားတို့၏နှလုံးသားကို နူးညံ့စေသည်။ ထို့ကြောင့် မွန်မြတ်သောအကျင့်၊ မေတ္တာတရားများ လွှမ်းမိုးနေမည်ဆိုလျှင် ကပ်သုံးပါးဟုဆိုအပ်သော ငတ်မွတ်ခေါင်းပါးဘေးကြောင့် ပျက်စီးခြင်း၊ လက်နက်ဘေးကြောင့် ပျက်စီးခြင်း၊ ရောဂါဘေးကြောင့် ပျက်စီးခြင်းတို့မှ ကင်းဝေးလွတ်မြောက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် နှစ်သစ်တွင် မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်းတို့သည် တစ်ဦး၏အပေါ်တစ်ဦးလေးစားကြပြီး မြန်မာနိုင်ငံအတွင်း အေးချမ်းစွာနေထိုင်သွားကြရန်၊ မိမိယုံကြည်ကိုးကွယ်ရာဘာသာတရား၏ အဆုံးအမအောက်တွင် မိမိကိုယ်ကိုကောင်းစွာစောင့်ရှောက်ပြီး နိုင်ငံအတွင်းကျရောက်လာမည့် သဘာဝဘေးဒုက္ခအပေါင်း အေးငြိမ်းစေရန် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အခက်အခဲများကို ရင်ဆိုင်ဖြတ်သန်းဆောင်ရွက်သွားကြရပေမည်။

သို့ဖြစ်ခြင်းကြောင့် နှစ်သစ်သို့ကူးပြောင်းရောက်ရှိလာသည်နှင့်အမျှ မိမိတို့၏အကျင့်၊ စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်ရင့်သန်အောင်ထိန်းသိမ်းထားရှိပြီး ပေးအပ်လာသည့်တာဝန်များကို တာဝန်သိမှု၊ နားလည်မှု၊ ဇွဲရှိမှု၊ သည်းခံမှုနှင့်အတူ ဖြူစင်သောမေတ္တာစိတ်ထားများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထို့ကြောင့် နှစ်သစ်တွင် မင်္ဂလာရှိသောနေ့ရက်များကို ပိုင်ဆိုင်ဖြတ်သန်းနိုင်ရေး မိမိအကျိုးအပြင် အများအကျိုးကိုပါ သယ်ပိုးထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏တိုးတက်ရာတိုးတက်ကြောင်းကိုလည်း လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်တို့ဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး မေတ္တာစိတ်အရင်းခံပြီး အောင်မြင်စွာဖြတ်သန်းနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပခုက္ကူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း ကုန်သည်များ အဝယ်လိုက်လာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများကလည်း ပခုက္ကူဘက်မှ ထွက်ရှိသည့်ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု ပခုက္ကူဘက်က ထွက်တဲ့ ကြက်သွန်နီတွေကို တချို့ ကြက်သွန်နီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချတဲ့ ပွဲရုံပိုင်ရှင်တွေ တော်တော်အဝယ်များလာတယ်။ မန္တလေး ဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး ကောင်းနေပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပခုက္ကူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ထိ ဈေးပေါက်နေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"အခုကတော့ မန္တလေး ဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်က ထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ် ဖြစ်နေတယ်။ အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာ ရှိနေတာကတော့ ပခုက္ကူဘက်က ထွက်ရှိတဲ့ အရည်အသွေး ကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲ ဖြစ်ပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူး ပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူ၊ မြင်းခြံ၊ ပျော်ဘွယ်၊ တောင်သာဘက်က ထွက်ရှိသည့် ကြက်သွန်နီများ အများဆုံး ဝင်ရောက်နေကြောင်း၊ လတ်တလော ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ဝယ်ယူနေခြင်းကြောင့် မန္တလေး ဈေးကွက်အတွင်း ကြက်သွန်နီများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။ (၁၈၄)

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ထွက်ရှိလာတဲ့ သီးနှံတွေကိုလဲ အစားအစာ ဘေးကင်းလုံခြုံအောင်၊ အထွက်နှုန်းကောင်းမွန်အောင် တောင်သူတွေကို GAP နည်းစနစ်နဲ့စိုက်ပျိုးကြဖို့၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးတွေပြုလုပ်သုံးစွဲကြဖို့ စိုက်ပျိုးရေးအသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ငရုတ် ၉၉၂ ဧက၊ ကြက်သွန်နီ ၁၁၄၈ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက စုစုပေါင်း စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သဖြင့် စားဖိုဆောင်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပလာတူးငါး ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပလာတူးငါး ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အောက်တိုဘာလ အတွင်းက ပလာတူးငါး ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ပလာတူးငါး ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ဘက်က ပုစွန်တွေ၊ ကဏန်းတွေအပြင် ပလာတူးငါးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပလာတူးငါးတွေကို ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာပါ။ အခု အရောင်းအဝယ်တွေ ပုံမှန်ထက်ကောင်းလာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုးနှင့် ကဏန်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း VRFP လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိုးကုန်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များနှင့်အတူ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ရေးသွင်းထားရှိမှု ရှိ၊ မရှိ၊ ဆွေးနွေးမှာကြားချက်များ အပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ရွာတန်းရှည်ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုပဉ္စမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၇၇ ဦးအတွက် ငွေကျပ် ၄၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နေ ဦးထွန်းစိန်မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၃၉၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၃၉၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၃၉၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေထောက်ပဲ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိပ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင်မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေထောက်ပဲသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ရှာငံမြို့နယ် ပါယ်ကင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှာငံ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လင်းဝေးကျေးရွာအုပ်စု ပါယ်ကင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပါယ်ကင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာသော မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပါယ်ကင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ကိုင်မည့်အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၈၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလ တစ်လအတွင်းက ကျားပျံစပါး အမျိုးအစားတင်းရေ ၆၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကျားပျံစပါးအမျိုးအစား တင်းရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''နိုဝင်ဘာလအတွင်း ကျားပျံစပါး တင်းရေ ၈၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့ကနေ စပါးတွေဆန်တွေနဲ့အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင်ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု မော်လမြိုင်ကျွန်း မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ညောင်ရမ်းကြီးသမီးကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပုဂံခေတ်တွင် ဘုရင်များနှင့် ဘုရင့်မိသားစုဝင်များရေးထိုးခဲ့သည့် ကျောက်စာများတွင် ညောင်ရမ်းကြီးသမီးကျောက်စာသည် ထင်ရှားသော အလှူမှတ်တမ်းကျောက်စာတစ်ချပ်ဖြစ်သည်။

ညောင်ရမ်းကြီးသမီးသည် ပုဂံဘုရင်နရပတိစည်သူ (ခရစ်နှစ် ၁၁၆၅-၁၂၁၁)၏သားတော် ကက်သူ၏မိဖုရားဖြစ်သဖြင့် နရပတိစည်သူ၏ ချွေးမတော်ဖြစ်သည်။ နရပတိစည်သူတွင် မိဖုရားခြောက်ပါးရှိသည့်အနက် ဦးဆောက်ပန်းမိဖုရားနှင့် သားတော်သုံးပါးထွန်းကားခဲ့ရာ ကက်သူသည် အငယ်ဆုံးသားတော်ဖြစ်သည်။

ဘုရင့်သားတော် ကက်သူသည် သက္ကရာဇ် ၆၀၄ ခု နတ်တော်လဆုတ် ၁၄ ရက် ၁၂၄၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် နတ်ရွာစံခဲ့သည်။ ကက်သူ၏မိဖုရား ညောင်ရမ်းကြီးသမီးသည် ခင်ပွန်းနတ်ရွာစံပြီး သုံးရက်အကြာတွင် သခင်မဟာကဿပကျောင်းသို့ လယ်လုပ်သားကျွန် ၁၅၂ ယောက်ကို လှူကာ ကျောက်စာတိုင်နှစ်တိုင်ကို ရေးထိုးစိုက်ထူခဲ့သည်။ ညောင်ရမ်းကြီးသမီးကျောက်စာသည် ခင်ပွန်းသည် ကက်သူနှင့်အတူနေခဲ့သည့် နေရာတွင် တည်ဆောက်လှူဒါန်းခဲ့သည့် အိမ်ရာ၊ ကျောင်းနှင့် ကက်သူမိခင်၏အစ်မကြီး၏ အိမ်နေရာတွင် တည်ဆောက်လှူဒါန်းခဲ့သည့် အိမ်ရာကျောင်းတို့ကိုအစွဲပြုလျက် အိမ်ရာကျောင်းကျောက်စာဟုလည်း ထင်ရှားခဲ့သည်။

ညောင်ရမ်းကြီးသမီးသည် အဆိုပါကျောက်စာတိုင် နှစ်တိုင်ကို ပုဂံ၊ မင်းနန်သူရွာရှိ အနန္တသူ၏ လေးထောင့်ကန်မြောက်ဘက်ရှိ အဆောက်အအုံ အမှတ် (၅၀၆) တွင်စိုက်ထူခဲ့ပြီး ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်တွင် ရှင်ပင်ဖောဓိဘုရားသို့ရောက်ရှိခဲ့ကြောင်းနှင့် အနန္တသူဆည်ခဲ့သော လေးထောင့်ကန်သည် လေးမျက်နှာကျောင်း၏ အရှေ့တောင်ဘက်တွင်တည်ရှိ၍ မင်းနန်သူရွာရှိ ယခုနှစ်ဆင့်ကန်ဖြစ်ကြောင်း ရှေးမြန်မာကျောက်စာလေ့လာချက်စာအုပ်တွင် ဖော်ပြထားသည်။ ပုဂံစေတီပုထိုးအမှတ် (၅၀၆) သည် မင်းနန်သူရွာရှိ အနောက်ကဿပဘုရားဖြစ်၍ ရှင်ပင်ဖောဓိဘုရားသည် ညောင်ဦးပြည်သူ့ဆေးရုံမြောက်ဘက်တွင် တည်ရှိသည့် ပုဂံစေတီပုထိုးအမှတ် (၁၂၂) ဖြစ်သည်။


ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်တွင်မူ ညောင်ရမ်းကြီးသမီး ကျောက်စာတိုင်နှစ်ခုကို ထီးလိုမင်းလိုဘုရား၏ အနောက်မြောက်ဘက် ပေ ၈၀၀ ခန့်၊ ဘုရားမုခ်ဂူအတွင်း မြောက်ဘက်အုတ်နံရံနှင့် ကပ်လျက်နေရာနှင့် တောင်ဘက်နံရံနှင့်ကပ်လျက်နေရာမှ တစ်ချပ်စီ တွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ယခုအခါတွင် ညောင်ရမ်းကြီးသမီး ကျောက်စာနှစ်ချပ်ကို ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင် ထိန်းသိမ်းထားသည်။

**အလှူမှတ်တမ်းကျောက်စာ**

ညောင်ရမ်းကြီးသမီးကျောက်စာ နှစ်ချပ်အနက် မြောက်ဘက်ကျောက်စာချပ်သည် နှစ်မျက်နှာထိုး ကျောက်စာဖြစ်၍ စာကြောင်း ၂၉ ကြောင်း ရေးထိုးထားသည်။ တောင်ဘက်ကျောက်စာတွင် မျက်နှာတစ်ဖက်ရေးထိုးထားပြီး စာကြောင်းရေ ၃၄ ကြောင်းပါရှိသည်။

ကျောက်စာနှစ်ချပ်လုံးတွင် ကျောက်စာရေးထိုးသည့်ရက်ကို သက္ကရာဇ် ၆၀၄ ခု၊ ပိသျက်နှစ်၊ ပြာသိုလဆန်း ၃ ရက် တနင်္ဂနွေနေ့ဟု ရေးထိုးထားသည်။ မြောက်ဘက်ကျောက်စာတွင် ကက်သူကွယ်လွန်သည့်ရက်ကို သက္ကရာဇ် ၆၀၄ ခု၊ နတ်တော်လဆုတ် ၁၄ ရက် ကြာသပတေးနေ့၌ အတို့သခင် မင်းကက်သူ ပျံတော်မူ၏၊ ပျံတော်မူပြီဟု ရေးထိုးခဲ့သည်။ မိမိကိုယ်တိုင်ကိုလည်း အတို့သခင်မင်းမယား ညောင်ရမ်းကြီးသမီးဟု ဖော်ပြခဲ့သည်။

အလှူရှင်သည် မိမိလှူရခြင်း၏ ရည်ရွယ်ချက်ကို "အတည်မဲ့သောတရားကို ထိတ်လန့်၍၊ မိမိလင်နတ်ရွာလားသောမင်းကိုမြတ်နိုးစွာဖြစ်၍၊ ဘုရားတရားသံဃာကိုရည်၍၊အရပ်၃ပါးသာသနာတည်အံ့" ဟူ၍ဟု ရေးထိုးခဲ့သည်။ သာသနာတည်စေလိုသည့် အရပ် သုံးပါးကို ကျောက်စာတွင် တစ်ဆက်တည်း ရေးထိုးဖော်ပြထားရာ ထိုသုံးနေရာသည် ခင်ပွန်းသည် ကက်သူနှင့်အတူနေခဲ့သည့် အိမ်ရာကျောင်း၊



ညောင်ရမ်းကြီးသမီးကျောက်စာတွေ့ရှိခဲ့သည့် ထီးလိုမင်းလိုဘုရား

သခင်မဟာကဿပတောကျောင်းနှင့် မင်းမိကြီးအိုထက်ပြည့်သင်၏ အိမ်ရာကျောင်းတို့ဖြစ်ကြောင်း ကျောက်စာတွင် ရေးထိုးခဲ့သည်။

ညောင်ရမ်းကြီးသမီး ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းသုံးကျောင်းအနက် ပထမအိမ်ရာကျောင်းနေရာသည် ထီးလိုမင်းလိုဘုရား၏ အနောက်မြောက်ဘက် ပေ ၈၀၀ အကွာတွင်ရှိသည်။ ထိုနေရာသည် ကက်သူနှင့် ညောင်ရမ်းကြီးသမီးနေထိုင်ခဲ့သည့်နေရာဖြစ်၍ ထိုနေရာတွင် ကျောင်းဆောက်လှူဒါန်းသဖြင့် အိမ်ရာကျောင်းဟု အမည်တွင်ခဲ့သည်။

ဒုတိယအိမ်ရာကျောင်းသည် ရွှေစည်းခုံစေတီ၏ တောင်ဘက်နှင့် ဂူပြောက်ကြီးဘုရား၏ မြောက်ဘက်တွင်တည်ရှိသော တန်ဆောင်းဘုရားအနီးတွင်ရှိသည်။ ထိုနေရာသည် မင်းသားကက်သူ၏ မိခင်၏ အစ်မကြီး(မင်းမိကြီး)ဖြစ်သော အိုထက်ပြည့်သင်၏အိမ်နေရာတွင် ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဖြစ်သဖြင့် အိမ်ရာကျောင်းဟုပင် အမည်တွင်ခဲ့သည်။

သခင်မဟာကဿပတောကျောင်းသည် မင်းနန်သူရွာမြောက်ပိုင်းရှိ အနောက်ကဿပဘုရား၏ နောက် တောင်ဘက်တွင်ရှိသည်။ အနောက်ကဿပဘုရားသည် ပုဂံစေတီပုထိုးအမှတ်(၅၀၇) ဖြစ်၍ ထိုနေရာတွင် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သဖြင့် သခင်မဟာကဿပတောကျောင်းဟု အမည်တွင်ခဲ့သည်။

ထိုကျောင်းသုံးကျောင်းကို တောကျောင်း၊ အိမ်ကျောင်းနှင့် ငါးမျက်နှာကျောင်း(တဝ်ဝ်ကွ္လောင်၊ ဉာမ်ကွ္လောင်၊ ငါမျက်နှာကွ္လောင်)ဟု ကျောက်စာတွင် ရေးထိုးခဲ့သည်။ ကျောင်းသုံးကျောင်းကိုတည်ဆောက်ပြီးနောက် ကျောင်းရှိ ဘုရား၊ တရား၊ သံဃာအတွက် လယ်မြေနှင့် ကျွန်များကိုပါ လှူဒါန်းခဲ့သည်။

**မြောက်ဘက်ကျောက်စာ**

ညောင်ရမ်းကြီးသမီး၏ ကျောက်စာနှစ်ချပ်တွင် မြောက်ဘက်ကျောက်စာကို နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသည့်ဘုရားရှိခိုးစာကို ပထမဆုံးရေးထိုးထားသည်။ ထို့နောက် ကျောက်စာရေးထိုးသည့်ရက်ကို ဦးစွာမဖော်ပြဘဲ ခင်ပွန်းဖြစ်သူ ကက်သူ နတ်ရွာစံသည့်ရက်ကို မှတ်တမ်းပြုခဲ့သည်။

ခင်ပွန်းနတ်ရွာစံပြီး သုံးရက်မြောက်နေ့တွင် အလှူပြုခဲ့ပုံကို စာကြောင်းရေ ၈ ထိ ရေးထိုးထားသည်။ ထို့နောက် ခင်ပွန်းသည်နှင့်အတူနေခဲ့သည့် အိမ်ရာ၌ ဆောက်လုပ်သည့်ကျောင်းနှင့် ရတနာသုံးပါးကိုလှူသော လယ်စာရင်းကို ဖော်ပြထားသည်။ ထိုလယ်မြေ စာရင်းနှင့်ပတ်သက်၍ အမွေဆက်ခံရသော မြေ၊ ရွှေ၊ ငွေရတနာများရောင်း၍ရသောမြေ၊ အတိုးအရင်းပွားရသောမြေ စသဖြင့်ဖော်ပြခဲ့သည်။ ထိုသို့ရေးထိုးခြင်းသည် နောင်အခါ၌ လယ်မြေနှင့် ပတ်သက်သည့် အရှုပ်အထွေးပြဿနာများ မပေါ်ပေါက်စေရန် မှတ်တမ်းတင်ခဲ့ဟန်ရှိကြောင်း ယူဆကြသည်။

စည်သူမင်းက ကက်သူကိုပေးခဲ့သည့် ခန်တီးလယ် ပယ် ၂၀၀၊ ကက်သူမယား(ညောင်ရမ်းကြီးသမီး)၏ရွှေကို သခင်မင်းလှယူပြီး ရွှေဖိုးပေးသော ခေါင်နန်မုရင်းလယ် ပယ် ၁၀၀၊ ကျောင်းသို့လှူထားသည့်လှေကို ကဝရစ်သား ဘထွေးတော်က ဝယ်ယူပြီး လှေဖိုးပေးသော ပန်တင်လယ် ၆ ဟု ရေးထိုးခဲ့သည်။

စည်သူမင်းက သခင်ညောင်ရမ်းကြီးမယား (ညောင်ရမ်းကြီးသမီး၏မိခင်)ကိုပေးသော ပင်တင်လဲလယ်များအနက် မိမိအတွက်ရရှိသော ပယ် ၂၀၀၊ ကျောင်းသို့လှူထားသော ဆင်အယန်ဖြည်ကို ပြည်သူကြီးဝယ်ယူသည့် ဆင်ဖိုးပြည်လယ် ၅၀ ဟု ဖော်ပြခဲ့သည်။ ပြည်သူကြီးသည် ငစုံနှင့် ငရန်ပုန်ကန်သဖြင့် စစ်ဖြစ်ရာတွင်အသုံးပြုရန် ဆင်ကို ဝယ်ယူခြင်းဖြစ်ကြောင်းကိုလည်း ရှင်းလင်းထားသေးသည်။

ဆက်လက်၍ ကျစွာမင်းကြီးက ကက်သူကိုပေးသည့် ကြိုင်သရည် လယ်ပယ် ၂၀၀၀ အနက် ပယ် ၁၀၀၀ ကို ညောင်ရမ်းကြီးသမီးက ကျောင်းသို့လှူခဲ့သည်။ ညောင်ရမ်းကြီးသမီးသည် လယ်များအပြင် ဥယျာဉ်မြေများကိုလည်းလှူဒါန်းခဲ့ရာ လှူဒါန်းမှုအစုစုလယ်နှင့် ဥယျာဉ်ပေါင်းသည် ပယ် ၁၇၁၀ ဖြစ်သည်။

ကျောက်စာ စာကြောင်း ၂၁ မှ ၂၈ ထိ လယ်မြေခွဲဝေမှုကိုရေးထိုးထားရာ ခန်တီးလယ် ၁၀ ပယ်နှင့် ခေါက်နန်လယ်၁၀ပယ်ကို ဘုရားတရားသံဃာကို လုပ်ကျွေးသောသူ၊ ရဟန်းသံဃာတို့ကို သင်ကြားတတ်သောသူ၊ ဤ အိမ်ရာကျောင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ်၏အမိန့်ကို နာခံသောသူဟူသမျှ အမှုကိစ္စလုပ်ကိုင်ဆောင်ရွက်မှုအပေါ်မူတည်၍စားစေ၊ အပြစ်မရှိဟု ရေးထိုးခဲ့သည်။

မိမိလှူဒါန်းသည့် လယ်နှင့် ကျွန်များအားလုံးကို ထေရသခင်(ကျောင်းထိုင်ပုဂ္ဂိုလ်)သာလျှင် အုပ်စိုးပါစေဟု အပ်နှံခဲ့သည်။ ကျောင်းတွင် စာသင်သား ခုနစ်ယောက်ရှိ၍ မိမိလှူဒါန်းသည့် လယ်နှင့်ကျွန်များအနက် လယ်တစ်ပယ်ကို ဖြစ်စေ၊ ကျွန်တစ်ယောက်ကိုဖြစ်စေ လုယက်စားသောက်၊ နိုင်ထက်ဖျက်ဆီးသူအတွက် ကျိန်စာဆိုခဲ့သည်။

လုစားသောသူ၊ နိုင်ထက်ဖျက်ဆီးသောသူသည် ဘုန်းမကြီးပါစေနှင့်၊ အသက်မရှည်ပါစေနှင့် စသဖြင့်များစွာသော ကျိန်စာသင့်၍ ဦးခေါင်းထားရာမသိ၊ ပျက်စီးပြုန်းတီးပါစေ၊ နှစ်မကူး လမပြန်ကြီးစွာသော ဘေးသင့်ပါစေဟု ရေးထိုးခဲ့ပြီး နောက်ဆုံးစာကြောင်းတွင် ရတနာသုံးပါးကို အရေးအရာယူသောသူကားငါပေးသော ဆုမြတ်သုံးပါးရ၍ နိဗ္ဗာန်ပြည်ရောက်စေသောဝ်ဟု အဆုံးသတ်ထားသည်။

**တောင်ဘက်ကျောက်စာ**

ညောင်ရမ်းကြီးသမီး၏တောင်ဘက်ကျောက်စာတွင် နမောဗုဒ္ဓါယ၊ ဓမ္မာယ၊ သဃ်ာယာတိဟု အစချီ၍ သက္ကရာဇ် ၆၀၄ ခု၊ ပိသျက်နှစ်၊ နတ်တော်လဆုတ် ၁၄ ရက် ကြာသပတေးနေ့တွင် သခင်မင်းကက်သူမယား ညောင်ရမ်းကြီးသမီး သာသနာတည်သရွေ့ ဤအိမ်ရာကျောင်း၊ ဘုရားတရားသံဃာရတနာသုံးပါးကို လှူသောကျွန်ကားဟုရေးထိုးပြီး လှူဒါန်းသည့် ကျွန်အမည်စာရင်းကို ဖော်ပြခဲ့သည်။

ထိုကျွန်များတွင် ပန်းပွတ်၊ ပန်းတိမ်၊ ပန်းချီ၊ စာရေး၊ နွားထိန်း၊ ခဝါသည်၊ သစ်ဆွတ်ကျွန်၊ သစ်တောင်ကျွန်စသည့် ကျွန်အမျိုးမျိုးပါဝင်ခဲ့သည်။ ထူးခြားသည့်ကျွန်အမည်များသည် ငကမ်းယံ (ကမ်းခြေ တဝိုက်တွင်နေသူ)၊ ဦးငဖီး(ငဦးပြည်း၊ ခေါင်းတုံး)၊ ငခေါင်းတုံး(ဆံပင်၊ ဆံထုံးမရှိသူ)စသည့် အမည်များပါရှိသည်။ ကျွန်စာရင်းတွင် ပန်းအမည်ပေးထားသည့် ကြက်ရုံး၊ ခေါင်ရန်း စသည့်အမည်များလည်းပါရှိသည်။

ဤကျောက်စာတွင်လည်း ကျိန်စာကိုရေးထိုးထားရာ မြောက်ဘက်ကျောက်စာတွင် ရေးထိုးထားသည့် ကျိန်စာထက်ပိုမိုပြင်းထန်ကာ စာကြောင်းရေ ၂၇ မှ ၃၂ ထိ ရှည်လျားခဲ့သည်။

ငါ့အဆွေလည်းကောင်း၊ ငါ့ခင်ပွန်း၏အဆွေလည်းကောင်း၊ ပြင်ပလူလည်းကောင်း၊ ရဟန်းလည်းကောင်း၊ လူလည်းကောင်း၊ မိန်းမလည်းကောင်း၊ ယောကျ်ားလည်းကောင်း၊ လုစားတတ်သော နိုင့်ထက်မူလတ်သောသူကို လူတွင်ဘုန်းမကြီးစေ၊ အသက်မရှည်စေသတည်း။ မင်းဘေးသင့်စေသတည်း။ မီးဘေး၊ ရေဘေး၊ မိုးကြိုးပုဆိန်ဘေး၊ ဆင်ဘေး၊ မြင်းဘေး၊ မြွေဘေး၊ သစ်ကျား၊ လူဝံဘေး၊ သမားကု၍ မတတ်ရာသော အနာဘေး ကြီးစွာသင့်၍ သေလတ်စေသတည်းဟု ကျိန်ဆိုခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၁၅၆၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟုမ္မလင်း ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၁၅၆၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၁၀၈၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မုန်ညင်းနဲ့ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးကြပါတယ်။ မုန်ညင်းနဲ့ ပန်းနှမ်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းခရိုင်အတွင်း မုန်ညင်းနဲ့ပန်းနှမ်း ၁၀၈၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ မုန်ညင်းနဲ့ ပန်းနှမ်း ၁၅၆၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်းနဲ့ပန်းနှမ်း စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဟုမ္မလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် မြို့နယ်အလိုက် မုန်ညင်းနဲ့ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင်မုန်ညင်း ၁၃၇၁ ဧက၊ ပန်းနှမ်း ၁၄၆ ဧက၊ မိုပိုင်းလွတ်မြို့တွင် မုန်ညင်း ၄၁ ဧက၊ ပန်းနှမ်း ရှစ်ဧက စုစုပေါင်း ၁၅၅၆ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် မုန်ညင်း ၉၄၅ ဧက၊ ပန်းနှမ်း ၉၅ ဧက၊ မိုပိုင်းလွတ်မြို့တွင် မုန်ညင်းဧက ၄၀၊ ပန်းနှမ်း ငါးဧက စုစုပေါင်း ၁၀၈၅ ဧကဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးမှုကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် မုန်ညင်းနှင့်ပန်းနှမ်းကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

ထို့ထက်ပို၍ ကြောက်ဖွယ်ကောင်းသည့် ကျိန်စာအဖြစ် သွေးခဲအန်၍သေစေသတည်း၊ သေသော် အဝီစိငရဲကြီး၌ကျက်စေသတည်း၊ ဘုရားအဖြစ်လည်း မဖူးစေသတည်း၊ ကုသိုလ်ကံကြမ္မာအလျောက် လူဖြစ်ငြားတုံသော်လည်း နူသော၊ ဝဲသော၊ ကျိုးသော၊ ကန်းသော၊ နားပင်းသော၊ ရူးသော၊ တုံလှီသော၊ ခြေလက်တိုသော၊ နားနှာခေါင်းတိုသော၊ ပုဆိုးကြမ်းလည်တွင်ပတ်၍ ဖုန်းတောင်းစားသော်လည်း မစားရတတ်သော လူပြိတ္တာလျှင်ဖြစ်စေသတည်းဟု ရေးထိုးခဲ့သည်။ မြေကြီးကမ္ဘာကား အထက်လုစားသောသူ အောက်ဖြစ်ပါစေ(အဝီစိကျပါစေ)ဟု ရေးထိုးခဲ့သည်။ ကျိန်စာရေးထိုးပြီးနောက် စာကြောင်းရေ ၃၂ မှ ၃၄ အထိ ဆုတောင်းစာများရေးကာ ကျောက်စာကို အဆုံးသတ်ထားသည်။

**ကျောက်စာအရေးအသား**

ညောင်ရမ်းကြီးသမီးကျောက်စာကိုရေးထိုးသည့် ပုဂံခေတ်နှောင်းကာလတွင် ကျောက်စာပါ မြန်မာစာရေးထုံးသည် တည်ငြိမ်နေပြီဟု ဆိုနိုင်သည်။ ပုဂံခေတ်ကျောက်စာနှင့် မင်စာများတွင် တွေ့ရလေ့ရှိသည့်အတိုင်း စာလုံးအပိုထည့်သည့် ရေးဟန်များအဖြစ် စာပါ(စပါး)၊ မ္လစ်ဩက်(မြောက်) စသည်တို့ကို တွေ့ရှိရသည်။ ထူးခြားသောအသုံးအဖြစ် ဆင်းရဲကို ဆငြယ်၊ ပုဆိုးကြမ်းကို ပုဆိုဝ်ခြံဟုတွေ့ရှိရသည်။ နိဂ္ဂဟိတ်နှင့် မသတ်သည် အသံတူရေးထုံးဟုယူဆဟန်ကို ချံသာ (ချမ်းသာ)၊ စည်စိ(စည်းစိမ်)ဟုရေးထိုးခဲ့ပေသည်။ ထို့အတူ နှစ်မကူးလပြန်ဟူသည့်အသုံးသည် ယခုချက်ချင်းဟုအဓိပ္ပာယ်ရှိ၍ ဦးခေါင်းထားရာမရှိဟူသည့်အသုံးသည် ခေါင်းချစရာနေရာမရှိဟု ဆိုလိုခြင်းဖြစ်သည်။

ညောင်ရမ်းကြီးသမီးကျောက်စာ အရေးအသားစကားပြေသည် ရှင်းလင်းလွယ်ကူ၍ အလှူရှင်၏ခံစားချက်ကိုပေါ်လွင်အောင် ရေးထိုးနိုင်သကဲ့သို့ တစ်စတစ်စ တိုးတက်ဖွံ့ဖြိုးလာသည့် မြန်မာစာဝေါဟာရများကို သက္ကရာဇ် ၆၀၄ ခုနှစ်တွင် ရေးထိုးခဲ့သည့် ဤကျောက်စာတွင် ထည့်သွင်းရေးထိုးခဲ့သည်။ ညောင်ရမ်းကြီးသမီးကျောက်စာသည် အလှူမှတ်တမ်းတစ်ခုပင်ဖြစ်သော်လည်း ကြောက်ဖွယ်ကျိန်စာများဖြင့် မိမိအလှူကို ဘေးရန်အပေါင်းမှကာကွယ်တားဆီးခဲ့ခြင်းသည် ပုဂံခေတ်၏ အလှူဓလေ့တစ်ခုဟု သုံးသပ်နိုင်ခဲ့ပေသည်။

**ကိုးကား**

**- ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ(ဦးငြိမ်းမောင်)**

**- ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၁)(နီတွတ်)**

## နှစ်သစ်ဆုတောင်း

– ဆောင်းနှင့်အတူ အေးစေကြောင်း
ဘေးဘယာအပေါင်း အဝေးခွာ၊
နှစ်သစ်မှာ နှုတ်ခွန်းဆက်လို့
ညွှန်းဖွဲ့မေတ္တာ၊
တို့ကမ္ဘာကြီး ငြိမ်းချမ်းကာ
စိမ်းလန်းဖြာ ဥယျာဉ်တို့၊
အန္တရာယ်တွေ ဝေးစေကြောင်း
ဆုတောင်းကြစို့။

– ငြိမ်းချမ်းရေး ပန်းတိုင်သို့
လှမ်းကိုင်လို့ အောင်မြင်စေ၊
သာရကာ ကျေးငှက်တို့
တေးသံများဝေ၊
ပွင့်သောပန်းတိုင်း လန်းပါစေ
စခန်းဌာနေ သာစေကြောင်း၊
ပန်းမျိုးစုံ တင့်တယ်လှလို့
ပွင့်ကြဆုတောင်း။

– ဥတုရာသီ မှန်စေကြောင်း
မိုးလေကောင်း ကန်ရေဖြာ၊
စပါးဆန်ဆီ သစ်ဝါးတို့
ပေါများလျှံကာ၊
ကြာမျိုးစုံတို့ ကန်အလယ်မှာ
ရန်စွယ်ခွာ ဖူးငုံပွင့်၊
ဗုဒ္ဓသာသနာ နေပမာတောက်လို့
စိန်ကျောက်လိုတင့်။ ။

ပန်းမာလာ

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ ကွယ်လွန်မှု တရုတ်သမ္မတ ဝမ်းနည်းစကားပြောကြား



ပေကျင်း ဒီဇင်ဘာ ၃၁

ကွယ်လွန်သူ အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာ အတွက် များစွာဝမ်းနည်းမိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ကွယ်လွန်သူ သမ္မတဟောင်း ဂျင်မီကာတာသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က တရုတ်-အမေရိကန် သံတမန်ဆက်ဆံရေး ထူထောင်ရေးအတွက် နောက်ကွယ်မှတွန်းအားဖြစ်ခဲ့ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဝမ်းနည်းကြောင်း သဝဏ်လွှာ၌ ဖော်ပြထားသည်။

အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာသည် ဒီဇင်ဘာ ၂၉ ရက်တွင် ဂျော်ဂျီယာပြည်နယ် ပလိန်းစ်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၁၀၀ ရှိပြီဖြစ်သည်။

ဂျင်မီကာတာ သမ္မတရာထူး ရယူထားသော ၁၉၇၇ ခုနှစ်မှ ၁၉၈၁ခုနှစ်ကြား ကာလအတွင်း အမေရိကန်အစိုးရသည် တရုတ်အစိုးရနှင့် တရားဝင်သံတမန် ဆက်ဆံရေးစတင်ထားရှိခဲ့သည်။

သမ္မတ ဂျင်မီကာတာ အစိုးရသည် ၁၉၇၈ ခုနှစ်တွင် တရုတ်အစိုးရ၏ တရုတ်တစ်ပြည်ထောင်မူဝါဒကို လက်ခံရန်နှင့် တရုတ် (တိုင်ပေ)နှင့် တရားဝင်သံတမန်ဆက်ဆံရေးကို ဖြတ်တောက်ရန် ဆုံးဖြတ်ခဲ့ရာ တရုတ်-အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အလှည့်အပြောင်းတစ်ရပ် ဖြစ်ခဲ့ရသည်။

သမ္မတဟောင်း ဂျင်မီကာတာ၏ နိုင်ငံတော်ဈာပနအခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပရန် အမေရိကန်အစိုးရက စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပျက်ကျခဲ့သည့် အဇာဘိုင်ဂျန်လေယာဉ်မှ မှတ်တမ်းတင်ကိရိယာများ ဘရာဇီးသို့ပေးပို့

ဆော်ပေါ်လို ဒီဇင်ဘာ ၃၁

ကာဇက်စတန်နိုင်ငံသည် ပြီးခဲ့သည့်ရက်သတ္တပတ်က ပျက်ကျခဲ့သော အဇာဘာရေးယာဉ်ခရီးသည်တင်လေယာဉ်မှ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာကို ကာဇက်စတန်တာဝန်ရှိသူများက ဘရာဇီးနိုင်ငံသို့ပို့ဆောင်ထားကြောင်း ဒီဇင်ဘာ ၃၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများမှ သတင်းအချက်အလက်များကို ဘရာဇီးလေကြောင်း ကျွမ်းကျင်သူများက ဆွဲထုတ်ရယူ၍ လေယာဉ်ပျက်ကျမှုအကြောင်းရင်းကို စစ်ဆေးဖော်ထုတ်မည်ဖြစ်သည်။

အဇာဘိုင်ဂျန် လေကြောင်းလိုင်း ဘရာဇီးနိုင်ငံထုတ် အမ်ဘရေယာ အမျိုးအစားခရီးသည်တင် လေယာဉ်သည် ဒီဇင်ဘာ ၂၄ ရက်က ကာဇက်စတန်နိုင်ငံ အက်တော မြို့အနီး ပျက်ကျခဲ့ရသည်။

အဆိုပါလေယာဉ်သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့မှ ရုရှားနိုင်ငံ ဂရော့ဇနီမြို့သို့ပျံသန်းသည့် ခရီးစဉ်အတွင်း ကာဇက်စတန်နိုင်ငံ၌ ပျက်ကျခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ် ပျက်ကျမှုကြောင့် ယင်းလေယာဉ်ဖြင့် လိုက်ပါလာသူ ၃၈ဦးသေဆုံးခဲ့ရကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရုရှားသမ္မတထံ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးဆုတောင်းသဝဏ်လွှာပေးပို့



ပြုံယမ်း ဒီဇင်ဘာ ၃၁

ရုရှားနှင့် မြောက်ကိုရီးယား ကြား ဘက်ပေါင်းစုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်မြှင့်တင်မည် ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ဒီဇင်ဘာ ၃၀ ရက်တွင် ကတိပေးလိုက်သည်။

ရုရှားသမ္မတပူတင်ထံသို့ပေးပို့ခဲ့သည့် နှစ်သစ်ကူးနှုတ်ခွန်းဆက် သဝဏ်လွှာ၌ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအတိုင်း ကတိပြုခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ရုရှားနှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်မြှင့်တင်ရန် ဆန္ဒရှိကြောင်း သမ္မတပူတင်ထံပေးပို့ခဲ့သော နှစ်သစ်ကူးသဝဏ်လွှာ၌ ကင်ဂျုံအန်က ပြောကြားထားခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ်သည် ရုရှားတပ်မတော်နှင့် ပြည်သူများက နာဇီလက်သစ် အင်အားစုများ အပေါ် အောင်ပွဲရမည့်နှစ်ဖြစ်ပါစေကြောင်း မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်၏ နှစ်ကူးသဝဏ်လွှာတွင် ဆန္ဒပြုထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားသမ္မတပူတင်တို့သည် ယခုနှစ်ဇွန်လအတွင်း ကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲတစ်ပွဲတွင် နှစ်နိုင်ငံကာကွယ်ရေး သဘောတူ စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးထားသည်။

ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား မဟာမိတ်ဆက်ဆံရေးမှာလည်း ပို၍ခိုင်မာအားကောင်း လာခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# (၁၁)ကြိမ်မြောက် ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်



မော်စကို ဒီဇင်ဘာ ၃၁

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ယခုနှစ်၏ (၁၁)ကြိမ်မြောက် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို ဒီဇင်ဘာ ၃၀ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၀ ရက် အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှုကို အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ရုရှားနှင့် ယူကရိန်းတို့က ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုအစီအစဉ် အရယူကရိန်းအကျဉ်းသား ၁၈၉ဦး ပြန်လည် လွတ်မြောက်လာဟု ယူကရိန်းသမ္မတ ဇီလန်စကီးက အတည်ပြု ကြေညာထားကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၃၀ ရက် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို ရုရှားကာကွယ်ရေး ဝန်ကြီးဌာနကလည်း အတည်ပြုထားသည်။

အဆိုပါအကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုတွင် ရုရှားအကျဉ်းသား ၁၅၀ ပြန်လည်လွတ်မြောက်လာကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနှင့် ယူကရိန်းတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုများ အကြိမ်ကြိမ်ပြုလုပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့လူဦးရေစုစုပေါင်း၇၁သန်း ထပ်တိုးလာကြောင်း အမေရိကန်အစိုးရလူဦးရေသန်းခေါင်စာရင်းဗျူရို သတင်းထုတ်ပြန်

နယူးယောက် ဒီဇင်ဘာ ၃၁

ကမ္ဘာ့လူဦးရေ စုစုပေါင်းမှာ ၂၀၂၄ ခုနှစ်တွင် ၇၁ သန်းထပ်တိုးလာခဲ့ပြီး ၂၀၂၅ ခုနှစ် နှစ်သစ်ကူးနေ့တွင် ကမ္ဘာ့လူဦးရေစုစုပေါင်းမှာ ၈ ဒသမ ၀၉ ဘီလီယံထိရှိလာလိမ့်မည်ဖြစ်ကြောင်း အမေရိကန် အစိုးရလူဦးရေ သန်းခေါင်စာရင်း ဗျူရိုက သတင်းထုတ်ပြန် ထားသည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ တိုးနှုန်းမှာ ၂၀၂၃ ခုနှစ်ကထက် အနည်းငယ်ကျဆင်းခဲ့ပြီး သုညဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ လူဦးရေတိုးနှုန်းအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကမ္ဘာ့လူဦးရေစုစုပေါင်းမှာ၈ ဒသမ ၀၉ ဘီလီယံသို့ရောက်ရှိလာမည် ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့လူဦးရေမှာ လူပေါင်း ၇၅ သန်းထိ ထပ်တိုး ခဲ့ကြောင်း အမေရိကန်အစိုးရက တွက်ချက်ထားသည်။

အမေရိကန်နိုင်ငံ၏ လူဦးရေ စုစုပေါင်းမှာမူ ၂၀၂၅ ခုနှစ် နှစ်သစ် ကူးနေ့တွင်၃၄၁သန်းထိရှိလာမည် ဖြစ်ကြောင်း သိရသည်။

အလားတူ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် တစ်ကမ္ဘာလုံးအတိုင်း အတာအရ တစ်စက္ကန့်လျှင် ၄ ဒသမ ၂ ဦးနှုန်းမွေးဖွား၍ သေဆုံး သူ နှစ်ဦးနှုန်းထိ ရှိနိုင်ကြောင်း အမေရိကန် လူဦးရေသန်းခေါင် စာရင်းဗျူရိုက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အာကာသယာဉ်နှစ်စင်း ချိတ်ဆက်မှုနည်းပညာစမ်းသပ်ရေးဂြိုဟ်တု နှစ်စင်းကို အိန္ဒိယအမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ခဲ့



**နယူးဒေလီ ဒီဇင်ဘာ ၃၁**

အာကာသယာဉ်နှစ်စင်း ချိတ်ဆက်မှုနည်းပညာ စမ်းသပ်ရေး ဂြိုဟ်တုနှစ်စင်းကို အိန္ဒိယအမျိုးသားအာကာသ အေဂျင်စီက ဒီဇင်ဘာ ၃၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် အိန္ဒိယနိုင်ငံအတွက် ပထမဆုံးသော အာကာသယာဉ်များ ချိတ်ဆက်မှု စမ်းသပ်ရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

အာကာသယာဉ်များ ချိတ်ဆက်မှု စမ်းသပ်ရေးဂြိုဟ်တုနှစ်စင်းကို အိန္ဒိယ အာကာသအေဂျင်စီက PSlV ဒုံးပျံကိုသုံး၍ ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Spa Dex ဟူ၍အမည်ပေးထားသော အထက်ပါမစ်ရှင်တွင် ပါဝင်သည့် ဂြိုဟ်တုနှစ်စင်းသည် ကမ္ဘာပတ်လမ်းပေါ်သို့ ရောက်ရှိချိန်တွင် အာကာသယာဉ်နှစ်စင်း အလိုအလျောက်စနစ်ဖြင့် ချိတ်ဆက်မှုနည်းပညာကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

အာကာသယာဉ်များ ချိတ်ဆက်မှုနည်းပညာသည် အိန္ဒိယနိုင်ငံ၏ အာကာသစခန်းတည်ဆောက်ရေးရည်မှန်းချက်အတွက် အရေးတကြီးလိုအပ်သော နည်းပညာဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ဘာရာတိယာအနီတာရီကတ်ရှိ အမည်ရှိ အာကာသစခန်းကို တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## K2-18b နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်၌ သက်ရှိများကသာထုတ်ပေးတတ်သည့် ဓာတ်ငွေ့များတည်ရှိနေ

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

K2-18b အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်၌ သက်ရှိများကသာ ထုတ်ပေးတတ်သည့် ဓာတ်ငွေ့များတည်ရှိနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသော သတင်းအချက်အလက်များအရ K2-18b ဂြိုဟ်၏လေထုလွှာအတွင်း ဒိုင်မီသိုင်းဆာလ်ဖိုက် အမည်ရှိ ဓာတ်ငွေ့တစ်မျိုးရှိနေကြောင်း သိရသည်။

ဒိုင်မီသိုင်းဆာလ်ဖိုက် ဓာတ်ငွေ့သည် သက်ရှိများ၏ ဇီဝပြောင်းလဲမှုများကြောင့် ပေါ်ထွက်လာနိုင်သော ဓာတ်ငွေ့တစ်မျိုးဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဒိုင်မီသိုင်းဆာလ်ဖိုက် ဓာတ်ငွေ့သည် K2-18b ဂြိုဟ်ပေါ်မှသက်ရှိများ၏ သဲလွန်စလည်းဖြစ်



နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

ထို့ပြင် K2-18b ဂြိုဟ် လေလွှာထဲတွင် မီသိန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့ ကာဗွန်ဆောင်မော်လီကျူးများလည်း ရှိနေသည်ဖြစ်ရာ ၎င်းဂြိုဟ်ပေါ်၌ သမုဒ္ဒရာရေထုတည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

ကမ္ဘာမြေနှင့်အလင်းနှစ် ၁၂၄ နှစ် အကွာတွင်တည်ရှိသည့် K2-18b ဂြိုဟ်ကို နာဆာ၏ ကတ်ပလာ အာကာသ ရေဒီယိုတယ်လီစကုပ်က ၂၀၁၉ ခုနှစ်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၃၀၀ ကျော်ရှိသည့် သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်းများ အင်္ဂလန်နိုင်ငံတောင်ပိုင်း ဒေဗွန်ဒေသ၌ ရှာဖွေတွေ့ရှိထား

**လန်ဒန် ဒီဇင်ဘာ ၃၁**

အင်္ဂလန်နိုင်ငံ တောင်ပိုင်း ဒေဗွန်ဒေသ၌ သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၃၀၀ ကျော်ရှိသည့် သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းမှာ နှစ်ပေါင်း ၃၇၇ သန်းထိ ရှိပြီဖြစ်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

Lycopsids ဟူ၍အမည်ပေးထားသည့် ၎င်းသစ်ပင်များသည် ယနေ့ခေတ် ထန်းပင်များနှင့်ပုံစံချင်းဆင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Lycopsids အပင်များသည် အမြင့် ၁၃ ပေထိရှိတတ်ပြီး မြေအောက်၌ ကျောက်မီးသွေးများ ပေါ်ထွက်လာရေးအတွက် အထောက်အကူပြုခဲ့သော အပင်များဖြစ်ကြကြောင်း သိရသည်။

Lycopsids အပင်ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခြင်းဖြင့် ဒေဗွန်ဒေသ၏ အတိတ်ကာလဆင့်ကဲပြောင်းလဲမှုများကို ဖော်ထုတ်ရာတွင် အကျိုးပြုနိုင်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဒေဗွန်ဒေသကို လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက မီးတောင်ကျွန်းများနှင့် မီးတောင်ကျွန်းများပေါ်၌ ပေါက်ရောက်နိုင်သည့်အပင်များရှိခဲ့ရာဒေသအဖြစ် သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အထိုင်များသူများ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်လျှင်ပင် နောက်ဆက်တွဲကျန်းမာရေးပြဿနာနှင့်ရင်ဆိုင်ရဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၃၁**

အထိုင်များလွန်းသူများအနေဖြင့် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခဲ့လျှင်ပင် အထိုင်များလွန်းမှု၏ နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများနှင့် ရင်ဆိုင်ရဖွယ်ရှိနေဆဲဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

တစ်ရက်လျှင် ၁၀ နာရီခွဲနှင့်အထက် ထိုင်ချိန်လှဲချိန်ရှိသူများအနေဖြင့် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးသည့်တိုင် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို တားဆီးနိုင်ဖွယ်မရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အထိုင်များလွန်းမှု ပြဿနာသည် နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေ၊ နှလုံးကျန်းမာရေးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အထူးသဖြင့် တစ်ရက်လျှင် ထိုင်ချိန်၊ လှဲချိန် ၁၀ ဒသမ ၆ နာရီထိရှိသူများတွင် နှလုံးကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ ပိုမိုမြင့်မားလာတတ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အလားတူ တစ်ရက်လျှင် ထိုင်ချိန်၊ လှဲချိန် ၁၀ ဒသမ ၆ နာရီနှင့်အထက် ရှိသူများအနေဖြင့် လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်သည့်တိုင် နှလုံးကျန်းမာရေးပြဿနာများကို အလုံအလောက် တားဆီးနိုင်မှုမရှိဟု သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကာဘိုဟိုက်ဒရိတ်ပါဝင်မှုနည်းသော ဓာတ်စာများက ပုံစံ-၂ ဆီးချိုလူနာများ၏ သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို ထိန်းချုပ်ပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၃၁**

ကာဘိုဟိုက်ဒရိတ် ပါဝင်မှုနည်းပါးသော ဓာတ်စာပုံစံများသည် ပုံစံ-၂ ဆီးချိုလူနာများ၏ သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို ထိန်းချုပ်ပေးနိုင်ကြောင်း ဒီဇင်ဘာ ၃၀ ရက်သတင်း များအရ သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ နှလုံးရောဂါ၏နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်သည့် သွေးအတွင်း ကိုလက်စထရော စုစည်းမှုအဆင့် မြင့်မားလာနိုင်ခြေရှိနေတတ်ကြောင်း သိရသည်။


သို့ဖြစ်ရာ အစဉ်အလာအားဖြင့် ကာဘိုဟိုက်ဒရိတ်ပါဝင်မှု မြင့်မားပြီး အဆီဓာတ်ပါဝင်မှု နည်းပါးသော ဓာတ်စာများကို ပုံစံ-၂ ဆီးချိုလူနာများအတွက် အသင့်လျော်ဆုံးဓာတ်စာအဖြစ် မှတ်ယူခဲ့ကြသည်။

သို့ရာတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ ကာဘိုဟိုက်ဒရိတ်ပါဝင်မှု မြင့်မားသော၊ အဆီဓာတ်ပါဝင်မှု မြင့်မားသော ဓာတ်စာပုံစံများသည်လည်း ပုံစံ-၂ ဆီးချိုလူနာများကို ကျန်းမာရေးအရ အကျိုးပြုနိုင်သည်။

ပုံစံ-၂ ဆီးချိုလူနာများသည် ကာဘိုဟိုက်ဒရိတ်ပါဝင်မှု လျှော့ချထားသော ပရိုတင်းနှင့်အဆီဓာတ်တိုးထားသော ဓာတ်စာများကို စားသုံးပါက သွေးအတွင်းကိုလက်စထရောစုစည်းမှုအဆင့်ကို ထိန်းထားနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ပလိုင်းမောက်အသင်းက နည်းပြရွန်းနီကို ရာထူးမှထုတ်ပယ်ကြောင်း အတည်ပြုကြေညာ

**လန်ဒန် ဒီဇင်ဘာ ၃၁**



အင်္ဂလန် ချန်ပီယံရှစ်ကလပ် ပလိုင်းမောက်အသင်းကရလဒ်များ ဆိုးရွားနေသည့်အတွက် အသင်းနည်းပြရွန်းနီကို ရာထူးမှထုတ်ပယ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

နည်းပြရွန်းနီသည် ပြီးခဲ့သည့် မေလက ပလိုင်းမောက်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းကို ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်း မရှိသည့်အတွက် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။

နည်းပြရွန်းနီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင်မန်ယူအသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့ပြီး စံချိန်မှတ်တမ်းကောင်းများစွာ ပိုင်ဆိုင်နိုင်ခဲ့သော်လည်း နည်းပြဘဝတွင် အောင်မြင်မှုမရရှိခဲ့ဘဲ ရုန်းကန်နေရခြင်းဖြစ်သည်။

နည်းပြရွန်းနီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ဒါဘီအသင်းနှင့် နည်းပြဘဝသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်အသင်း၊ ဘာမင်ဂမ်အသင်း၊ ပလိုင်းမောက်အသင်း စသည့်အသင်းများကို အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ခြင်းဖြစ်သည်။

ပလိုင်းမောက် အသင်းအနေဖြင့် အင်္ဂလန်ချန်ပီယံရှစ် ပြိုင်ပွဲတွင် နည်းပြရွန်းနီလက်အောက် ၂၃ ပွဲကစားခဲ့ရာ လေးပွဲသာ အနိုင်ရရှိခဲ့ပြီး ခြောက်ပွဲသရေ ရလဒ်နှင့် ၁၃ ပွဲရှုံးနိမ့်ခဲ့ကာ ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံး၌ ရပ်တည်နေသည်။

Ref : Fabrizio Romano
Trs : STA

# ဘာစီလိုနာအသင်း ခံစစ်ကစားသမား လန်ဂလက်ကို အပြီးသတ်ခေါ်ယူရန် အေတီကိုအသင်းကြိုးပမ်း

**မက်ဒရစ် ဒီဇင်ဘာ ၃၁**

အေတီကိုအသင်းသည် ဘာစီလိုနာအသင်းမှ အငှားခေါ်ယူထားသည့်ခံစစ်ကစားသမားလန်ဂလက်ကို အပြီးသတ်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ခံစစ်ကစားသမား လန်ဂလက်သည် နွေရာသီအပြောင်းအရွှေ့ကာလက အေတီကိုအသင်းသို့ အငှားဖြင့်ရောက်ရှိခဲ့ပြီး စာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့်မပါရှိဘဲ ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးမှာ ယူရို ၁၀ ဝန်းကျင်သာရှိ၍ ခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

လန်ဂလက်သည် ဘာစီလိုနာအသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မှစာချုပ်ကုန်ဆုံးမည်ဖြစ်ပြီး နည်းပြသစ် ဖလစ်၏ အနာဂတ်စီမံကိန်းတွင် ပါဝင်ခြင်းမရှိသဖြင့် အေတီကိုအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး ဘာစီလိုနာအသင်း၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။

အသက် ၂၉ နှစ်ရှိ လန်ဂလက်သည် အေတီကိုအသင်းသို့ရောက်ရှိခဲ့ပြီးနောက် နည်းပြဆီမွန်နီ၏ ယုံကြည်မှုကိုရရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၃ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် အေတီကိုအသင်းက လာမည့်အပြောင်းအရွှေ့တွင် အပြီးသတ်ဝယ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အေတီကိုအသင်းသည် အောက်တိုဘာ ၂၈ ရက်က ကစားခဲ့သည့် ဘတ်တစ်အသင်းနှင့် ပွဲစဉ်တွင် ရှုံးပွဲကြုံခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲစုံတွင် ရှုံးပွဲမရှိတော့သည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း ဇယားထိပ်၌ ဦးဆောင်လျက်ရှိကြောင်း သိရသည်။

Ref : Barcablaugranes
Trs : ML



# Brisbane International တင်းနစ်ပြိုင်ပွဲပထမအဆင့်တွင် ဆားဘီးယားကစားသမားဂျိုကိုဗစ်က ဟိုင်ဂျီကာတာကို အနိုင်ရရှိ

**ဘရစ္စဘိန်း ဒီဇင်ဘာ ၃၁**

သြစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင်ကျင်းပနေသည့် Brisbane Internationalတင်းနစ်ပြိုင်ပွဲပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က သြစတြေးလျတင်းနစ် ကစားသမား ဟိုင်ဂျီကာတာနှင့် ယှဉ်ပြိုင်ကစားသွားခဲ့ရာဂျိုကိုဗစ်က (၆-၃၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



၂၀၂၅ ခုနှစ်အတွက် ပထမဆုံးသော တင်းနစ်ပြိုင်ပွဲတစ်ပွဲဖြစ်သည့် Brisbane International တင်းနစ်ပြိုင်ပွဲသည် သြစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲအတွက် အကြိုပြိုင်ပွဲအနေဖြင့် ကျင်းပပေးသည့် ပြိုင်ပွဲဖြစ်ပြီး ဂျိုကိုဗစ်က သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်လို၍ ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က ၂၀၂၅ခုနှစ် တင်းနစ်ရာသီကိုလည်း ဆုဖလားဖြင့် ဖွင့်လိုသည့်အတွက်ကြောင့် Brisbane International တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ဂျိုကိုဗစ်သည် ၂၀၂၅ ခုနှစ်တင်းနစ်ရာသီတွင် ဂရန်းစလန်းဆုဖလား ရယူလိုသည့်အတွက်ကြောင့် ပြင်ဆင်မှုများပြုလုပ်ထားသလို ပြိုင်ဘက်ဟောင်းဖြစ်ခဲ့သူ ဗြိတိန်တင်းနစ်ကစားသမားဟောင်း အင်ဒီမာရေးကိုပင် နည်းပြအဖွဲ့တွင် ငှားရမ်းအားဖြည့်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ဘာစီလိုနာအသင်းက အဓိကကွင်းလယ်ကစားသမားအိုမိုနှင့် ပေါလ်ဗစ်တာတို့အတွက် ကစားသမားစာရင်းမှတ်ပုံတင်ရန် ဒုတိယအကြိမ်အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရ

**လန်ဒန် ဒီဇင်ဘာ ၃၁**

ဘာစီလိုနာအသင်းက အသင်းမှ အဓိက ကွင်းလယ်ကစားသမား အိုမိုနှင့် လူငယ်ကစားသမား ပေါလ်ဗစ်တာတို့ကို လက်ကျန်ဘောလုံးရာသီအတွက် အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ရန်အတွက် ဘာစီလိုနာစီးပွားရေးတရားရုံးထံ ဒုတိယအကြိမ်အယူခံ ဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် အသင်းဘဏ္ဍာရေး အကျပ်အတည်းနှင့် ကြုံတွေ့နေခဲ့ရသည့်အတွက် ယခုနှစ်ဘောလုံးရာသီ စတင်ချိန်ကတည်းက အိုမိုကိုကစားသမားမှတ်ပုံတင်နိုင်ရန်အတွက် ခက်ခဲခဲ့ပြီး ပထမရာသီဝက်အတွက်သာ ကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းအနေဖြင့် အသင်းဘဏ္ဍာရေးအကျပ်အတည်းကို မဖြေရှင်းနိုင်သေးသောကြောင့် လာမည့် လက်ကျန် ဘောလုံးရာသီဝက်အတွက် အိုမိုကို အသင်းကစားသမားစာရင်း မှတ်ပုံတင်နိုင်ခြင်းမရှိသေးသကဲ့သို့ လူငယ်ကစားသမား ပေါလ်ဗစ်တာကိုလည်း မှတ်ပုံတင်နိုင်ခြင်း မရှိသေးသည့်အတွက် ဘာစီလိုနာစီးပွားရေးတရားရုံးထံ ပထမအကြိမ်အယူခံတင်သွင်းခဲ့သော်လည်း ပယ်ချခံခဲ့ရသကဲ့သို့ ယခုအခါတွင်လည်း ဒုတိယအကြိမ် ထပ်မံပယ်ချခံခဲ့ရသောကြောင့် ဘာစီလိုနာအသင်းအတွက် ၎င်းတို့နှစ်ဦးကို မှတ်ပုံတင်သွင်းနိုင်ရေး အသင်းဝင်ငွေဖြည့်တင်းရန် လိုအပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းအနေဖြင့် အိုမိုနှင့် ပေါလ်ဗစ်တာတို့ကို ယနေ့ နောက်ဆုံးထားပြီး အသင်းကစားသမားစာရင်း မှတ်ပုံတင်သွင်းနိုင်ခြင်း မရှိပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည့် အခြေအနေကြောင့် အိုမိုကိုလာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းအပါအဝင် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းများက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စောင့်ကြည့်လျက် ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# နည်းပြကွန်စီကာအိုကို နှစ်နှစ်ခွဲစာချုပ်ဖြင့် အေစီမီလန်အသင်းခေါ်ယူ

**မီလန် ဒီဇင်ဘာ ၃၁**

အေစီမီလန်အသင်းသည် နည်းပြဖွန်စီကာ၏နေရာတွင် ပေါ်တိုအသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြကွန်စီကာအိုကို နှစ်နှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်းသိရသည်။

လက်ရှိတွင်အေစီမီလန်အသင်းသည် နည်းပြကွန်စီကာအိုနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိသော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်ထိ စာချုပ်သက်တမ်းလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

၎င်းသည် နည်းပြဘဝတွင် ပေါ်တူဂီကလပ် ဟိုဟာမ်နန်စီ၊ အကယ်ဒမီယာ၊ ဘရာဂါ၊ ဂွီမာရေ့စ်၊ ပေါ်တိုအသင်းတို့ကို တာဝန်ယူခဲ့ရာတွင် ပေါ်တိုအသင်းနှင့်အတူ အောင်မြင်မှုရခဲ့ကြောင်း သိရသည်။

အေစီမီလန် အသင်းသည် နည်းပြဖွန်စီကာ လက်ထက်တွင် ပြိုင်ပွဲစုံ ၂၄ ပွဲ၌ ၁၂ ပွဲသာနိုင်ပွဲရခဲ့ပြီး ပုံစံကောင်း ပျောက်ဆုံးခဲ့သောကြောင့် ရာထူးမှထုတ်ပယ်ခံခဲ့ရပြီး အသင်းတာဝန်ရှိသူများက ၎င်းနေရာတွင် ပေါ်တိုနည်းပြဟောင်း ကွန်စီကာအိုနှင့် အစားထိုးခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ၌ ရလဒ်ပိုင်းဆိုးရွားနေသည့် အေစီမီလန်အသင်းသည် လာမည့် သောကြာနေ့တွင် အီတလီစူပါဖလား ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဂျူဗင်တပ်အသင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံတွင် ကစားရမည်ဖြစ်ကာ အဆိုပါပွဲစဉ်ကို နည်းပြသစ်ကွန်စီကာအိုက စတင်တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# လွတ်လပ်ရေးအမွေကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရာတွင်

မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာ့နိုင်ငံတိုင်းတွင် ထူးခြားသောနေ့ရက်များ ရှိကြသည်။ ထိုနေ့ရက်များအနက် လွတ်လပ်ရေးနေ့သည် တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ဖူးသောနိုင်ငံအတွက် များစွာအရေးပါလျက်ရှိသည်။ လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် အသက်၊ သွေး၊ ချွေး၊ အချိန်၊ ငွေကြေးများစွာ ပေးဆပ်ခဲ့ကြရမည်ဖြစ်သည်။ လူသားတို့သည် လွတ်လပ်ရေး၏တန်ဖိုးကို မလွတ်လပ်သောအချိန်မှသာ သိရှိကြသည်။ ထိုအချိန်သည် လွန်စွာအချိန်နှောင်းသွားပြီဖြစ်သည်။

ရှေးမြန်မာဘိုးဘွားဘီဘင်တို့သည် မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော လွတ်လပ်ရေးအမွေထားရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျရောက်တော့မည်ဖြစ်သည်။ ထိုနေ့တွင် နိုင်ငံတစ်ဝန်း၌ လွတ်လပ်ရေးအောင်ပွဲများ ကျင်းပကြမည်ဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် လွတ်လပ်ရေး၏တန်ဖိုးကို လူငယ်များ သိရှိတန်ဖိုးထားတတ်စေရန် မြန်မာ့သမိုင်းကြောင်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတို့ကို ပြောဆိုဆွေးနွေး၊ ရေးသားတင်ပြမှုများပြုလုပ်ပေးသင့်သည်။

**ခန့်ညားထည်ဝါခဲ့**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် မားမားမတ်မတ်ရပ်တည်ခဲ့သည့် သမိုင်းအထောက်အထားများ ခိုင်လုံစွာရှိနေသည်။ မြန်မာအစ တကောင်းကဟုဆိုနိုင်သည်။ လွန်ခဲ့သော ဘီစီ ၆၀၀ ခန့်က ဧရာဝတီမြစ်အရှေ့ဘက်ကပ်လျက်ရှိသော သပိတ်ကျင်းနေရာတစ်ဝိုက်တွင် တကောင်းမြို့ကို စတင်တည်ခဲ့သည်ဟု မှတ်သားဖူးသည်။ ထို့နောက် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း စသည့် မြို့ပြနိုင်ငံများကို ခန့်ညားထည်ဝါစွာ ထူထောင်နိုင်ခဲ့သည်။

ထို့ပြင် အနော်ရထာမင်းကြီးသည် အေဒီ ၁၀၄၄ မှ ၁၀၇၇ အတွင်း ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည်။ မြောက်ဘက်တွင် တရုတ်ပြည်၊ အရှေ့မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် မလေးကျွန်းဆွယ်ထိ ကျယ်ပြန့်ခဲ့သည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုမူ ဘုရင့်နောင်မင်းတရားကြီးက အေဒီ ၁၅၅၁-၁၅၈၁ ခုနှစ်တွင် လည်းကောင်း တည်ထောင်နိုင်ခဲ့သည်။ နိုင်ငံအကျယ်အဝန်းသည် ပထမမြန်မာနိုင်ငံတော်ထက် ကျယ်ဝန်းသည်။ ဇင်းမယ်၊ အယုဒ္ဓယနှင့် လင်းဇင်းနယ်တို့ထိ ပါဝင်ခဲ့သည်။

ထို့နောက် အလောင်းမင်းတရားကြီးသည် အေဒီ ၁၇၅၂ မှ ၁၇၆၀ ပြည့်နှစ်အတွင်း တတိယမြန်မာနိုင်ငံတော်ကြီးကို ကျယ်ပြောစွာထူထောင်ခဲ့သည်။ ထိုစဉ်က ယိုးဒယားနိုင်ငံထိ အာဏာချဲ့ထွင်နိုင်ခဲ့သည်။ နှစ်ပေါင်း ၁၃၀ ကျော် တည်တံ့ခဲ့သည်။ ထို့နောက် ကုန်းဘောင်နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက်၌ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် သူ့ကျွန်ဘဝ လုံးလုံးလျားလျားကျရောက်ခဲ့ရသည်။

ထိုသို့ ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ရောက်ရှိမှသာ လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့သည်။ ကိုလိုနီတို့သည် ၁၈၂၄ ခုနှစ်ကတည်းက အောက်မြန်မာနိုင်ငံကို စတင်ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၀ ကျော်ကြာမြင့်သည်။ ထိုကာလများသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက်ကုပ်သွေးစုပ်မှုဒဏ်များကို ခါးစည်းခံခဲ့ရသည့် ပင်ပန်းကြမ်းတမ်းသောနေ့ရက်များပင်ဖြစ်သည်။

**တွန်းလှန်တိုက်ခိုက်**

မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားသူရဲကောင်းများသည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ပြီးဆိုကတည်းကပင် ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့တို့ကိုအသက်ပေးကာ နည်းလမ်းပေါင်းစုံဖြင့် တိုက်ထုတ်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်၏အုပ်စိုးမှုကို မခံလိုသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားပြည်သူများသည် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့များကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

ထိုအချိန်က ဦးဥတ္တမ၊ ဗိုလ်ရာညွန့်၊ ပုဂံဗိုလ်ချို၊ နတ်မောက်ဗိုလ်မင်းရောင်၊ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ ချင်းတောင်ဒေသမှ ဗိုလ်ဆွန်ပက်၊ ရှမ်းပြည်နယ်မှ မိုးနဲစော်ဘွား၊ ကျိုင်းတုံစော်ဘွား၊ မိုင်းပွန်စော်ဘွား၊ ကချင်ပြည်နယ်မှ ဖုန်ကန်ဒူးဝါး၊ ဆမားဒူးဝါး၊ ကယားပြည်နယ်မှ စောလဖော်၊ ဝနယ်မှ စောမဟာတို့သည် ဗြိတိသျှတို့ကို အသက်ပေးတော်လှန်တိုက်ခိုက်ခဲ့ကြသည်။ သို့သော် စနစ်တကျစုစည်းတိုက်ခိုက်ခြင်းမရှိသည့်အပြင် လက်နက်အင်အားကွာခြားမှုကြောင့် အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ မည်သို့ပင်ဆိုစေ နယ်ချဲ့များကို တော်လှန်လိုသည့်စိတ်ဓာတ်နှင့် လွတ်လပ်ရေးရယူလိုသည့်စိတ်ဓာတ်ကိုမူ လုံးဝမစွန့်လွှတ်ခဲ့ပေ။ အခွင့်ရေးရလျှင် ရသလို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

> ❖လွတ်လပ်ရေး၏တန်ဖိုးကို မလွတ်လပ်သောအချိန်မှသာ သိရှိကြသည်။ တိုင်းရင်းသားပြည်သူများသည် အသက်သွေးချွေးပေါင်းများစွာပေးဆပ်ကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြရသည်။ ထိုလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရေးသည် မျိုးဆက်သစ်များ၏ တာဝန်ပင်ဖြစ်သည်။ သွေးစည်းညီညွတ်မှုမရှိဘဲ အမှုမဲ့အမှတ်မဲ့သာနေထိုင်နေမည်ဆိုလျှင် ရရှိထားသောလွတ်လပ်ရေးသည် တစ်ခဏအတွင်းဆုံးရှုံးသွားနိုင်သည်။ ❖

ထို့နောက် တိုင်းရင်းသားများကြား မျိုးချစ်စိတ်ဓာတ်နိုးကြားရှင်သန်လာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း စသည့် လူထုအခြေပြုအဖွဲ့အစည်းများဖွဲ့စည်းလှုပ်ရှားလာခဲ့ရာ မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့သည်။ ထိုစဉ်က တပ်မတော်၏ဖခင်ဖြစ်သည့်အပြင် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာလည်းဖြစ်သော အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးလျက် အမျိုးသားရေးလှုပ်ရှားမှုများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။

သခင်အောင်ဆန်းသည် နယ်ချဲ့တို့၏ဖမ်းဆီးမှုမှ လွတ်မြောက်အောင် လိမ္မာပါးနပ်စွာရှောင်ရှားလျက် လွတ်လပ်ရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့ရသည်။ ထို့ပြင် လွတ်လပ်ရေးအတွက် နယ်ချဲ့ကိုတွန်းလှန်တိုက်ထုတ်ရာတွင် စနစ်တကျလေ့ကျင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေတ်မီစစ်လက်နက်ပစ္စည်းများရရှိမှသာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားအကူအညီရရှိရေးအတွက် ပြည်ပသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရသည်။

၁၉၂၀ ပြည့်လွန်နှစ်များမှစ၍ လူငယ်များကြားတွင် မျိုးချစ်စိတ်ဓာတ် ပိုမိုပြင်းထန်လာခဲ့သည်။ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး စသည့်အသင်းကြီးများဖွဲ့စည်းကာ လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် အမျိုးသားရေးလှုပ်ရှားမှုများဖြစ်သည့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများထဲတွင် မျိုးချစ်စိတ်ဓာတ်ပြင်းထန်ပြီး လွတ်လပ်ရေးကိုအရယူသွားမည်ဆိုသော သံမဏိစိတ်ဓာတ်ကိန်းအောင်းနေသည့် လူငယ်တစ်ဦး ပေါ်ထွန်းလာခဲ့သည်။ ထိုသူကား အခြားမဟုတ်ချေ။ ပြည်သူအားလုံး၏ ရင်ထဲတွင် ကိန်းအောင်းလျက်ရှိသည့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။

ထိုစဉ်က သခင်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ရသည်။ ထို့နောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာကိုပင်ပေးဆပ်ကာ တိုက်ခိုက်သွားမည်ဟု သစ္စာဆိုလျက် လက်မောင်းသွေးဖောက်သောက်ပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(Burma Independence Army-BIA)ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့နောက် မဟာမိတ်များကိုတိုက်ခိုက်ရေးအတွက် မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများခွဲ၍ဝင်ရောက်ခဲ့ကြသည်။ ထိုစဉ်က တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ပေးလိုသောပြည်သူများသည် ကိုယ်ကျိုးမဖက်ဘဲ တပ်မတော်အတွင်းသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြသည်။ မျိုးချစ်မြန်မာများသည်တပ်မတော်ကို အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပြီး အင်အားတောင့်တင်းခိုင်မာအောင် စုဖွဲ့လေ့ကျင့်ကာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာ့လွတ်လပ်ရေးကြီး ပြန်လည်ရရှိသည်ထိ ကြိုးပမ်းနိုင်ခဲ့ကြသည်။

**အားလုံးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး**

သို့သော် နယ်ချဲ့ကိုလိုနီတို့ သွေးခွဲအုပ်ချုပ်ခဲ့သည့် အမွေဆိုးနှင့် နိုင်ငံရေးအယူဝါဒအမျိုးမျိုးကြောင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း နိုင်ငံတစ်ဝန်း၌ လက်နက်ကိုင်သောင်းကျန်းသူများ ပေါ်ထွက်လာခဲ့သည်။ ထို့ကြောင့် အစိုးရအဆက်ဆက်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြသည်။ လက်ရှိအချိန်ထိ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့တို့ကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသားတိုင်းသည် တိုင်းပြည်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းထားနိုင်ရန် ကိုယ်စီတာဝန်ရှိကြသည်။ ထိုတာဝန်ကို ကျေပွန်ရန်အတွက် နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားသင့်ပေသည်။ လွတ်လပ်ရေး၏ တန်ဖိုးကို မလွတ်လပ်သောအချိန်မှသာ သိရှိကြသည်။ တိုင်းရင်းသားပြည်သူများသည် အသက်သွေးချွေးပေါင်းများစွာပေးဆပ်ကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြရသည်။ ထိုလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရေးသည် မျိုးဆက်သစ်များ၏တာဝန်ပင်ဖြစ်သည်။ သွေးစည်းညီညွတ်မှုမရှိဘဲ အမှုမဲ့အမှတ်မဲ့သာ နေထိုင်နေမည်ဆိုလျှင် ရရှိထားသောလွတ်လပ်ရေးသည် တစ်ခဏအတွင်းဆုံးရှုံးသွားနိုင်သည်။

**နိုင်ငံတကာကို သင်ခန်းစာယူသင့်**

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အသက်တမျှ အရေးပါလျက်ရှိသည်။ စည်းလုံးညီညွတ်မှုအင်အားချည့်နဲ့ယိုယွင်းလာသောနိုင်ငံသည် အဘက်ဘက်မှ အနှောက်အယှက်ဒုက္ခများ ကျရောက်လာမည်ဖြစ်သည်။ ... အင်အားကြီးနိုင်ငံများသည် ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံငယ်များ၊ အထူးသဖြင့် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းပြည်ချစ်သည့်စိတ်ဓာတ်ချည့်နဲ့နေသောနိုင်ငံများကို လိုသလို အသုံးချနေကြပြီဖြစ်သည်။

ပြည်သူအချင်းချင်းစိတ်ဝမ်းကွဲနေသောနိုင်ငံများကို ပြည်ပနိုင်ငံများက လွယ်ကူစွာဝင်ရောက်စွက်ဖက်လေ့ရှိကြသည်။ သာဓကအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများကို ကြည့်နိုင်သည်။ ထိုနိုင်ငံများသည် လွတ်လပ်ရေးမဆုံးရှုံးရသေးသော်လည်း ခိုင်မာသောအစိုးရတစ်ရပ်မရှိသဖြင့် အပြစ်မဲ့ပြည်သူများသည် ဒုက္ခပင်လယ်ဝေနေကြသည်။ ပြည်သူများသည် နေအိမ်စွန့်ခွာကာ ရွှေ့ပြောင်းဒုက္ခသည်များအဖြစ် ရပ်တည်နေကြရပြီး ကျီးလန့်စာစားဘဝမျိုးမှပင် လွတ်မြောက်နိုင်ခြင်း မရှိကြသေးချေ။

**လွတ်လပ်ရေးအမွေကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရာတွင်**

လွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၇ နှစ် ပြည့်မြောက်တော့မည်ဖြစ်သော်လည်း တစ်နိုင်ငံလုံးလွှမ်းခြုံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်စွမ်းမရှိသေးပေ။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကိုအကြောင်းပြု၍ ပေါ်ထွက်ထားသော PDF အမည်ခံအကြမ်းဖက်သမားများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့သည် လူသတ်၊ မိုင်းထောင်၊ ဗုံးခွဲ၊ မီးရှို့ စသည့်အကြမ်းဖက်တိုက်ခိုက်များလုပ်ဆောင်လျက်ရှိရာ တိုက်ပွဲဖြစ်ပွားရာဒေသများ၌ ပြည်သူများ အတိဒုက္ခရောက်လျက်ရှိသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများကိုလည်း ဖျက်ဆီးလျက်ရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာရလျက်ရှိသည်။

စင်စစ်အားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံလည်းအစိတ်စိတ်အမွှာမွှာပြိုကွဲသွားနိုင်ပေသည်။ ဆိုလိုသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် မြန်မာနိုင်ငံ၏မြေပုံသည် ကမ္ဘာ့မြေပုံပေါ်တွင် မပြောင်းမလဲ ဆက်လက်တည်ရှိနိုင်မည်ဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုများကြားရေပက်မဝင်သောစည်းလုံးညီညွတ်မှုကိုသာ ခိုင်မာစွာတည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အားတောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာနေသောနိုင်ငံကို မည်သည့်နိုင်ငံကမျှ ကျူးကျော်ရန်စဝံ့မည်မဟုတ်ချေ။ ဆိုလိုသည်မှာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ပြုစား ရုပ်ရှင်ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်



ရန်ကုန် ဒီဇင်ဘာ ၃၁

ရွှေမြန်မာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ပြုစား ရုပ်ရှင်ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

အဆိုပါပြုစား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လူညီချော နှင့် မယ်မင်းဘုံ တို့က ရေးဖွဲ့ထားပြီး မယ်မင်းဘုံက ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာအဖြစ်ပါ တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒါရိုက်တာ မယ်မင်းဘုံ ဆိုရင် အလောင်ဇာတ်လမ်းတွေ ကြိုက်ကြတဲ့ ပရိသတ်တွေက မှတ်မိနေကြမှာပါ။ သူရိုက်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေ၊ ရုပ်ရှင်ဇာတ်ကားတွေက အထူးမိတ်ဆက်စရာ မလိုဘူးလို့ ထင်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားမှာလဲ အချစ်ကြောင့် ပြုစားမှာလား၊ အမုန်းကြောင့် ပြုစားမှာလား၊ ဘယ်လောက်ထိ ပြုစားထားသလဲ၊ဘယ်သူက ဘယ်သူ့ကို ပြုစားမှာလဲဆိုတာ စိတ်ဝင်စားစရာမို့ စောင့်ကြည့်ပေးကြပါအုံး" ဟု ခိုင်နှင်းဝေက ပြောပြသည်။

ပြုစား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ရှိန်းတင်ထူး၊ စိုးမြတ်သူဇာ၊ ခိုင်နှင်းဝေ၊ ရတနာဗို၊ ခြူးလေးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# The Chronicles of Narnia ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် ရုံတင်ပြသရန်စီစဉ်ထား

နယူးယောက် ဒီဇင်ဘာ ၃၁

The Chronicles of Narnia ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် ရုံတင်ပြသရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် The Chronicles of Narnia ဇာတ်ကား ရုံတင်ပြသမည့် ရက်ကို Netflix ကုမ္ပဏီက တရားဝင် ကြေညာထားခြင်းမရှိသေးပေ။

The Chronicles of Narnia ဇာတ်ကားသည် Barbie ဇာတ်ကားကို ရိုက်ကူးခဲ့သော အမျိုးသမီး ဒါရိုက်တာ ဂရီတာဂျားဝစ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။


အဆိုပါဇာတ်ကားကို စာရေးဆရာ စီအက်လူးဝစ်၏ The Chronicles of Narnia ဝတ္ထုကို အခြေခံ၍ ရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် The Chronicles of Narnia ဇာတ်ကား၏ အသေးစိတ် အချက်အလက်များကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ဂရီတာဂျားဝစ်သည် Netflix ကုမ္ပဏီအတွက် The Chronicles of Narnia ဇာတ်ကားနှစ်ကားထိရိုက်ကူးပေးရန်သဘောတူထားကြောင်းလည်း သိရသည်။

Ref : Sputnik News

Trs : KKO



# အမှောင်ထုအလွန် Beyond The Dark ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်လွှင့်ပြသမည်



ရန်ကုန် ဒီဇင်ဘာ ၃၁

HEY Play Application က မူပိုင်ဇာတ်ကားအဖြစ် အမှောင်ထုအလွန် Beyond The Dark ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထွန်းထွန်းက ပြောပြ၍ သိရသည်။

အမှောင်ထုအလွန် Beyond The Dark ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို MSY က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က HEY Play Application အတွက် တာဝန်ယူပုံဖော် ရိုက်ကူး ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ဇာတ်လမ်းတွဲ မဟုတ်ပါဘူး။ မိနစ် ၉၀ စာ တစ်ပိုင်းတည်း ဗီဒီယိုဇာတ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားရဲ့ ပေးချင်တဲ့ မက်ဆေ့ကတော့ လူဆိုး တစ်ယောက် အဆုံးသတ်ဖို့ နောက်ထပ် လူဆိုးတစ်ယောက် ထပ်လိုလေမလား ဆိုတာပါပဲ။ ၂၀၂၅ ခုနှစ် နှစ်သစ်ရဲ့ ပထမဆုံး ရက်မှာ ထုတ်လွှင့်ပြသမှာမို့ကြည့်ရှုအားပေး ဝေဖန် အကြံပေးကြပါအုံး"ဟု သရုပ်ဆောင်ထွန်းထွန်းက ပြောပြသည်။

အမှောင်ထုအလွန် Beyond The Dark ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ထွန်းထွန်း၊ မေမီကျော်ကျော်၊ မေရီမျိုးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး HEY Play Application တစ်ခုတည်းတွင်သာ ထုတ်လွှင့်ပြသသွားမည့် ဇာတ်ကားသစ်ဖြစ်ကြောင်း သိရသည်။ ASH

# Nosferatu ဇာတ်ကား ရုံတင်ပြီးငါးရက်အတွင်း ဝင်ငွေ ကန်ဒေါ်လာ ၄၀ ဒသမ ၃ သန်းရရှိ

နယူးယောက် ဒီဇင်ဘာ ၃၁

Focus Feature ရုပ်ရှင်ကုမ္ပဏီ၏ Nosferatu ထိတ်လန့်သည်းဖို ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမငါးရက်အတွင်း စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၃ သန်းထိ ရရှိထားကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Focus Feature ရုပ်ရှင်ကုမ္ပဏီသည် Nosferatu ဇာတ်ကားကို ဒီဇင်ဘာ ၂၄ ရက်က စတင်ကာ ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Nosferatu ဇာတ်ကားကို ဒါရိုက်တာ ရောဘတ်အဂ္ဂါက တာဝန်ယူ ရိုက်ကူးပေးထားပြီး မင်းသားဘီစကားဂါက ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် Nosferatu (1937) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Focus Feature ရုပ်ရှင်ကုမ္ပဏီသည် Nosferatu ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၅၀ သုံးစွဲထားသည်။

Nosferatu ဇာတ်ကားသည် ဥရောပအလယ်ခေတ်ကို နောက်ခံထား၍ ရိုက်ကူးထားသော သွေးစုပ်ဖုတ်ကောင် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# ပုဇွန်တောင်မြို့နယ်ရှိ Izana Art Gallery တွင် ပန်းချီဆရာနှစ်ဦး၏ AD 2025 Historic Duet Art Exhibition ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Izana Art Gallery တွင် ပန်းချီဆရာနှစ်ဦး၏ AD 2025 Historic Duet Art Exhibition ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ ဇန်နဝါရီ ၈ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း Izana Art Gallery မှ ပန်းချီဆရာ ကောင်းကျော်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ AD 2025 Historic Duet Art Exhibition သည် မြန်မာပန်းချီလောကမှ အထင်ကရပန်းချီဆရာကြီး နှစ်ဦး၏ ပထမဆုံး အကြိမ် ပူးတွဲပြသသည့် Art Exhibition လည်းဖြစ်ပြီး ၎င်းပြပွဲတွင် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၇၀ ခန့် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၅ ခုနှစ် နှစ်သစ်မှာ မြန်မာ့ပန်းချီ လောကရဲ့ အထင်ကရ ပန်းချီဆရာ နှစ်ယောက်ဖြစ်တဲ့ ဆရာ မောင်ဒီနဲ့ ဆရာ အောင်မြင့်တို့ရဲ့ AD 2025 ပန်းချီပြပွဲကို ပြသသွားမှာဖြစ်ပါတယ်။ ဆရာမောင်ဒီ၊ ဆရာအောင်မြင့်တို့ကို ချစ်ခင်လေးစားကြသူတွေ၊ ဆရာတို့ရဲ့ အနုပညာလက်ရာကို တန်ဖိုးထားကြတဲ့သူတွေကို လေးစားစွာ ဖိတ်ခေါ်အပ်ပါတယ်"ဟု ပန်းချီ ကောင်းကျော်ခိုင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄)လက်မ၊ (၂၄x၂၄)လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံးငွေကျပ် ၁၀ သိန်းမှ ငွေကျပ်သိန်း ၄၀ ထိ ရှိကြောင်း သိရသည်။ ASH

# New Year greetings extended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing on the occasion of the New Year on 1 January 2025

On this occasion of the New Year 2025, I would like to extend my warmest greetings to all national brethren residing within Myanmar. May you all be blessed with good health, peace of mind, and the fulfillment of your aspirations.

Since taking the responsibilities of the State, the State Administration Council has envisioned the path forward for the nation by setting visions, the Roadmap and objectives. Through our steadfast efforts, we are now witnessing significant achievements in reaching our goals. This has been possible thanks to the active and cooperative support of our people. While the journey ahead may bring challenges, difficulties, and obstacles, I firmly believe that we can overcome them through the united strength and collective efforts of all of us.


Senior General Min Aung Hlaing extends New Year greetings.

Those who wish ill upon our citizens have targeted various aspects of urban and rural security and economic sector throughout 2024, aiming to disrupt and destroy them. These actions stem from ignorant individuals whose deeds harm their own communities and regions. They exploit noble values such as ethnicity, equality, and democracy, using them as a pretext for terror acts that ultimately degrade their own people and areas. We must work together to prevent and put a stop to such actions.

We successfully enumerated the population and housing census in 2024. Moreover, we successfully hosted the fifth National Sports Festival, laying a strong foundation for elevating the country's sports standards. We have also made significant progress in the nation's development to a certain extent. These achievements were made possible due to the dedicated efforts of those who have been working selflessly and courageously for peace and stability of the State, defence, non-disintegration of the Union, rule of law, and strengthening of democracy. I would like to express my deep respect and honour to the heroic Tatmadaw members, Myanmar Police Force members, people's militia, war veterans, civil servants and all citizens who sacrificed their lives and limbs. These acts will remain as part of our historical records and serve as a testament to the enduring patriotism and unity of our people. In our country, armed conflict remains a challenge. My aim is solely to resolve these conflicts for the benefit of the nation and the people, fostering a stable and peaceful environment. This must be achieved through political means that the people desire, including dialogue and negotiation. These approaches can establish stability and peace, while also improving economic and social conditions. However, while the leaders of armed groups often claim to pursue democracy under various pretexts, in reality, they are driven by self-interest and continue to perpetuate armed conflicts. Similarly, some ethnic leaders, though speaking of federal rights and ethnic rights, turn a blind eye to the essence of democracy and instead work toward the disintegration of the Union. It is important to carefully balance what is desirable and feasible, and to act in accordance with democratic principles for the benefit of the Union. The inability to resolve armed conflicts in our country is partly due to the differing paths taken with various common objectives. To address these issues, we all need to move forward resolutely along the path of democracy through firm spirit. I would also like to urge our people to encourage armed groups to join the democratic path.

In this world, whether it's a country or a national, in order to survive and thrive, it is essential to possess the ability to defend oneself and to continuously enhance our capabilities. If we cannot sustain our lives and our stability through our own efforts, it could lead to a weakened sovereignty of the nation and potentially result in subjugation to others. To remain steadfast as an independent nation and to avoid becoming subordinate to others, all citizens of the country must unite in solidarity. In times when the nation faces threats, the Tatmadaw, which bears the primary responsibility for national defence, and the people must work together firmly. With patriotism, unity, and unwavering courage, we must protect the nation with determination and strive for its long-term stability and development.

As for me, I am striving to successfully organize a free and fair election, which is an ultimate goal of the State Administration Council. Efforts are also being made to bring the nation back onto the correct democratic path. Therefore, I urge our citizens to unite and actively participate in ensuring the success of the election based on the patriotism and national spirit demonstrated in 2024. Let us all work together so that 2025 becomes a year of victory for the people, reaching the democratic goal all citizens aspire to, and make this a testament to our collective efforts.

I wish all my fellow national brethren of Myanmar, to nurture mutual kindness and work together for the benefit of the nation and our people. Wishing you all a Happy New Year!

# Hezbollah threatens action if Israel fails to withdraw by ceasefire deadline

**Beirut December 31**

Mahmoud Qomati, deputy head of Hezbollah's Political Council, said on Monday that Hezbollah would not "remain silent" if Israel fails to withdraw from Lebanese territories by the end of the 60-day ceasefire agreement.

"Hezbollah is committed to the 60-day ceasefire with Israel for the sake of our people. But we will not remain silent if Israel does not withdraw from Lebanese territories by day 60" Qomati told Hezbollah-affiliated Al-Manar TV.

"As for the agreement, it is clear: either everyone commits, or no one does," he added.

Qomati also ruled out disarming Hezbollah, warning that such a move would lead Lebanon into chaos. He stated that Hezbollah could not allow Israel's occupation of land or its construction of settlements without resistance.

The ceasefire, brokered by the United States and France, came into effect on Nov. 27, aiming to end nearly 14 months of fighting between Israel and Hezbollah. The agreement requires Israel to withdraw from Lebanese territories within 60 days, with the Lebanese army taking over security control on the Lebanese-Israeli border and in southern Lebanon.

Despite the ceasefire, Israel's military continues to carry out daily airstrikes in Lebanon, some of which have resulted in casualties. Israel said these strikes were to prevent violations from Hezbollah.

Xinhua

# Feature: Small hands, big dreams: Namibia's youth find harmony in orchestral music

**Windhoek December 31**

With elegant strokes of her violin, 18-year-old Twani Fredericks fills the classroom of the Youth Orchestras of Namibia (YONA) with captivating melodies. Her journey with the instrument embodies not only a deep passion but also the resilience required to chase her dream in a country where opportunities to study orchestral music are limited.

"Learning orchestral music here has shifted my mindset. Playing the violin brings peace to my heart. I love it," said Fredericks, who began her musical journey at age 11.

Fredericks is one of the many beneficiaries of YONA, which was founded in 2016 to nurture artistic talents in Windhoek, Namibia's capital. Since its inception, the program has empowered more than 600 children, addressing Namibia's gap in training orchestra musicians.

"Our mission is to bridge gaps and inspire hope, empowering children to build a better future," said Gretel Coetzee, YONA's director and co-founder. She said that orchestras in Namibia previously relied on musicians from neighboring countries, a practice YONA is gradually changing by nurturing local talent.

Namibia's Minister of Education, Arts and Culture Ester Anna Nghipondoka said programs like YONA are important in fostering young talent despite limited resources, stressing that such initiatives play a pivotal role in unlocking potential and shaping the futures of young people.

Xinhua

# Phaungpyin Township finishes cultivation of more than 2,000 acres of sunflower


A thriving sunflower plantation.

**Phaungpyin December 31**

The statistics of Mawlaik District mentioned that a total of 2,006 acres of croplands have been placed under sunflower in Phaungpyin Township of Sagaing Region this year.

Starting from October this year, local farmers have been growing sunflower on 2,006 acres of croplands against the target of 2,436 acres of land.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department commented: "Local authorities set a plan to grow 2,436 acres of sunflower in Phaungpyin Township but farmers planted 2,006 acres of sunflower. They are striving for meeting the target cultivation. Cultivation of sunflower aims to reduce import volume of palm oil abroad. Sunflower produces larger volume of oil than that of groundnut and sesame. Local farmers prefer to grow sunflower in cold season rather than monsoon."

Officials of Phaungpyin Township Agriculture Department conduct training courses for local farmers and agricultural staff to enhance their capacity of growing sunflower without any difficulties.

Moreover, the department arranges provision of quality seeds of sunflower to local farmers and sale of urea fertilizers at fair prices. Moreover, arrangements are being made to exchange quality seeds of sunflower among farmers. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Homalin Township finishes cultivation of vegetables on more than 2,000 acres of croplands

**Homalin December 31**

A total of 2,895 acres of croplands have been placed under vegetables in Holamin Township of Sagaing Region, according to the Homalin Township Agriculture Department.

Local authorities earmarked cultivation of 2,850 acres of vegetables in the township but farmers planted 2,895 acres against the target cultivation in 2024-25 cold season.

Daw Su Su Htwe, Head of Homalin Township Agriculture Department stated: "Farmers grew 2,895 acres of vegetables exceeding the target of 2,850 acres in Homalin Township. Farmers emphasize cultivation of mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage, ladyfinger and other crops. Our department helped farmers use GAP system in growing crops and raised farmer awareness to produce healthy vegetables with least chemical residues."

Officials of the Township Agriculture Department conducted the training courses for local farmers to grow vegetables in GAP system and produce healthy crops as well as expand sown acreage of vegetables.

Thanks to thriving of vegetable crops, local farmers in Homalin Township are convenient in operating their livelihoods and earn increased incomes for their families. Officials of the Township Agriculture Department disseminate techniques of making natural fertilizers and pests with the use of domestic raw materials. 206


A vegetable farm.

# Myaungmya Township finishes cultivation of more than 4,000 acres of winter paddy

**Myaungmya December 31**

A total of 4,520 acres of paddy has been planted in Myaungmya Township of Ayeyawady Region, said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

Township authorities earmarked 113,115 acres of paddy as cold season crops in Myaungmya Township this year but farmers have planted 4,520 acres of paddy from the first week of October this year. Officials of the Township Agricultural Department, Township Administration Body, relevant departments and local farmers are joining hands in growing summer paddy without difficulties.

Daw Khin Htay Myint disclosed: "Departmental officials and local farmers are trying their best to grow summer paddy to meet the target cultivation. Officials manage supply of water to the farmlands in summer. Moreover, officials raise farmer awareness to grow paddy with high yield with the use of quality strains of paddy."

Local farmers prefer to grow 90-day, Theehtetyin, Thai Baygya and 75-day paddy strains in winter. Officials of the Township Agriculture Department will provide necessary assistance for producing quality strains of paddy, boosting per-acre yield of crops, and preventing for farmers.

Kyaw Kyaw Lin


Farmers cultivating winter paddy in a field.

# More than 28,000 acres of chickpea grown in ChaungU Township

**ChaungU December 31**

ChaungU Township Agriculture Department stated that a total of 28,402 acres of croplands were placed under chickpea in ChaungU Township of Sagaing Region this year.

Local farmers started cultivation of chickpea on 28,402 acres of land in ChaungU Township in October this year against the target of 28,630 acres of land.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department, said: "Local authorities earmarked 28,630 acres of chickpea in the township but farmers have planted 28,402 acres of crops against the target. They are trying hard to meet the target cultivation. Sown acreage of chickpea is on the rise yearly. Our department provides quality seeds, inputs and post-harvest technology for local farmers."

Local farmers choose Yezin-8 and Yezin-11 strains of chickpea suitable for the region. They cost more than K300,000 per acre of growing chickpea.

This year, departmental officials cooperate with local farmers in growing chickpea with high yield strains of crops, agricultural inputs and other assistance in addition to trichoderma to boost per-acre yield of crop.

Sagaing Region operates the largest sown acreage of pulses and beans, and local farmers grow beans as cash crops. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်သစ်ကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းနိုင်ခဲ့



တရုတ်နိုင်ငံသည် ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်သစ်၏ ပထမဆုံးအကြိမ် ပျံသန်းမှုကိုလုပ်ဆောင်ခဲ့ပြီး အမေရိကန် နိုင်ငံ၏ လေကြောင်းစွမ်းအား သာလွန်ထားမှုအပေါ် စိန်ခေါ်အန်တုရန် ကြိုးပမ်း လုပ်ဆောင်ချက်များမှ သိသာထင်ရှားသော သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စီချွမ်ပြည်နယ်၌ ဒီဇင်ဘာ ၂၆ ရက်က ပုံမှန်မဟုတ်သော နောက်မြီးတောင်ပံ မပါရှိသည့် တိုက်လေယာဉ်တစ်စင်း ပျံသန်းနေမှုနှင့် အဆိုပါ တိုက်လေယာဉ်သစ်ကို စမ်းသပ်ပျံသန်းမှုအတွင်း J 20 ကိုယ်ပျောက်တိုက်လေယာဉ်က အစောင့်အဖြစ် နောက်မှလိုက်ပါ ပျံသန်းခဲ့သည်ဟု ဆိုရှယ်မီဒီယာများတွင် မျှဝေထားသည့် ဗီဒီယိုဖိုင်များနှင့် ဓာတ်ပုံများအရ သိရသည်။

တိုက်လေယာဉ်အသစ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသော်လည်း ရိုက်ကူးထားသော ဓာတ်ပုံများတွင် အသံထက်မြန်သော စူပါဆောနစ်အလျင်နှုန်းဖြင့် စွမ်းဆောင်ရည်မြင့်မားစွာ ပျံသန်းလုပ်ဆောင်နိုင်သည်ဟု မျက်မြင်နှင့်တွက်ဆနိုင်သည့် Delta Wing တောင်ပံနှစ်ခုဒီဇိုင်းအပါအဝင် ဆန်းသစ်သော အချို့အပြင်ပန်း အသွင်အပြင်များကို ထုတ်ဖော်ပြသခဲ့သည်။ တိုက်လေယာဉ်သစ်တွင် ရန်သူ့ရေဒါများက ရှာဖွေထောက်လှမ်းရန် ပိုမိုခက်ခဲစေမည့် အဆင့်မြင့် ကိုယ်ပျောက်စွမ်းဆောင်ရည်များ ပါရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်သူ မော်စီတုံး၏ မွေးနေ့နှင့် တိုက်ဆိုင်နေသော်လည်း စမ်းသပ်ပျံသန်းမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံကတရားဝင် အတည်ပြု ထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသည် အမေရိကန်လေတပ်၏ မျိုးဆက်သစ် Next Generation Air Dominance (NGAD) တိုက်လေယာဉ်ကို ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်သည့် ၎င်း၏ ဆဋ္ဌမမျိုးဆက် ကိုယ်ပျောက် တိုက်လေယာဉ်အတွက် စိတ်ကူးပုံဖော်ထားသော ဒီဇိုင်းပုံစံကို ထုတ်ဖော်ပြသခဲ့သည်။

တရုတ်နိုင်ငံ တိုက်လေယာဉ်သစ်၏ အင်္ဂါရပ်များထဲတွင် နောက်ပြန်ဆွဲအားကို လျော့နည်းစေပြီး စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့် ၎င်း၏ တောင်ပံမပါရှိသော နောက်မြီးဒီဇိုင်းဖြစ်သည်။ လေယာဉ်၏ ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းသည် အဆင့်မြင့် Fly-by-wire စနစ်များ၊ လှုပ်ရှားစစ်ကစားပျံသန်းနိုင်မှုများ ကောင်းမွန်စွာ လုပ်ဆောင်နိုင်စေမည့် လေကြောင်းနည်းပညာများနှင့် အံဝင်ခွင်ကျဖြစ်သည်ကို ပြဆိုနေခြင်းဖြစ်သည်။ ယခုကဲ့သို့ ဆဋ္ဌမမျိုးဆက်ကိုယ်ပျောက်တိုက်လေယာဉ်ကို အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ခဲ့မှုသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား ကွာဟချက်ပိုမိုကျဉ်းမြောင်းစေကာ လေကြောင်းစစ်ဆင်ရေးနည်းပညာ တိုးတက်ဖွံ့ဖြိုးမှုတွင် အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာမှုကို မီးမောင်း ထိုးပြနေခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန်နှင့် ကမ္ဘာ့လေကြောင်းစွမ်းအား ထိပ်တန်းနိုင်ငံများအပေါ် ယှဉ်ပြိုင်စိန်ခေါ်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှု ကတိကဝတ်များကို ပြသလိုက်ခြင်းလည်းဖြစ်သည်။

**China's Sixth–Gen Stealth Fighter Jet Takes Maiden Flight: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားတပ်ဖွဲ့များက ယူကရိန်း ဗုံးကြဲတိုက်ခိုက်ရေးဒရုန်းတစ်စင်းကို ပစ်ချနိုင်ခဲ့

ရုရှားတပ်ဖွဲ့များသည် Kherson ဒေသတွင် ယူကရိန်းတို့၏ အကြီးစား Baba Yaga အမျိုးအစား ဗုံးကြဲတိုက်ခိုက်ရေးဒရုန်း တစ်စင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်နှင့်တကွ ရုရှားနိုင်ငံကာကွယ် ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးကြဲတိုက်ခိုက်ရေး ဒရုန်းတစ်စင်းကို ဒေသတွင်း Kakhovka စစ်ဆင်ရေးလမ်းကြောင်းတွင် ရုရှားစစ်ဘက် မောင်းသူမဲ့လေယာဉ်တပ်ဖွဲ့၏ ကင်းထောက်မစ်ရှင် တစ်ခုအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ Baba Yaga အမျိုးအစား ဗုံးကြဲတိုက်ခိုက်ရေးဒရုန်းသည် Starlink ဂြိုဟ်တုဆက်သွယ်ရေးကိုအသုံးပြု၍ ဝင်ရောက်ပျံသန်းနေခြင်းဖြစ်ပြီး ရုရှားတပ်ဖွဲ့များ၏ အီလက် ထရွန်နစ်စစ်ဆင်ရေးစနစ်များ၏ သက်ရောက်မှုခံရခြင်း မတွေ့ရှိရကြောင်း ရုရှားစစ်ဘက်က ဂျာနယ်လစ်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

အခြေအနေကို အကဲဖြတ်ပြီး ရုရှားဒရုန်းအော်ပရေတာက ရန်သူ၏အကြီးစားတိုက်ခိုက်ရေးဒရုန်းကို တန်ပြန်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။ ထုတ်ပြန်ထားသော ဗီဒီယိုဖိုင်တွင် မြောက်ပိုင်းစစ်ရေယာဉ်စု မရိန်းတပ်ဖွဲ့မှ ဒရုန်းအော်ပရေတာသည် အဆင်ပြေသော လမ်းကြောင်းတစ်ခုမှ တန်ပြန်တိုက်ခိုက်ရေးဒရုန်းလွှတ်တင်၍ ရန်သူ့ဒရုန်းကို ပစ်ခတ်တိုက်ခိုက်ခဲ့ပုံကို ပြသထားသည်။ Quadcopter အမျိုးအစား Baba Yaga အကြီးစားတိုက်ခိုက်ရေးဒရုန်းသည် ရုရှားတပ်ဖွဲ့ဝင်များကို တစ်စုံတစ်ရာ ထိခိုက်ခြင်းမရှိဘဲ မြေပြင်သို့ ပျက်ကျခဲ့သည်ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Baba Yaga ဟူသော အမည်ကို ယူကရိန်းစစ်ဘက်က တိုက်ခိုက်ရေးရည်ရွယ်ချက်အတွက် ပြုပြင်မွမ်းမံထားသော အကြီးစားစက်မှုလုပ်ငန်းသုံး Quadcopter ဒရုန်းအမျိုးအစားကို ခေါ်ဝေါ်သုံးနှုန်းထားခြင်းဖြစ်သည်။



အဆိုပါ ဒရုန်းများသည် Pay-Load အများအပြားတင်ဆောင်၍ လမ်းကြောင်းပြစနစ်များကောင်းမွန်ကာ အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်စွမ်းရှိသည်။ အရွယ်အစားအားဖြင့် ကြီးမားပြီး ပန်ကာသံများ ဆူညံစွာထွက်ပေါ်၍ အလျင်နှုန်းနှေးနှေးဖြင့် အနိမ့်ပျံသန်းလေ့ရှိသည့်အတွက် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များအနေဖြင့် ပစ်ချဖျက်ဆီးရန် အတော်လေးလွယ်ကူကြောင်း သိရသည်။

ရုရှား လေကြောင်းကာကွယ်ရေးစနစ်များသည် ယူကရိန်းအထူးစစ်ဆင်ရေးရှေ့တန်းစစ်မျက်နှာနှင့် မသက်ဆိုင်သည့် ရုရှား လေပိုင်နက်များအတွင်း ဝင်ရောက်လာသော ဒရုန်း၊ မောင်းသူမဲ့လေယာဉ် ၅၇ စင်းအပါအဝင် စုစုပေါင်း ၁၀၄ စင်း၊ အမေရိကန်ထုတ် HIMARS ဒုံးကျည်သုံးစင်းတို့ကို ပစ်ချဖျက်ဆီးနိုင်ခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရန်သူဒရုန်းများကို ပစ်ချနိုင်စွမ်းသည် နှစ်နိုင်ငံလေပိုင်နက်နှင့် အရေးကြီးအခြေခံအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန် နှစ်ဖက်စလုံးအတွက် မဟာဗျူဟာမြောက် အရေးပါနေဆဲဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသော အပြန်အလှန်တာဝေး ပစ်ခတ်တိုက်ခိုက်မှုများသည် ခေတ်သစ်စစ်ဆင်ရေးများတွင် မောင်းသူမဲ့လေယာဉ်များ(UAV)၊ ဒရုန်းများအပေါ် မူတည်လျက်ရှိ သည်ကို သက်သေပြသလျက်ရှိပါတော့သည်။

ရုရှားဘက်မှလည်း ယူကရိန်း၏ စွမ်းအင် အခြေခံအဆောက်အအုံများနှင့် စစ်ဘက်စက်မှုလုပ်ငန်း အချက်အချာနေရာများကို ဝေဟင်၊ မြေပြင်နှင့် ရေပြင်တို့မှဒုံးကျည်များ၊ ဒရုန်းများ၊ အမြောက်တပ်ဖွဲ့များနှင့်အတူ နည်းဗျူဟာမြောက် လေကြောင်းတပ်ဖွဲ့မှ ဗုံးကြဲလေယာဉ်များ၊ တိုက်လေယာဉ်များပါဝင်၍ ပေါင်းစည်းတိုက်ခိုက်မှုများ လက်တုံ့ပြန်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**Russian forces take down Ukrainian bomber drone – MOD (VIDEO) ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူးဩဝါဒကထာ



နိုင်ငံတကာ နှစ်သစ်ကူးအခါသမယမှာ ဗုဒ္ဓဘာသာဝင် ဘုရားသားတော်တစ်ပါးအနေနဲ့ပြောရရင် "သဗ္ဗေသတ္တာ ကမ္မဿကာ" စကားကို ပြောချင်ပါတယ်။

သတ္တဝါတိုင်း သတ္တဝါတိုင်း ကိုယ်ပြုတဲ့ ကံအပေါ် မူတည်ပြီးဖြစ်နေကြတယ်၊ ကောင်းတဲ့သူဖြစ်လာတာလည်းပဲ ကံကောင်းခဲ့ကြလို့၊ မကောင်းတဲ့သူဖြစ်နေရတာကလည်း ကံမကောင်းခဲ့ကြလို့။

ကံဆိုတာ ဘေးကနေတစ်ဦးတစ်ယောက်ကဖန်ဆင်းလုပ်ဆောင်ပေးနေတာမျိုးကို ကံလို့မခေါ်ပါဘူး။ ကိုယ်လုပ်တဲ့ အလုပ်ကသာ ကိုယ့်ကံ၊ ကိုယ်ပြောတဲ့ အပြောကသာ ကိုယ့်ကံ၊ ကိုယ်စိတ်ကူးတဲ့ စိတ်ကူးကသာ ကိုယ့်ကံပါ။

ကိုယ့်အလုပ်၊ ကိုယ့်အပြော၊ ကိုယ့်စိတ်ကူးတွေက ကောင်းနေသမျှ ကာလပတ်လုံး အဲဒီလူကံကောင်းနေပါတယ်၊ တကယ်လို့များ အခန့်မသင့်လို့ ကိုယ့်အလုပ်တွေက ဆိုးသွားမယ်၊ ကိုယ့်အပြောတွေက ဆိုးသွားမယ်၊ ကိုယ့်စိတ်ကူးတွေက ဆိုးသွားမယ်ဆိုရင် အဲဒီလူကံဆိုးတော့တာပဲ။

ကံကောင်းရင်ရလာတဲ့ အကျိုးပေး၊ ကြုံရတဲ့အခြေအနေတွေက ကောင်းသလို ကံဆိုးရင်တော့လည်းရလာတဲ့အခြေအနေ ကြုံရတဲ့ရလဒ်တွေက ဆိုးတော့တာပါပဲ။

နှစ်သစ်ကူးတဲ့ အခုလို အခါသမယမှာ နှစ်သစ်ကူးအခါကစပြီး တို့အလုပ်တွေကို ကောင်းသည်ထက်ကောင်းအောင်ကြိုးစားရမှာပါလား၊ မကောင်းသေးရင် ကောင်းအောင်၊ ကောင်းရင်လည်း ကောင်းသည်ထက်ကောင်းအောင်၊ ကိုယ့်အတွက် ကောင်းတဲ့အပြင် အများအတွက်ကိုပါ ကောင်းအောင်ကြိုးစားရမှာပါလား၊ အဲဒီလိုပဲ ကိုယ့်အပြောတွေ မကောင်းသေးရင် ကောင်းအောင်၊ ကောင်းနေရင်လည်း ကောင်းသည်ထက်ကောင်းအောင်၊ ကိုယ့်အတွက် ကောင်းသည်ထက်ကောင်းအောင် လုပ်ရုံတင်မကဘဲ၊ ပြောရုံတင်မကဘဲနဲ့ အများအတွက်ပါ ကောင်းသည်ထက်ကောင်းအောင် ပြောရမှာပါလား၊ အဲဒီလိုပဲ ကိုယ့်အတွေးအကြံတွေက မကောင်းသေးရင် ကောင်းအောင်၊ ကောင်းနေရင်လည်း ကောင်းသည်ထက်ကောင်းအောင် ကိုယ့်အတွက်တော့ ကောင်းသည်ထက်ကောင်းတယ်ဆိုရုံနဲ့ မပြီးသေးဘဲနဲ့ ကိုယ့်အတွက်ရောအများအတွက်ပါ ကောင်းသည်ထက်ကောင်းအောင် စိတ်ကူးကြံစည်ပေးရမှာပဲ။

များသောအားဖြင့်ကတော့ စိတ်ကူးကြံစည်တဲ့အပေါ်မှာမူတည်ပြီး လိုက်ပြောကြတယ်၊ စိတ်ကူးကြံစည်တဲ့ အတွေးအပေါ်မှာမူတည်ပြီး လိုက်လုပ်ကြတယ်၊ တစ်ဆင့်ပြန်ပြောရင် အဲဒီလိုပြောရင်းပြောရင်းနဲ့ ကောင်းတာလုပ်ရင် ကောင်းတာပြောရင်းနဲ့ အကျင့်တွေပါပြီး အတွေးတွေကပါ သိသိသာသာ လိုက်ကောင်းတော့တာပါပဲ၊ မကောင်းတာတွေကိုများ လုပ်မိလို့အကျင့်ပါရင်၊ မကောင်းတာတွေကိုများပြောမိလို့ အကျင့်ပါရင် မကောင်းတဲ့ အတွေးတွေကလည်းပဲ ဆက်ကာဆက်ကာ အကျိုးရလဒ်အနေနဲ့ ပေါ်လာပြီးတော့ မကောင်းတာတွေ ဆက်တိုက်လည်ကုန်တော့တာပဲ။

ဒ့ါကြောင့် နှစ်သစ်ကူးအခါသမယမှာ –

"သဗ္ဗေသတ္တာ ကမ္မဿကာ" ကိုယ့်အပေါ်ကိုယ် မူတည်ပါတယ်၊ သတ္တဝါတွေကို မေတ္တာပို့ပါတယ်၊ တစ်နိုင်ငံလုံးကို မေတ္တာပို့ပါတယ်၊ တိုင်းပြည်ကြီး တစ်ခုလုံးကို မေတ္တာပို့ပါတယ်၊ တစ်ကမ္ဘာလုံးကို မေတ္တာပို့ပါတယ်၊ စကြဝဠာ စွမ်းနိုင်တဲ့အထိ ရောက်သလောက် သတ္တဝါတွေအားလုံးအပေါ် မေတ္တာထားတယ်၊ မေတ္တာပို့တယ်။

အဲဒီမေတ္တာထားတဲ့ စိတ်ဓာတ်က ကရုဏာသနားတတ်ရာကနေဖြစ်လာ၊ မေတ္တာထားတဲ့ စိတ်ဓာတ်က ဝမ်းသာတတ်တဲ့ မုဒိတာကဖြစ်လာ၊ မေတ္တာထားတဲ့ စိတ်ဓာတ်ဟာ ကိုယ့်အလုပ်ကိုယ့်တာဝန်ကို ကိုယ်လုပ်ပြီးတော့ သတ္တဝါတွေက ကိုယ့်ကံနဲ့ကိုယ်ဆိုသော်လည်းပဲ ကိုယ့်ဘက်ကမေတ္တာထားရမှာ၊ မေတ္တာပေးရမှာဆိုပြီး ဒီလိုနှလုံးသွင်းပြီး မေတ္တာပို့၊ ဥပေက္ခာဆိုတဲ့အခြေခံကနေဖြစ်လာပါတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ ဒီတရားလေးမျိုးရှိရင် အဲဒီပုဂ္ဂိုလ်အတွက် ကောင်းတာတွေတွေး၊ ကောင်းတာတွေပြော၊ ကောင်းတာတွေလုပ်သလို၊ သူ့ပတ်ဝန်းကျင်ကိုလည်းပဲ ကောင်းတာတွေတွေး၊ ကောင်းတာတွေပြော၊ ကောင်းတာတွေလုပ်ဖို့ရာ အတွက် အထောက်အပံ့တွေဖြစ်တော့တာပါပဲ၊ အထောက်အကူတွေ ဖြစ်တော့တာပါပဲ။

မေတ္တာပေးရင် လက်ခံတဲ့သူတွေက ရတော့တာပေါ့၊ ကရုဏာပေးရင် လက်ခံတဲ့လူတွေက ရတော့တာပေါ့၊ မုဒိတာပေးရင် လက်ခံတဲ့သူတွေက ရတော့တာပေါ့၊ ဒီမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဒီတရားတွေက လေးနက်မြင့်မြတ်တဲ့ အကျင့်ကျင့်တဲ့သူတွေအတွက် လက်ကိုင်ထားရတဲ့ တရား၊ လောကကြီးကို စောင့်ရှောက်တဲ့တရား၊ လောကကြီးကို ငြိမ်းအေးအောင် လုပ်ပေးနိုင်တဲ့ တရား။

ဒါကြောင့်မို့ "သဗ္ဗေသတ္တာ ကမ္မဿကာ" ကိုယ့်ကံတွေကို ကိုယ်က ကောင်းအောင် လုပ်ကြ၊ ပြောကြ၊ ကြံစည်ကြဖို့ မေတ္တာတွေ၊ ကရုဏာတွေ၊ မုဒိတာတွေ၊ ဥပေက္ခာဒီတရားတွေကို လက်ကိုင်ထားပြီး နှစ်သစ်ကူးအခါသမယမှာ စွမ်းအားရှိသမျှ နေထိုင်ကြပြီး တစ်ဦးတစ်ယောက်တည်းမကဘဲ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးအေးချမ်းအောင် အထောက်အကူပြုတဲ့ လုပ်ငန်းတွေဆောင်ရွက်ရင်းနဲ့ သတ္တဝါတွေအားလုံးကလည်း ကောင်းတဲ့ကံတွေပြု၊ ပြော၊ ကြံစည်ရင်းဖြင့် အားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာတွေဖြစ်ပြီး အနှောင့်အယှက်ခပ်သိမ်းကင်းငြိမ်းတဲ့ ဘဝကြီးကိုတည်ဆောက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။

# ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်းဆရာတော်)၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကမ္ဘာသုံး ခရစ်နှစ် ၂၀၂၄ ခုနှစ် ကနေ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါပဲဖြစ်ပါတယ်၊ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံသူ၊နိုင်ငံသားတွေ၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးသော ခုနစ်ရက်သားသမီးသူတော်ကောင်းအပေါင်းတို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေ၊ စီးပွားဥစ္စာရတနာတွေလည်း တစ်နေ့တစ်ခြားဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ၊ သာသနာအကျိုး၊ ဘာသာအကျိုး၊ သတ္တဝါအကျိုး၊ တိုင်းကျိုးပြည်ကျိုး၊ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေဖြစ်ကြပြီး မကောင်းတဲ့စိတ်ကို ပယ်ဖျောက်ပြီး ကောင်းတဲ့စိတ်တွေရောက်၍ မကောင်းတာတွေဖျောက်ပြီး ကောင်းတာတွေရောက်ကြပါစေလို့ နှစ်သစ်မင်္ဂလာမှာ ရှေးဦးစွာဆုတောင်းမေတ္တာပို့နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့ လူသားတိုင်း လူသားတိုင်းမှာ သူတော်ကောင်းတရားခုနစ်ပါးနဲ့ ပြည့်စုံနိုင်ကြပါစေ။ သူတော်ကောင်းတရားခုနစ်ပါးကို လူမျိုးဘာသာမရွေး အားလုံးစောင့်ထိန်းရမှာဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပဆိုတဲ့ သူတော်ကောင်းတရားခုနစ်ပါးကို မြန်မာနိုင်ငံသူ၊ မြန်မာနိုင်သားတွေ၊ ကမ္ဘာသူ၊ ကမ္ဘာသားတွေ၊ ခုနစ်ရက်သားသမီးတွေအားလုံး၊လူသားတိုင်းစိတ်မှာကိန်းပြီး ချမ်းသာခြင်းကိုရကြပါစေ။ နှစ်ဟောင်းက မကောင်းတာတွေ ပယ်ဖျောက်ပြီး နှစ်သစ်မှာ ကောင်းကျိုးချမ်းသာတွေရအောင် သူတော်ကောင်းတရားတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေလို့ ဆန္ဒပြုဆုတောင်းမေတ္တာပို့ပါတယ်။

သဒ္ဓါဆိုတာက ယုံကြည်မှုပါပဲ လူသားတွေကိုယ်ယုံကြည်ရာကိုကိုယ်လုပ်ကြတယ်။ ဒီတော့ သတ္တဝါတိုင်းနဲ့ဆိုင်တဲ့ ကံဆိုတာရှိတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ် ကာယကံပေ့ါ၊ နှုတ်ကလည်းကောင်းတာတွေပြောရင် ကောင်းတာတွေဖြစ်ကြမယ်၊ မကောင်းတာတွေပြောရင် မကောင်းတာတွေဖြစ်ကြမယ် ဝစီကံပေ့ါ၊ စိတ်ကလည်းကောင်းတာတွေကြံစည်ရင် ကောင်းတာတွေဖြစ်သလို၊ မကောင်းတာတွေကြံစည်ရင် မကောင်းတဲ့အကျိုးတွေဖြစ်ကြမယ်၊အဲ့ဒါကြောင့် ကံနဲ့ ကံမ္မနိယာမသဘောတရားတွေအရ ဘုန်းကြီးတို့ အားလုံးကို ဆုတောင်းမေတ္တာပို့ပါတယ်။ မြန်မာနိုင်ငံသူ၊မြန်မာနိုင်ငံသား၊ ကမ္ဘာသူ၊ကမ္ဘာသားအားလုံး ခုနစ်ရက်သားသမီးသတ္တဝါတွေကောင်းတဲ့ ကာယကံတွေနဲ့ ဆောင်ရွက်နိုင်ကြပါစေ၊ ကောင်းတဲ့ ဝစီကံနဲ့ ပြောဆိုနိုင်ကြပါစေ၊ ကောင်းတဲ့မနောကံနဲ့ ကောင်းတဲ့အကြံအစည်တွေကို အမြဲတမ်းကြံစည်တွေးတောနိုင်ကြပါစေ၊ ကောင်းတဲ့မနောကံနဲ့ကြံကြမယ်၊ ကောင်းတဲ့ဝစီကံနဲ့ ပြောကြမယ်၊ ကောင်းတဲ့ကာယကံနဲ့လုပ်ကြမယ်ဆိုရင် လောကကြီးတစ်ခုလုံးက ဘယ်တော့မှဆိုးကျိုးတွေ မဖြစ်နိုင်ပါဘူး၊ ကောင်းကျိုးတွေသာလျှင် ရရှိမှာဖြစ်ပါတယ်။



ထို့အတူပဲ ကံနဲ့အကျိုးပေးဆိုတာ သတ္တဝါတွေကို ဘယ်သူမှကယ်လို့မရဘူး မိုးလင်းကနေ မိုးချုပ်ထိ ကိုယ့်မနောကံကိုပြန်စစ်ကြည့်စမ်းပါ၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပတ်သက်တဲ့ကံတွေမှာ မိမိရဲ့စိတ်က ဘယ်လောက်အထိ ကောင်းတာတွေကြံတယ်၊ တွေးတယ်၊ နှလုံးသွင်းတယ်ဆိုတာ မိမိကိုယ်ကိုအသိဆုံး၊မကောင်းတာတွေကိုကြံမယ်တွေးမယ် နှလုံးသွင်းနေရင် မကောင်းတာတွေပဲရမယ်၊ မကောင်းတဲ့အကျိုးဆိုတာ ဘယ်တော့မှ ချမ်းသာမှုမရဘူး၊ နှစ်ဟောင်းတွေကုန်ပြီး နှစ်သစ်ကို ကူးပြောင်းတဲ့အခါမှာ မြန်မာနိုင်ငံသူ၊မြန်မာနိုင်ငံသားနဲ့ တကွ ကမ္ဘာသူ၊ကမ္ဘာသားအပေါင်းတို့ မကောင်းတဲ့အရာမှန်သမျှ မကြံဖြစ်ကြပါစေနဲ့၊ မပြောဖြစ်ကြပါစေနဲ့၊ မလုပ်ဖြစ်ကြပါစေနဲ့လို့ ဆုတောင်းမေတ္တာပို့ပါတယ်။

သတ္တဝါတိုင်း သတ္တဝါတိုင်း လူ့ဘဝရဲ့ တန်ကြေးက သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်းဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပသူတော်ကောင်းတရား ခုနစ်ပါးနဲ့ပြည့်စုံပြီး အစစအရာရာ သည်းခံခြင်း၊ခွင့်လွှတ်ခြင်းနှင့် အမြဲတမ်းနှလုံးသွင်းဆောင်ရွက်ကြမယ်ဆိုရင် ကိုယ့်ဘဝလည်း လူဖြစ်ရကျိုးနပ်ပြီး သံသရာမှာအပါယ် တံခါးပိတ် သုဂတိနိဗ္ဗာန်ထိအောင် ကောင်းကျိုးချမ်းသာရနိုင်တယ်ဆိုတာ ဗုဒ္ဓရဲ့လမ်းစဉ်အတိုင်း အားလုံးဆောင်ရွက်မယ်ဆိုရင် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတိုင်အောင် ကောင်းကျိုးချမ်းသာရနိုင်ပါတယ်ဆိုတာ အားလုံးယုံကြည်ကျင့်သုံးကြဖို့ တိုက်တွန်းရင်း နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက်တဲ့အခါမှာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံကကင်းလွတ်ပြီး လူချမ်းသာ၊နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာထက်ကင်းလွတ်သော နိဗ္ဗာန်ဆိုတဲ့ သံတ္တိသုခ၊ သဒ္ဓါ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ဒုက္ခကင်းကင်းနဲ့နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးချမ်းသာကို ရရှိခံစားနိုင်ပါစေလို့ နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ကူးတဲ့အခါမှာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ရှေ့ဖုံးမှအဆက်

ထကြွလုံ့လ ဝီရိယနှင့်ကြိုးစားလုပ်ဆောင်ရန်၊ ကောင်းသတင်းနှင့်ပြည့်စုံရေးအတွက် စကားကို မှန်ကန်စွာ ပြောဆို၍သစ္စာတည်ရန်၊ မိတ်ကောင်းဆွေကောင်းများ ရရှိစေနိုင်ရန် သူတစ်ပါးအပေါ်မေတ္တာထား၍ ပေးကမ်းစွန့်ကြဲရန်လိုအပ်ကြောင်းသိရှိပြီး မိမိတို့ဘဝ၌ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနေနိုင်ရေးအတွက် ဤကမ္ဘာ့နှစ်သစ်မင်္ဂလာ အချိန်အခါမှစ၍ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လျက် မြန်မာနိုင်ငံနှင့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဘေးရန်ကင်းကွာကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒပြည့်ဝကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။ ။

# နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တနိမလ(Ph.D Buddhism)၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ယနေ့ဟာ တစ်ကမ္ဘာလုံးအများသုံးဖြစ်သည့် ခရစ်နှစ် ၂၀၂၅ ခုနှစ်၏ နှစ်သစ်မင်္ဂလာ အခါသမယနေ့ဖြစ်သည်။ ယခု ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယနေ့မှစ၍ မြန်မာနိုင်ငံရှိ ရဟန်းရှင်လူ ပြည်သူများအပါအဝင် ကမ္ဘာသူကမ္ဘာသားအားလုံး ကျန်းမာချမ်းသာ ဘေးရန်ကွာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နှစ်သစ်ဖြစ်ပါစေ။

ဗုဒ္ဓေါလောကေသမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ –

လောကတွင်အမြတ်ဆုံးဖြစ်သော ဘုရားမြတ်ရတနာသည် အားလုံးသောသတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံးမေတ္တာပွား၍ သတ္တန္တရကပ်ဘေးမှ အခက်ခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

ဓမ္မောလောကေသမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ –

လောကတွင်အမြတ်ဆုံးဖြစ်သော တရားတော်မြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ သုခချမ်းသာအလို့ငှာ လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကမ္ဘာသူ၊ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး အလောဘတည်းဟူသော တရားကိုပွား၍ ဒုဗ္ဘိက္ခန္တရကပ်ဘေးမှ အခက်ခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

သံဃောလောကေသမုပ္ပန္နော အနုတ္တရံပုညက္ခေတ္တံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ–

လောကတွင်အမြတ်ဆုံးဖြစ်သော သံဃာတော်မြတ်ရတနာသည် အားလုံးသောသတ္တဝါတို့၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေအဖြစ် လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကမ္ဘာသူ၊ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး အမောဟတည်းဟူသော တရားကိုပွား၍ ရောဂန္တရကပ်ဘေးမှ အခက်ခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။



ဧတေန သစ္စဝဇ္ဇေန – ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့် ကမ္ဘာသူ၊ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားငြိမ်းချမ်းသာယာကြပါစေ ကုန်သတည်းဟူ၍ နှစ်သစ်မင်္ဂလာဆုတောင်းပတ္ထနာ ပြုလိုက်ပါသည်။

---

❑ **နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှအဆက်**

ကျွန်တော်တို့အားလုံးရဲ့ စုစည်းညီညွတ်တဲ့ ပူးပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်နိုင်မယ်လို့ယုံကြည်ပါတယ်။

ကျွန်တော်တို့ နိုင်ငံသားများရဲ့ ကောင်းကျိုးကို မလိုလားသူတွေအနေနဲ့ ၂၀၂၄ ခုနှစ်အတွင်း မြို့ရွာများ လုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးကို အဓိကပစ်မှတ်ထားပြီး နှောင့်ယှက်ဖျက်ဆီးခဲ့ကြပါတယ်။ ကိုယ်နေထိုင်ရာ ကိုယ့်ရဲ့ဒေသနဲ့ လူမျိုးကိုထိခိုက်ပျက်စီးစေတဲ့ အသိဉာဏ်မဲ့တဲ့သူများရဲ့လုပ်ရပ်များပဲဖြစ်ပါတယ်။ လူမျိုးရေး၊ တန်းတူညီမျှရေး၊ဒီမိုကရေစီရေးဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ အကြောင်းအရာများကို အကြမ်းဖက်လုပ်ရပ်များအပေါ် ခေါင်းစဉ်တပ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို အောက်ကျနောက်ကျလုပ်နေတာပဲဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေကို ကျွန်တော်တို့ကာကွယ်တားဆီးကြဖို့၊ ရပ်တန့်အောင်ကြိုးစားကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူနိုင်ခဲ့ပါတယ်။ ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်ရဲ့အားကစားအဆင့်အတန်း မြင့်မားအောင် အုတ်မြစ်ချနိုင်ခဲ့ပါတယ်။ တိုင်းပြည်ကိုလည်း အတိုင်းအတာတစ်ခုအထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်၊ နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ်ခိုင်မြဲစေရေးအတွက် စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်နေကြသူများ ရှိနေကြလို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အသက်၊ ခန္ဓာစွန့်လွှတ်ခဲ့ကြတဲ့ သူရဲကောင်းတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူနိုင်ငံသားများအားလုံးကို ကျွန်တော်အလေးအနက် ဂုဏ်ပြုပါကြောင်းပြောလိုပါတယ်။ဒါတွေဟာ သမိုင်းမှတ်တမ်းတွေအဖြစ် ကျန်ရစ်ခဲ့မှာဖြစ်သလို ကျွန်တော်တို့အားလုံးရဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေမှုနဲ့ စည်းလုံးညီညွတ်မှုတို့ကို ဖော်ထုတ်ပြသနိုင်ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခဟာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကျိုးအတွက်၊ ပြည်သူတို့ရဲ့အကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်လိုတဲ့ရည်ရွယ်ချက်သာရှိပါတယ်။ ဒါကို ပြည်သူအားလုံးလိုလားတဲ့ နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများနဲ့သာ ဖြေရှင်းကြရမှာ၊ ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒီလိုနည်းလမ်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး စီးပွားရေးနဲ့လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေနဲ့ ခေါင်းစဉ်အမျိုးမျိုးပြပြီးဒီမိုကရေစီစနစ်ကိုလိုလားတယ်လို့ ပြောနေပေမယ့် လက်တွေ့မှာတော့ ကိုယ်ကျိုးအတ္တကိုအခြေခံတဲ့ လိုအင်ဆန္ဒသက်သက်နဲ့ လက်နက်ကိုင်ပဋိပက္ခကိုသာ ဖန်တီးနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ အချို့သော တိုင်းရင်းသားခေါင်းဆောင်များဟာ ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးလို့ ပြောနေကြသော်လည်း ဒီမိုကရေစီရဲ့သဘောသဘာဝကို မျက်ကွယ်ပြုပြီး ပြည်ထောင်စုပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေကြတာကိုလည်း တွေ့နေရပါတယ်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာများ ချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြည်ထောင်စုအကျိုးကိုမျှော်ကိုးပြီး ဒီမိုကရေစီနည်းလမ်းတကျဆောင်ရွက်ဖို့ သင့်တယ်လို့ပြောလိုပါတယ်။ ဒီလိုဘုံရည်မှန်းချက်နဲ့ လျှောက်လှမ်းကြတဲ့လမ်းကြောင်းမတူညီတဲ့အတွက်လည်း ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းနိုင်သေးတာလည်းဖြစ်ပါတယ်။ ဒါတွေကိုဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြဖို့လိုပါတယ်။ ကျွန်တော်တို့ပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များကို ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် တွန်းအားပေးကြဖို့လိုအပ်ကြောင်းလည်း ပြောကြားလိုပါတယ်။

**“ ဒီကမ္ဘာလောကကြီးမှာ တိုင်းပြည်နိုင်ငံတစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ဖို့ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနဲ့ မိမိတို့ရဲ့လုပ်ကိုင်နိုင်စွမ်းတွေကို မြှင့်တင်နေကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ဘဝရပ်တည်ရေးကို ကိုယ်စွမ်းကိုယ်စနဲ့ မထိန်းသိမ်းနိုင်ရင် နိုင်ငံရဲ့အချုပ်အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝကို ကျရောက်စေနိုင်တာကိုလည်း သတိချပ်စေလိုပါတယ်။ လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေဖို့၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေဖို့ ကျွန်တော်တို့ နိုင်ငံသူ၊နိုင်ငံသားအားလုံးက သွေးစည်းညီညွတ်ကြရပါမယ်”**

**ဒီကမ္ဘာလောကကြီးမှာ တိုင်းပြည်နိုင်ငံတစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ဖို့ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနဲ့ မိမိတို့ရဲ့လုပ်ကိုင်နိုင်စွမ်းတွေကို မြှင့်တင်နေကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ဘဝရပ်တည်ရေးကို ကိုယ်စွမ်းကိုယ်စနဲ့မထိန်းသိမ်းနိုင်ရင် နိုင်ငံရဲ့အချုပ်အခြာအာဏာအားနည်းပြီးသူတစ်ပါးလက်အောက်ခံဘဝကို ကျရောက်စေနိုင်တာကိုလည်းသတိချပ်စေလိုပါတယ်။ လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေဖို့၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေဖို့ ကျွန်တော်တို့ နိုင်ငံသူ၊နိုင်ငံသားအားလုံးက သွေးစည်းညီညွတ်ကြရပါမယ်။** နိုင်ငံတော်ကို ဘေးအန္တရာယ်ကျရောက်လာရင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိတဲ့ တပ်မတော်နဲ့ပြည်သူတို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝနဲ့ နိုင်ငံတော်အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ ကာကွယ်ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေမွေးကြရပါမယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်၍တရားမျှတမှုအပြည့်ရှိတဲ့ ရွေးကောက်ပွဲကြီးကိုအောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူများက၂၀၂၄ ခုနှစ်မှာ ပြသနိုင်ခဲ့ကြတဲ့ တိုင်းချစ်ပြည်ချစ်စိတ်များ၊မျိုးချစ်စိတ်များကိုအခြေခံပြီး စည်းလုံးညီညွတ်စွာနဲ့ ရွေးကောက်ပွဲကြီးအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပန်ကြားလိုပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပြည်သူများရဲ့အောင်ပွဲအဖြစ် နိုင်ငံသားအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီ အရောက်လှမ်းပြီး သက်သေပြကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး တစ်ဦးပေါ်တစ်ဦး အပြန်အလှန်မေတ္တာထားပြီး နိုင်ငံနဲ့လူမျိုးကောင်းကျိုးကို ဖော်ဆောင်နိုင်ကြသူများဖြစ်ပါစေကြောင်း နှစ်သစ်ကူးဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျာ။

---

☆ **မန္တလေးမြို့တွင် နှစ်သစ်ကူးကြိုဆိုမှုအဆက်**

Happy new year လို့ မိသားစုလိုက် သံပြိုင်အော်ဟစ်ပြီး နှစ်သစ်ကိုဖြတ်ကျော်ချင်ပါတယ်။ ပျော်ရွှင်ဖွယ်ဖြစ်အောင် နှစ်သစ်ကူးပွဲစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ လျှပ်စစ်ရောင်စုံအလှမီးတွေ ထွန်းညှိထားတာကြောင့်လည်း ပွဲတော်ကြီးကို လှပစေပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ အဆိုတော်တွေရဲ့သီချင်းတွေကို နားဆင်ခံစားပြီး ကခုန်ခွင့်ရတဲ့ အတွက်လည်း ပြီးပြည့်စုံတဲ့ နှစ်သစ်ကူးညတစ်ညဖြစ်တယ်လို့ခံစားမိပါတယ်”ဟု ပြောပြသည်။

အဆိုပါပွဲတော်တွင် ဖျော်ဖြေရေးစင်မြင့်ထားရှိပြီး မန်းစည်ပင် ခေတ်ပေါ်တေးဂီတနှင့် DJ အစီအစဉ်များဖြင့် တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များ၏ မြူးကြွစွာ သီဆိုဖျော်ဖြေမှုများကြောင့် နှစ်သစ်ကူးပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ နှစ်ကူးအချိန်ကာလကို အတူတကွဖြတ်ကျော်ကြသည်။

အလားတူ ပွဲတော်သို့လာရောက်ဆင်နွှဲကြသူများ အစားအသောက်များ သုံးဆောင်နိုင်ရန်အတွက်လည်း စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးခဲ့ပြီး ကား၊ ဆိုင်ကယ်များ စနစ်တကျအပ်နှံနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

ထို့နောက် ပွဲတော်လာပြည်သူများသည် နှစ်သစ်ကူးအချိန်ကာလဖြစ်သည့် ည ၁၂ နာရီမထိုးမီ နှစ်ကူးCount–down ကို တပျော်တပါးရေတွက်ကြကာ ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ရေရွတ်ကာ မီးရှူးမီးပန်းများပစ်ဖောက်၍ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုခဲ့ကြကြောင်း သိရသည်။**မောင်အေးချမ်း**



# နိုင်ငံလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာနှင့် လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ
နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)
၁၅.၁၂.၂၀၂၄

# ရွှေ့ပြောင်းလူဦးရေစာရင်းအဖြစ် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိကြောင်း ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိသည့် အချက်အလက်များနှင့်ပတ်သက်၍ ရွှေ့ပြောင်းလူဦးရေစာရင်းထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘန်ရှော၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအခြေစိုက်နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အခြားသော လူဦးရေစာရင်း ကောက်ယူမှတ်တမ်းတင်ခြင်းလုပ်ငန်းများနှင့်မတူညီဘဲ အချိန်ကာလကြာမြင့်စွာ၊ ဘဏ္ဍာငွေများစွာဖြင့် စနစ်တကျစီမံဆောင်ရွက်ရသည့် နိုင်ငံတော်စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရန် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ်သတ်မှတ်၍ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ကောက်ယူခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ဒေသအချို့တွင် ရက်တိုးမြှင့် ကောက်ယူခဲ့သည်များလည်းရှိပါကြောင်း။

ပင်မအစီရင်ခံစာကို အသေးစိတ်ပြုစုကာ ၂၀၂၅ ခုနှစ်မကုန်မီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အစီရင်ခံစာများ၊ ဘာသာရပ်အလိုက် သုတေသနစာတမ်းများကိုလည်း ဆက်လက်ပြုစု၍ အဆင့်ဆင့်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ယခု သန်းခေါင်စာရင်းကောက်ယူရာတွင် လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် တစ်စိတ်တစ်ဒေသသာ ကောက်ယူနိုင်သည့် မြို့နယ်များရှိသကဲ့သို့ လုံး၀မကောက်ယူနိုင်သည့် မြို့နယ်များလည်းရှိပါကြောင်း၊ မကောက်ယူနိုင်သည့် ဒေသများတွင်ရှိသည့် လူဦးရေကို လူဦးရေပညာ၊ Remote Sensing နည်းပညာ၊ နိုင်ငံတကာအကြံပေး၏ ခန့်မှန်းတွက်ချက်မှု၊ ဌာနဆိုင်ရာစာရင်းအင်းများ စသည်တို့ကိုအသုံးပြု၍ ခန့်မှန်းလူဦးရေစာရင်းကို တွက်ချက်ထားခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းက ရရှိသည့် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၆၇၅၆ ဦးဖြစ်ကြောင်းကို အသိပေးကြေညာအပ်ပါကြောင်း၊ ယင်းစာရင်းမှာ သန်းခေါင်စာရင်းကောက်ယူရရှိသည့် လူဦးရေ ၃၂၁၉၁၄၀၇ ဦးဖြစ်ပြီး စာရင်းမကောက်ယူနိုင်သည့်ဒေသများ၏ ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၄၉ ဦးတို့ဖြစ်ပါကြောင်း၊ ယင်းတို့အနက် အမျိုးသား ၁၅၁၀၅၂၁၅ ဦး၊ အမျိုးသမီး ၁၇၀၈၆၁၉၂ ဦးဖြစ်ပြီး အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ လူဦးရေအချိုးကို လေ့လာကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ကယားပြည်နယ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်းဖြင့် လူဦးရေအနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုကို ကြည့်မည်ဆိုပါက ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းအရ ၇ ဒသမ ၇ သန်းသာရှိပြီး ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၂၁ ခုနှစ်တွင် ၁၃ ဒသမ ၂ သန်း၊ ၁၉၇၃ ခုနှစ်တွင် ၂၈ ဒသမ ၉ သန်း၊ ၁၉၈၃ ခုနှစ်တွင် ၃၅ ဒသမ ၃ သန်းအထိ တိုးမြှင့်လာပြီး ၂၀၁၄ ခုနှစ်တွင် ၅၁ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းတွက်ချက်မှုအပါအဝင် မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ ဒသမ ၃ သန်းကျော်ဖြစ်ခြင်းကြောင့် လွန်ခဲ့သည့် ၁၀ နှစ်က လူဦးရေထက် အနည်းငယ်လျော့နည်းနေသည်ကို တွေ့ရပါကြောင်း၊ လူဦးရေပြောင်းလဲခြင်းသည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းခြင်းဆိုသည့် အကြောင်းရင်းသုံးရပ်ကြောင့်ဖြစ်သည့်အတွက် ပင်မအစီရင်ခံစာထုတ်ပြန်ချိန်တွင် အကြောင်းရင်းကို လေ့လာဖော်ထုတ်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။


ယင်းနောက် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လှုံ့ဆော်ရေးတေးသီချင်းဖြစ်သည့် တေးရေး သိန်းရွှေဝင်း၏ **“နိုင်ငံ့အကျိုးမျှော်ကိုးရည် သန်းခေါင်စာရင်းကောက်ကြမည်”** သီချင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းနှင့် ယနေ့ထုတ်ပြန်သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ကြီး၏နှစ်သစ်ကူးသြဝါဒကထာ



မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကကြီးကို တစ်နေ့ သုံးကြိမ်ကြည့်တော်မူတယ်။ ဘာကြောင့်ကြည့်သလဲဆိုရင် မြတ်စွာဘုရား၏ ကျင့်စဉ်ကြီးသုံး ရပ်ထဲမှာ ဗုဒ္ဓတ္ထစရိယ- ဘုရားဖြစ်အောင် ကျင့်ခြင်း၊ ဉာတတ္ထစရိယ - မိမိရဲ့ မိဘက် ဖဘက်၊ နှစ်ဖက်က ဆွေမျိုးတွေ ချမ်းသာအောင် ကျင့်ခြင်း၊ ဆွေမတော်မျိုးမတော်သော ပုဂ္ဂိုလ်တွေ ဘဝသံသရာ တစ်လျှောက်လုံးမှာတော့ တော်ခဲ့ဖူးကြမှာပါ။ လောကတ္ထစရိယ - တလောကလုံးရဲ့ အကျိုးစီးပွား အတွက် ကျင့်တော်မူခြင်းဆိုတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ရည်ရွယ်ချက်ကြီး သုံးပါးပေါ့။ ယနေ့ဆိုရင် 'စရိယ သုံးပါး' 'ကျင့်စဉ်ကြီး သုံးရပ်' ဆိုတာရှိပါတယ်။

အဲ့ဒီကျင့်စဉ်ကြီးသုံးရပ်ထဲမှာ လောကတ္ထစရိယ- တလောကလုံးရဲ့အကျိုးစီးပွားကို ကျင့်တော်မူသော မြတ်စွာဘုရားက မိမိကျင့်ဆောင်ပေးမယ့် အကျိုး ဖြစ်အောင် ကျင့်ဆောင်ပေးမယ့် ကောင်းကျိုးဖြစ် အောင်ကျင့်ဆောင်ပေးမယ့် သတ္တလောကကြီးဟာ ဒီကနေ့ ဘာဖြစ်နေလဲဆိုတာကို နေ့သုံးကြိမ် ညသုံး ကြိမ် မြတ်စွာဘုရားက ကြည့်တော်မူတယ်။

"သတ္တာ အတ္တနော သာဝကေ ရတ္တိယာ တယော ဝါရေ, ဒိဝသဿ တယော ဝါရေတိ ရတ္တိန္ဒိဝံ ဆ ဝါရေ ဩလောကေန္တော ...."လို့ အဋ္ဌကထာများက ဆို တယ်။ မြတ်စွာဘုရားက နေ့သုံးကြိမ် ညသုံးကြိမ် နေ့တိုင်းနေ့တိုင်း ခြောက်ကြိမ် သတ္တလောကကြီးကို ကြည့်တော်မူတယ်။ ဘယ်လိုကြည့်သလဲလို့ဆိုတော့ ကရုဏာသမာပတ်ဝင်စားပြီးတော့ ကြည့်တယ်။ ဈာန်သမာပတ်မဟုတ်ဘူး၊ ရူပါဝစရ အရူပါဝစရ သမာပတ်မဟုတ်ဘူး။ကရုဏာသမာပတ်၊ 'ကရုဏာ' ဆိုတာက ဒုက္ခဖြစ်နေတဲ့ သတ္တဝါတွေရဲ့ ဒုက္ခကို ပယ်ဖျောက်ပေးလိုသောစိတ်ထား။ ဒီကနေ့ ကမ္ဘာ လောကကြီးမှာဖြစ်နေတာ နိုင်ငံတော်မှာဖြစ်နေတာ က တစ်ယောက်ဒုက္ခကို တစ်ယောက် ပယ်ဖျောက် ပေးလိုသောစိတ်ထားတွေကင်းပြီးတော့တစ်ယောက် နဲ့ တစ်ယောက် ပိုဒုက္ခရောက်စေချင်တဲ့စိတ်တွေက များနေတယ်။

'ကရုဏာ'ဆိုတာက သူတစ်ပါးဒုက္ခကို ပယ် ဖျောက်ပေးတယ်၊ ဘယ်လိုသူတစ်ပါးကိုပဲဖြစ်ဖြစ် ဆွေမျိုးတော်တော်၊မတော်တော် မြတ်စွာဘုရားကိုယ် တော်မြတ်ရဲ့ 'စရိယသုံးပါး'အရ လောကတ္ထစရိယ တလောကလုံး အကျိုးဖြစ်အောင် ဒုက္ခဖြစ်နေတဲ့ သတ္တဝါတွေ အဲ့ဒီဒုက္ခမှ လွတ်မြောက်အောင် ငါဘယ် လို လုပ်ပေးရမလဲ၊ ကရုဏာသမာပတ် ဝင်စားပြီး တော့ ကြည့်တယ်။ မြတ်စွာဘုရားမဟုတ်ရင်တော့၊ ရဟန္တာမဟုတ်ရင်တော့ သတ္တလောက ကမ္ဘာကြီး တစ်ခုလုံး ဒုက္ခဖြစ်နေပြီလို့မြင်ရင် စိတ်ဓာတ်တွေ ထိခိုက်တယ်၊ ကရုဏာဖွင့်ပြတဲ့ ကရုဏာအကြောင်း ကို အကျယ်တဝင့် ဖွင့်ပြတဲ့ အဋ္ဌကထာကြီးတွေမှာ ပြောတယ်။သူတစ်ပါးတွေဒုက္ခဖြစ်ကြပြီဆိုရင် ယုတ် မာတဲ့စိတ်ရှိတဲ့သူတွေကတော့ ဝမ်းမြောက်တယ်။ သူတော်ကောင်းစိတ်ရှိတဲ့ပုဂ္ဂိုလ်ကတော့ စိတ်ဓာတ် တွေ တုန်လှုပ်ခြောက်ခြားပြီးတော့ သူတို့ဒုက္ခကို ငါဘယ်လို ဖယ်ရှားပေးရမလဲဆိုတဲ့ စိတ်ဓာတ်တွေ ဝင်လာတယ်။ အဲ့ဒါ 'ကရုဏာ'၊ မြန်မာတွေ ပြောနေ တဲ့ 'သနားတယ်' ဆိုတဲ့ အဓိပ္ပာယ်ဟာ အဲ့ဒါပဲ။ သူတော်ကောင်းတွေရဲ့စိတ်ဓာတ်တွေတုန်လှုပ်လာ ပြီးတော့ သူတို့ရဲ့ဒုက္ခကို ဘယ်လိုပယ်ဖျောက်ပေးရ မလဲဆိုတဲ့ စိတ်ဓာတ်တွေ ဝင်လာပြီ၊ ဒီကနေ့ အဲ့လို စိတ်ဓာတ်မျိုးတွေဝင်လာဖို့ အရေးကြီးနေတာ။

ဒီကနေ့ မြန်မာနိုင်ငံတော်၊ကမ္ဘာတစ်ဝန်းလုံးမှာ လည်း ဒီအတိုင်းပဲ၊ သူတို့ဟာနဲ့သူတို့အသီးသီးရှိကြ တယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က တစ်နေ့ သုံးကြိမ်ကရုဏာသမာပတ်ဝင်စားပြီးတော့ လောက ကြီး ကြည့်လိုက်တဲ့အခါမှာ အဋ္ဌကထာဋီကာတို့ မိန့် ဆိုချက်အရ တိုတိုချုံ့လိုက်ရင် သုံးမျိုးမြင်တတ်တယ်။ တစ်မျိုးက ကာမဂုဏ်စိတ်တွေ၊ 'ကာမ' ဆိုတာက ယောကျ်ား၊ မိန်းမနှစ်ဦးသားတို့ရဲ့ အပြန်အလှန်ဖြစ် ကြတဲ့စိတ်ဓာတ်တစ်ခုထဲကိုပဲ 'ကာမ'လို့ ခေါ်လို့မရ ဘူး၊ အဲ့ဒါကတော့ အဆိုးဆုံး 'ကာမ' ပေါ့၊ မျက်စိထဲ မြင်တာတွေ အကုန်ကြိုက်၊ နားနဲ့ကြားတာတွေ အကုန်ကြိုက်၊ မကောင်းတဲ့ရှူစရာတွေ အကုန် ကြိုက်၊ စားစရာ အကုန်ကြိုက်၊ ဝတ်စရာ အကုန် ကြိုက်၊ ဒီငါးမျိုးကို 'ကာမ'ခေါ်တယ်။ အဲ့ဒီကာမဝတ္ထု တွေကို ရရှိဖို့ ဖောက်ဖောက်ပြန်ပြန်စိတ်ဓာတ်တွေ ဝင်စားတယ်။ တဏှာလောဘတွေ ဝင်စားပြီးတော့ ဖောက်ပြန်တဲ့စိတ်တွေနဲ့ကာမဂုဏ်တွေကို လွန်ကျူး ကုန်ကြတယ်။ ဥပမာ သူများပစ္စည်းခိုးသွားတယ်၊ ရွှေတွေ ခားပြတိုက်သွားတယ်၊ စီးပွားရေးကျူးကျော် မှုတွေဖြစ်လာတယ်၊ ဈေးနှုန်းတွေ မြင့်လာတယ်၊ ဒါတွေဟာ ကာမဂုဏ်မှာ ဖောက်ပြန်တဲ့စိတ်တွေပဲ။ ဈေးနှုန်းတွေမြင့်တယ်ဆိုတာ လောဘကြီးလာ တာပဲ။ 'ဘယ်သူပဲကုန်ကုန်ငါမြတ်ရင်ပြီးတာပဲ'ဆိုတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ဓာတ်၊ ကာမဂုဏ် ငါးပါးအပေါ်မှာ ဖောက်ပြန်လွန်ကျူးကုန်ကြပြီလို့ မြတ်စွာဘုရားက မြင်လာရင် ဒကာ၊ဒကာမတွေကိုပဲ ဖြစ်ဖြစ် သံဃာတော်တွေကိုပဲဖြစ်ဖြစ် ဆုံးမချက် တစ်ခုပေးတယ်။ ကာမဂုဏ်ဖောက်ပြန်လွန်ကျူးတဲ့ စိတ်ဓာတ်တွေ လွန်ကဲလို့ ကမ္ဘာကြီးဒုက္ခဖြစ်နေတဲ့ အချိန်မှာ 'ဒိဗ္ဗဝိဟာရ'နဲ့နေကြတဲ့။ နေနည်းပေးသွား တယ်။ မနေတတ်ရင် ဟိုထဲပါ၊ ဒီအထဲပါနဲ့ အကုန်လုံး ဒုက္ခဖြစ်ရတယ်။ 'ဒိဗ္ဗဝိဟာရ' ဆိုတာ တည့်တည့်ပြော ရင် သမာဓိထူထောင်ပြီးတော့ စိတ်ဓာတ်ခိုင်ခိုင်ခံ့ခံ့နဲ့ နေကြ။

ဥပမာဆိုပါစို့၊ အာဏာပါဝါတွေ ဒီအတိုးအဆုတ် ကိစ္စတွေမှာလည်းပဲ စိတ်ဓာတ်ခိုင်ခိုင်ထားပြီးတော့ နေနိုင်မှ၊ မဟုတ်ရင် ရာထူးအာဏာပါဝါကြောင့်လည်း ဒုက္ခဖြစ်တတ်တယ်။ စီးပွားရေးနဲ့ပတ်သက်လာရင် လောဘကို ထိန်းနိုင်မှ မထိန်းနိုင်ရင်လည်း ဒုက္ခဖြစ် တတ်တယ်။ အဲ့ဒါကြောင့် ကာမဂုဏ်တွေဖောက်ပြန် တဏှာလောဘတွေလွန်ကဲလို့ နိုင်ငံရေးဖောက်ပြန်မှု၊ အာဏာပါဝါဖောက်ပြန်မှု၊ စီးပွားရေးဖောက်ပြန်မှု တွေဖြစ်လာတဲ့အခါမှာ သမာဓိခိုင်ခိုင်ထားစိတ်ဓာတ် ကြံ့ကြံ့ခိုင်ခိုင်နဲ့နေကြ၊ သမာဓိထူထောင်ပြီးတော့ နေကြလို့ ကောင်းလွန်းလို့လည်း မတက်ကြွနဲ့၊ မြင့် လွန်းလို့လည်း ဝမ်းမမြောက်နဲ့၊ ဆိုးလွန်းလို့လည်း စိတ်မပျက်နဲ့၊ အကောင်းဆုံးအခြေအနေနဲ့ အဆိုးဆုံး အခြေအနေ နှစ်ခုကြားမှာ Balance ဖြစ်အောင်စိတ် ဓာတ်ကို ထိန်းပြီးတော့နေရမယ်။သမာဓိမရှိရင် မနေ နိုင်ဘူး။ အဲ့ဒီတော့ သမာဓိထူထောင်ပြီးတော့ နေကြ တဲ့။ ကာမတဏှာလွန်ကဲတဲ့အချိန်မှာ သမာဓိ ထူထောင်ပြီးတော့နေကြလို့ ဘုရင်ကြီးတစ်ပါးကို ဟောပေးတယ်။

စကြဝတေးမင်းကြီးများဆိုရင်တော့ တစ်ကမ္ဘာ လုံး အုပ်စိုးနိုင်တယ်ဆိုတာ ပါဠိတော်တွေမှာ လာ တယ်။စကြဝတေးကလာလို့ဒေဝရာဇာဆိုတာလည်း နတ်မင်းတွေ၊ ဥပမာအားဖြင့် အသုရာနတ်မင်းကြီးနဲ့ 'မာဃ'ခေါ်တဲ့ သိကြားမင်းကြီးနဲ့ သခွပ်ပွင့်တိုင်း လက်ပံပွင့်တိုင်း ထထစစ်တိုက်ကြတယ်။ အဲ့ဒါ 'ဣဿရိယ'တွေပဲ၊'မေရု'ဆိုတဲ့ မြင်းမိုရ်တောင်ထိပ်မှာ မင်းလုပ်ချင်ကြတယ်။ ဗြဟ္မာတွေကတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဒီတရားလေးပါး တစ်ပါး ပါးပွားပြီးတော့နေကြတာမို့လို့ ဗြဟ္မာတွေမှာ စစ်ဖြစ် တာ မရှိဘူး။ နတ်တွေကျတော့ ကာမနဲ့ကာမဂုဏ်ရဲ့ အထွတ်အထိပ်ကို ရောက်ချင်တဲ့အတွက် ကာမဂုဏ် ခံစားပြီးတော့နေကြတဲ့ သတ္တဝါမျိုးဖြစ်လို့ ကာမဂုဏ် ကိစ္စမှာ သူတို့ကတော့ ခဏခဏစစ်ဖြစ်တယ်။ နတ်တွေအမြင့်ဆုံးနေရာမှာ မင်းလုပ်ဖို့ အာဏာလု တဲ့ စစ်ပွဲကြီး၊ အသုရာတွေနဲ့ တာဝတိံသာနတ်တွေ စစ်ဖြစ်ကြသလိုပဲ လူ့ပြည်မှာလည်းပဲ ဒီအာဏာ တန်ခိုးနဲ့ အဆိုးဘက်က ဖြေရှင်းလာတယ်။ အာဏာ ပါဝါအတွက် လုကြတဲ့စစ်ပွဲတွေ ကမ္ဘာကြီးမှာဖြစ်နေ ပြီဆိုရင် အဲ့ဒါကို မြင်တော်မူသော မြတ်စွာဘုရားက သံဃာတော်တွေကို ချက်ချင်းအစည်းအဝေး ခေါ်ပြီး တော့ "လူ့လောကကြီးမှာတော့ အာဏာရဖို့အတွက် စစ်ပွဲတွေဖြစ်ကုန်ပြီ၊မင်းတို့တစ်တွေ ကရုဏာဝိဟာရ နဲ့ နေကြ၊ ဗြဟ္မဝိဟာရနဲ့ နေကြ။"လို့ ဒီလိုမိန့်တယ်။ ကာမဂုဏ်လွန်ကဲတဲ့ခေတ်မှာ သမာဓိနဲ့နေ၊ အာဏာ တွေ ဖောက်ပြန်နေတဲ့ စစ်ပွဲဖြစ်နေတဲ့ကာလမှာ မြတ်စွာဘုရားက ဗြဟ္မဝိဟာရနဲ့နေတတ်ဖို့ အဲဒီဗြဟ္မ ဝိဟာရလေးပါးထဲက အဓိကကျတဲ့ မေတ္တာနဲ့ နေကြ၊ မေတ္တာဟာ ဘာလုပ်တာလဲဆိုရင် မုန်းတီးခြင်းနဲ့ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်းကို ထိန်းတဲ့ အကျင့်ပေါ့။ ဒါသူတော်ကောင်း၊ သူတော်မြတ်တို့ရဲ့နေခြင်း၊ မုန်းတီးခြင်း၊ စိတ်တိုခြင်းနဲ့ စိတ်ဆိုးခြင်းတို့ကို ထိန်း တဲ့အကျင့်ဟာ သူတော်ကောင်းသူတော်သူမြတ်တို့ရဲ့ နေခြင်းကို 'ဗြဟ္မဝိဟာရ'လို့ ခေါ်တယ်။

သံဃာတော်အရှင်မြတ်တွေကို ဗြဟ္မဝိဟာရနဲ့ နေကြ၊ လောကမှာရှိတဲ့လူတွေကိုလည်း သာဝတ္ထိမှာ နေနေ၊ ဇေတဝန်မှာနေနေ ရောက်တဲ့နေရာတိုင်းမှာ မြတ်စွာဘုရားက ဒါကိုပဲ မိန့်တယ်။ ကောသလ မင်းကြီးကိုလည်း ဒီလိုပဲ မိန့်တယ်၊ မဂဓမင်းတွေကို လည်း ဒီလိုပဲ မိန့်တယ်၊ ဝေသာလီက လိစ္ဆဝီတွေကို လည်း ဒီလိုပဲမိန့်တယ်၊ ဆွေမျိုးတွေဖြစ်တဲ့ သာကီဝင် တွေ၊ ကောလိယဝင်တွေကိုလည်းပဲ မင်းတို့ ဆွေမျိုး အချင်းချင်း ရန်မဖြစ်ကြနဲ့၊ ဗြဟ္မဝိဟာရတရားပွားပြီး တော့ နေကြတဲ့။ 'ဗြဟ္မဝိဟာရ'ဆိုတာ သူတစ်ပါး ကောင်းကျိုးလိုလားတဲ့စိတ်ဓာတ်၊သူတစ်ပါးကောင်း ကျိုးလိုလားတဲ့ စိတ်ဓာတ်ဟာ မေတ္တာပဲ။

သာကီဝင်နဲ့ ကောလိယဝင်တွေ 'ရောဟိနီ'က ရေလုတဲ့စစ်ပွဲမှာ မြတ်စွာဘုရား မိန့်သွားတဲ့ စကား ရပ်တွေ အများကြီးထဲက သုတ္တန်ခြောက်ခု၊ အဲဒီ သုတ္တန်ထဲက ဇာတ်တော်တွေ စုစုပေါင်း ခြောက်ခု အဲ့ဒီမှာဟောတယ်။ အဲဒီထဲက စကားလုံးလေး တစ်လုံး ဘယ်လောက်ကောင်းသလဲဆိုရင် "ရန်ပြု လာတဲ့ ပုဂ္ဂိုလ်တွေကို ရန်တုံ့မပြန်ဘဲ နေနိုင်ရင် ချမ်းသာစွာနေရမယ်။ တစ်ကမ္ဘာလုံးရန်ဖြစ်နေရင် ရန်ဖြစ်တဲ့အထဲမပါဘဲ နေနိုင်ရင် ချမ်းသာစွာနေရ မယ်။" ဒါ 'ရောဟိနီ' ရေလုတဲ့စစ်ပွဲမှာ မြတ်စွာဘုရား မိန့်တော်မူတဲ့စကား။

ရောဟိနီမြစ်အရှေ့ဘက်ခြမ်းကို ကောလိယ တိုင်းခေါ်တယ်။ အနောက်ဘက်ခြမ်းကို သာကိယ တိုင်း၊ ကျွန်းတောရှင်းပြီးတော့ ရွှေနန်းတော်ဆောက် ပြီး နိုင်ငံတည်ထားတယ်၊သူတို့အားလုံးဟာ ညီအစ်ကို မောင်နှမအချင်းချင်းတွေပဲ။ ဒါပေမယ့် အမြင်က ကျဉ်းမြောင်းလာတယ်၊ ရောဟိနီမြစ်ထဲက ရေကို ငါသာလျှင် ရချင်တယ်ဆိုတဲ့စိတ်ဓာတ်က ဒီနှစ်နိုင်ငံ သားတွေကြားမှာ ဝင်လာတယ်၊ သူတို့မရစေချင်ဘူး မြန်မာလိုပြောရင်တော့ 'ဣဿာ'တရားက လူသား တွေရဲ့ အဆိပ်၊ အဆိပ်သင့်ပြီဆိုရင်တော့ သေဖို့သာ ပြင်ထား။

ဒီကနေ့ ကမ္ဘာကြီးကို ကြည့်လိုက်ရင် အဆိပ် သင့်တယ်၊ 'ဣဿာ'ဆိုတာ သူတစ်ပါးတို့ရဲ့ တိုးတက် အောင်မြင်ခြင်းတွေကို လက်မခံနိုင်ဘူး။ 'မစ္ဆရိယ' ဆိုတာ ငါသာလျှင် အမြတ်ရချင်တယ်၊ ဣဿာ၊ မစ္ဆရိယဆိုတာ လောကကြီးရဲ့အဆိပ်၊ အဲ့ဒီအဆိပ်ကို ဖြေဖို့ စိတ်ဖြေဆေးကတော့ 'ဗြဟ္မဝိဟာရ'ပဲဖြစ်ပါ တယ်။ ကမ္ဘာကြီး ဣဿာ၊ မစ္ဆရိယတွေ ဝင်ပြီးတော့ သတ်ကြဖြတ်ကြတယ်၊အဆိပ်သင့်တာကို မြင်တော် မူသော မြတ်စွာဘုရားက သံဃာ့အစည်းအဝေး ချက် ချင်းခေါ်ပြီးတော့ ဗြဟ္မာဝိဟာရတရားလက်ကိုင်ထား မေတ္တာပွားကြတဲ့၊ ကရုဏာပွားကြ၊ 'မေတ္တာ'ဆိုတာ က ဒေါသကိုထိန်းချုပ်တယ်၊ ကရုဏာဆိုတာက ဒုက္ခ ရောက်တဲ့ပုဂ္ဂိုလ်တွေကို စောင့်ရှောက်အကူအညီ ပေးတယ်၊ပိုပြီးတော့ဒုက္ခဖြစ်အောင်မလုပ်ဘူး။ဒေါသ ကို ထိန်းနိုင်ရင် ဘယ်သူမှ ဒုက္ခမဖြစ်ဘူး။ အဲ့ဒါ ကြောင့် ကမ္ဘာလောကကြီး ဣဿာ, မစ္ဆရိယအဆိပ် သင့်လို့ ဒေါသအာဃာတတွေ လွန်ကဲနေပြီ၊သတ်ဖြတ် နှိပ်စက်နေတာကိုမြင်တော်မူသော မြတ်စွာဘုရား က ဗြဟ္မဝိဟာရနဲ့နေကြ၊ မွန်မွန်မြတ်မြတ် သူတော် သူမြတ်တွေနေသလို မေတ္တာ, ကရုဏာပွားပြီးတော့ နေကြလို့ ဒုတိယနေနည်းမိန့်တော်မူတယ်။"နေနည်း နှစ်ပါး" ရပါတယ်။

ပထမပြောသွားတာက ကာမဂုဏ်တွေ လွန်ကဲ တဲ့ခေတ်၊ တည့်တည့်ပြောရရင် စီးပွားရေးတွေ အလွန်သောင်းကျန်းတဲ့ခေတ်၊ အာဏာပါဝါတွေရဲ့ ကိစ္စတွေ အလွန်သောင်းကျန်းပြီး လောဘတွေ သောင်းကျန်းနေတဲ့ခေတ်ကြီးမှာ သမာဓိခိုင်ခိုင်ထား ပြီးနေကြ၊ ဒါကို 'ဗြဟ္မဝိဟာရ'လို့ ခေါ်တယ်။

နောက်တစ်ခုကတော့ ဣဿာ။ မစ္ဆရိယလို့ခေါ် တဲ့အဆိပ်တွေ သင့်ပြီးတော့ သတ်ကြဖြတ်ကြတယ်၊ လုကြယက်ကြတယ်၊ ဒေါသတွေ လွန်ကဲပြီးတော့ ကမ္ဘာလောကကြီးသတ္တဝါတွေအသေအပျောက်များ ပြီးဆိုရင် မေတ္တာ၊ ကရုဏာနဲ့ နေကြ၊ ဗြဟ္မဝိဟာရနဲ့ နေကြ။ သံဃာတော်တွေကလည်း မြတ်စွာဘုရားရဲ့ ထံမှာ ထောင်သောင်းချီပြီးတော့ရှိကြတော့ အစု လိုက်၊ အပြုံလိုက် ရဟန္တာကြီးတွေ မေတ္တာပွားကြ တော့ ဒီလိုစစ်ပွဲတွေဟာ ငြိမ်သွားကြတယ်။

နောက် တတိယအချက်ကတော့ 'ဣဿရိယ'၊ အာဏာရဖို့ရန်အတွက် ဖောက်ပြန်စွာကျင့်ရတယ် ဆိုရင် ဘာသာရေးငြင်းခုံမှုကို ပြောတယ်။ မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့လက်ထက်တော်ကာလ မှာ ဆဗ္ဗဂ္ဂီဆိုတဲ့ သံဃာတော်တွေရှိကြတယ်။ 'ဆဗ္ဗဂ္ဂီ' ဆိုတဲ့ စကားလုံးကြားလိုက်ရင် ဘုန်းကြီးတို့ပရိသတ် နားထဲမှာ မရိုင်းပါဘူး၊ 'ပဥ္စဝဂ္ဂီ'နဲ့ ခပ်ဆင်ဆင်ပဲ၊ အကျင့်ကတော့ ဆီနဲ့ရေလိုပဲ၊ 'ပဥ္စဝဂ္ဂီ'က သူတော် ကောင်းတွေ၊ ဆဗ္ဗဂ္ဂီကလည်းသမိုင်းဝင်ပဲ။ အကောင်း ဘက်က သမိုင်းဝင်တာ 'ပဥ္စဝဂ္ဂီ'၊ 'ပဥ္စဝဂ္ဂီ'တို့ကို မြတ်စွာဘုရားက စ,ပြောတာက "အစွန်းနှစ်ဖက် လွတ်အောင်ရှောင်ကြ၊ အစွန်းရောက်ရင် အဆိပ် သင့်လိမ့်မယ်၊ ဒီကနေ့ကြည့်ရင် တဏှာလောဘ အစွန်းရောက်တော့ စီးပွားရေးအဆိပ်သင့်တယ်၊ ဒေါသအစွန်းရောက်တော့ နိုင်ငံရေးအဆိပ်သင့် တယ်၊ အဲဒါကြောင့်မို့ လုံးဝအစွန်းမရောက်စေနဲ့။ 'မဇ္ဈိမပဋိပဒါ' အလယ်အလတ်လမ်းက သွား၊ ကာယ ကံထိန်း၊ မလွန်ကျူးမိစေနဲ့။ 'ဝစီကံ' ပါးစပ်ပေါက် ထိန်း၊ မလွန်ကျူးမိစေနဲ့။

စာမျက်နှာ ၂၀ သို့

# စာပေ၊ ရုပ်ရှင်၊ သဘင်နှင့် စီးပွားရေးလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူတို့၏ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးဆုတောင်းစကားသံများ









**ဒေါက်တာတင်ထွန်းဦး (မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

မင်္ဂလာရှိတဲ့ ၂၀၂၅ ခုနှစ် နှစ်ဆန်းချိန်ခါမှစပြီး ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းနဲ့ နိုင်ငံသူ၊ နိုင်ငံသားအပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံနိုင်ကြပါစေ၊ ဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းဝေးကြပါစေ၊ စိတ်သွားတိုင်းကိုယ်ပါပြီး လိုအင်ဆန္ဒများနဲ့ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း ပို့သလိုက်ပါတယ်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေနဲ့ သတင်းမီဒီယာကဏ္ဍကို နိုင်ငံတော်ရဲ့ စတုတ္ထမဏ္ဍိုင်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းရပ်တည်ပြီး သတင်းမီဒီယာလောကကြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားကြမှာ ဖြစ်ပါတယ်။ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် သတင်းမီဒီယာကဏ္ဍကနေ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ခုလုံး နိုင်ငံအနှံ့ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်ပါစေ၊ ပြည်ထောင်စုကြီး ထာဝရ အဓွန့်ရှည်တည်တံ့ခိုင်မြဲပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**ဒါရိုက်တာ ဦးကြည်စိုးထွန်း (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

၂၀၂၅ ခုနှစ်ဟာ မင်္ဂလာရှိသော နှစ်သစ်မင်္ဂလာဖြစ်ပါစေလို့ ဦးစွာဆုတောင်းပေးလိုပါတယ်။ ကျွန်တော်တို့ဟာ ကိုဗစ်ကာလနဲ့ အကြောင်းကြောင်းသော အခက်အခဲတွေကို ရုန်းကန်ကျော်လွှားခဲ့ကြရပါတယ်။ အခုအခါမှာ သင့်တင့်သော ခရီးကိုလည်း ရောက်နေပါပြီ။ ဒီခရီးလမ်းမှာ ရုပ်ရှင်လောကသားတွေနဲ့ ပြည်သူတွေ စိတ်ဝမ်းမကွဲဘဲ တညီတညွတ်တည်းတိုင်းပြည်အကျိုး၊ နိုင်ငံအကျိုးကို ဆောင်ရွက်နိုင်ပြီး အားလုံးကျန်းမာချမ်းသာစွာနဲ့ ညီညီညွတ်ညွတ်ဖြင့် ဆက်ပြီး လျှောက်လှမ်းနိုင်အောင် ကြိုးစားနိုင်ကြပါစေ။

ကျွန်တော်တို့ရုပ်ရှင်ဆိုတာ ပရိသတ်မရှိရင် ရုပ်ရှင်ဖြစ်မလာပါဘူး။ ပရိသတ်ရှိမှသာ ရုပ်ရှင်ဆိုတာ ရှိနေပါတယ်။ ပရိသတ်တွေလာဖို့၊ ကြည့်နိုင်ဖို့ ရုပ်ရှင်ရုံဆိုတာ တည်ဆောက်ပြီး တင်ဆက်ပြသရပါတယ်။ အရေးကြီးတာက ကြည့်ရှုတဲ့ ပရိသတ်ဖြစ်ပါတယ်။ ကြည့်ရှုအားပေးကြတဲ့ ပရိသတ်တွေဟာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ပျော်ပျော်ရွှင်ရွှင် ညီညွတ်စွာနဲ့ ရုပ်ရှင်ကို အားပေးနိုင်ကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ နှစ်သစ်ဆုတောင်းစကားပါးလိုက်ပါတယ်။

**ဦးလွင်မြင့်(မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ)**

ကမ္ဘာ့လူမျိုးအသီးသီးနဲ့ ဘာသာအသီးသီးဟာ နှစ်သစ်ကာလရောက်တိုင်း နှစ်သစ်ကူးပွဲတော်ကို အထူးလေးလေးနက်နက်ထားပြီး ကျင်းပကြတာကို တွေ့ရပါတယ်။ နှစ်သစ်ကူးအခါသမယတွေမှာ နှစ်ဟောင်းက အဟောင်းအညစ်တွေကို ဖျောက်ပြီး နှစ်သစ်မှာ အကောင်းအသစ်ဖြစ်ဖို့ ကောင်းသောမင်္ဂလာ နှစ်သစ်ကို ကြိုကြတဲ့ အစဉ်အလာလည်းရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး မေတ္တာများထားပြီး ချစ်ခြင်းတရားနဲ့ ကြည့်ရှုကာ ကမ္ဘာကြီး အေးချမ်းမှုကို ဝိုင်းဝန်းလက်တွဲဖော်ဆောင်နိုင်ကြပါစေ။ ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်ကူးအချိန်အခါမှာလည်း ကမ္ဘာသူ၊ ကမ္ဘာသားတွေနဲ့ ပြည်သူ၊ ပြည်သားအပေါင်း ကောင်းသော လိုအင်ဆန္ဒတွေပြည့်ဝပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။

**အလင်္ကာကျော်စွာဦးအောင်တင်ဝင်း (မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နာယက)**

ပြည်ထောင်စုမြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းနဲ့ အနုပညာရှင်တွေအားလုံး ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာပြီး ဘယာကင်းပ လိုတိုင်းရ၍ သုခချမ်းသာ အဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ နှစ်သစ်မင်္ဂလာမှာ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးဆန်းလင်း (မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

ကျွန်တော်တို့မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေနဲ့ ပြည်သူတွေ စားသုံးဆီဖူလုံစွာ အသုံးပြုနိုင်အောင် နိုင်ငံတော်နဲ့အတူ လက်တွဲဆောင်ရွက်နေပါတယ်။ ၂၀၂၄ ခုနှစ်ဟာ ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်မင်္ဂလာကို ကူးပြောင်းခဲ့ပါပြီ။ နှစ်သစ်မင်္ဂလာအခါသမယမှာ ပြည်သူပြည်သားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာချမ်းသာကြပါစေ၊ အသင်းသူ၊ အသင်းသားတွေအားလုံးနဲ့ ညီနောင်အသင်းတွေလည်း တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးနဲ့ အဖွဲ့အစည်းရဲ့ အကျိုးကို ရှေးရှုပြီး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ။ ကမ္ဘာသူ၊ ကမ္ဘာသားတွေနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနဲ့ ကောင်းကျိုးလိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေလို့ နှစ်သစ်ဆုတောင်းစကားပါးလိုက်ပါတယ်။

**ဦးမောင်မောင်ဆန်း (မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဘဏ္ဍာရေးမှူး)**

ကမ္ဘာသုံး ခရစ်သက္ကရာဇ် ၂၀၂၄ ခုနှစ်ကနေ ၂၀၂၅ ခုနှစ် နှစ်သစ်ကို ကူးပြောင်းသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါပဲဖြစ်ပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးသော ခုနှစ်ရက်သားသမီး သူတော်ကောင်းအပေါင်းတို့ စိတ်သစ်၊ လူသစ်ဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ စီးပွားဥစ္စာရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ၊ လိုအင်ဆန္ဒတွေနဲ့လည်း ပြည့်ဝကြပါစေ၊ ရောဂါဘယတွေလည်း ကင်းဝေးကြပါစေ၊ မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးနန္ဒကျော် (မြန်မာနိုင်ငံ အိမ်ခြံမြေ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ယာယီဥက္ကဋ္ဌ)**

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယမှာ မြန်မာပြည်သူ၊ ပြည်သားအပေါင်း ဘေးဘယာဝေးကွာပြီး ကျန်းမာရွှင်လန်း၍ စီးပွားလာဘ်လာဘများ တိုးတက်ကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်းပို့သအပ်ပါတယ်။ နှစ်သစ်အခါသမယမှာ အားလုံး ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဥစ္စာနေဖြိုးကြွယ်ဝပြီး နေ့ရက်တိုင်းမှာ ပြုံးပျော်ရွှင်လန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

---

**စာမျက်နှာ ၁၉ မှအဆက်**

'မနောကံ' စိတ်ထိန်း၊ မလွန်ကျူးမိစေနဲ့။ ကိုယ်, နှုတ်, နှလုံး သုံးပါးထိန်းနိုင်ခြင်းဟာ 'မဇ္ဈိမပဋိပဒါ'ပဲ။ မဂ္ဂင်ရှစ်ပါးဆိုတာ ဒါပဲ။

'ဆဗ္ဗဂီ'ဆိုတဲ့ ပုဂ္ဂိုလ်တွေက ခြောက်ပါးအုပ်စု၊ သာသနာမှာ မကောင်းတာမှန်သမျှ သူတို့ လုပ်ဖို့ရန်လွယ်လွယ်လေးပဲ၊ နှစ်ရာ့နှစ်ဆယ့်ခုနစ်သွယ်သိက္ခာပုဒ်တွေထဲမှာ သိက္ခာပုဒ်တစ်ဝက်လောက်က သူတို့လွန်ကျူးသွားတာ၊ အဲ့ဒါကြောင့် သိက္ခာပုဒ်တွေ များများလာတာဟာ လွန်ကျူးတဲ့ပုဂ္ဂိုလ်တွေများများလာလို့။ ကြည့်လိုက်ရင် ခြောက်ပါးအုပ်စုရဲ့ လွန်ကျူးမှုတွေကြောင့် မြတ်စွာဘုရားပညတ်ရတယ်။လောကကြီးမှာလည်း အုပ်စုတွေ ဒီလိုပဲ ဖွဲ့နေကြတယ်၊ နိုင်ငံရေးပါတီတွေ ကြည့်လိုက်ရင် မရေမတွက်နိုင်ဘူး။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ နိုင်ငံရေးပါတီတွေဟာ အစုလိုက် အစုလိုက် 'ဝဂ္ဂီ'တွေပဲ၊ အဲ့ဒီလိုအုပ်စုတွေ ဖွဲ့ပြီးတော့ ကမ္ဘာလောကကြီးမှာ လွန်ကျူးကုန်ကြတာ၊ အာဏာပါဝါအတွက် လွန်ကျူးကြတာ၊ အဲဒီလို ကာမဂုဏ်လွန်ကဲတဲ့ ခေတ်မှာ သမာဓိနဲ့ နေ၊ စိတ်ခတ်ခိုင်မာမှ ကာမဂုဏ်ရဲ့ ရိုက်ခတ်ခြင်းကို ခံနိုင်မယ်၊ အာဏာပါဝါအတွက် 'ဣဿာ,မစ္ဆရိယ'ဆိုတဲ့ အဆိပ်တွေ သင့်ပြီဆိုလို့ရှိရင် မေတ္တာနဲ့နေ၊ ကရုဏာနဲ့နေ။ အခု တတိယပြောတာက ဘာသာရေး ရဟန်းတွေထဲမှာ ဓမ္မ,အဓမ္မငြင်းခုံကြပြီ၊ဒေဝဒတ်ကလည်း ဘုရားသတ်ဖို့အထိ ကြံတာကို အကုန်လုံးသိပြီးသား၊ သူ့မှာလည်း နောက်လိုက်တပည့် ငါးရာရှိတယ်၊ သတ်ဖို့အထိကြံတာမဟုတ်ဘူး၊ မဟုတ်တာလုပ်ဖို့ရာ အဖွဲ့ကလည်း ခြောက်ပါးရှိတယ်၊ အဲ့ဒါကြောင့် ပထမသင်္ဂါယနာတင်တော့ ရာဇဂြိုဟ်မှာ လက်ရွေးစင်သံဃာ ငါးရာပဲ ဝါကပ်ရမယ်၊ အခြားသံဃာတွေမကပ်ရဘူးဆိုပြီး မင်းအာဏာနဲ့ သုံး၊ ကမ္မဝါဖတ်ပြီး အကုန်ဖယ်ထုတ်ယူရတယ်။ အဲ့ဒါကြောင့် ပထမသင်္ဂါယနာတင်ပွဲမှာ အနှောင့်အယှက်ကင်းကင်းနဲ့ ထေရဝါဒ သံဃာငါးရာ စနစ်တကျအောင်မြင်တဲ့ ပထမသင်္ဂါယနာပွဲကြီးကို တင်နိုင်ခဲ့တယ်။

မြတ်စွာဘုရားရဲ့စကားအစစ်တွေကို အကုန်လုံး စုစည်းရွေးချယ်ပြီးတော့ သဘောတူညီချက်ယူခဲ့တာ၊ သဘောတူအတည်ပြုရင် ရွတ်ပြဆိုပြီးတော့ သံဃာငါးရာ ဝိုင်းရွတ်တာ၊ ဒါကို 'သင်္ဂါယနာ'ခေါ်တယ်။ 'သင်္ဂါယနာ' ဆိုတာ စုပေါင်းရွတ်တာ၊ ဘုရားစကားတွေ အကုန်အတည်ဖြစ်တာ အဲ့ဒါ "ထေရဝါဒ" ပဲ။

ဒါပေမဲ့ အဲ့ဒီ 'ထေရဝါဒ'ပိဋကတ်တွေဟာ နှစ်တစ်ရာပဲခံတယ်၊ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့ နောက် နှစ်နှစ်ရာမြောက်တော့ ဝေသာလီမှာပေါ်လာပြီ၊ ထေရဝါဒပိဋကတ်ဆိုတာ တကယ်အကုန်လုံးမှန်တာမဟုတ်ဘူး၊ ဟိုဟာပြင်မယ်၊ ဒီဟာ ပြောင်းမယ်၊ ဖြုတ်မယ်၊ ထုတ်မယ်၊ ဒီလိုတွေဖြစ်လာပြီ။ သိက္ခာပုဒ်အငယ်စားတွေကို ထုတ်ပစ်မယ်၊ အဘိဓမ္မာသမားတွေကလည်း ပြင်မှကောင်းမယ်ဆိုပြီး ထေရဝါဒ ဂိုဏ်းထဲမှာဖြစ်လာတာ။ ဒါပေမဲ့ အဲ့ဒီပုဂ္ဂိုလ်တွေဟာဆိုရင် အစဉ်အဆက်ပြန့်ပွားလာတဲ့ ဒေဝဒတ်ရဲ့ တပည့်ဟောင်းတွေပဲဖြစ်တယ်။ ဝေသာလီမှာ မူလဗုဒ္ဓဝါဒကို ဆက်လက်ပြီး မူရင်းအတိုင်း ထိန်းသွားမယ့်ဂိုဏ်းက 'ထေရဝါဒ'ဂိုဏ်း၊ ပြန်လည်ပြင်ဆင်ရေးဝါဒကို ကြိုက်တဲ့ဂိုဏ်းက 'မဟာသံဃိက' ဂိုဏ်း။ နှစ်တစ်ရာမှာ နှစ်ဂိုဏ်းကွဲတယ်၊ နောက်ဆက်ပြောမယ်ဆိုလို့ရှိရင် နှစ်သုံးရာလောက်ရောက်တော့ သီရိဓမ္မာအသောကမင်းလက်ထက်မှာ တစ်ဆယ့်ရှစ်ဂိုဏ်းကွဲတယ်၊ ဒီဂိုဏ်းကွဲတွေ အကြောင်း အသေးစိတ်ပြထားတယ်။

အဲဒီတော့ဆိုချင်တာက ဘာလဲဆိုရင် ဘာသာရေးဂိုဏ်းကွဲတွေ၊ ဒါက ဗုဒ္ဓဘာသာအကြောင်း ပြောတာ၊ ခရစ်ယာန်ကြည့်လိုက်ရင်လည်း ဂိုဏ်းကွဲတွေချည်းပဲ၊ အစ္စလာမ်ဆိုရင်လည်း ဒီလိုဂိုဏ်းကွဲတွေချည်းပဲ၊ ဟိန္ဒူဂိုဏ်းကွဲတွေ ပိုတောင်များသေး၊ ဘယ်ဘာသာရေးမဆို အကုန်လုံးအကွဲအပြဲရှိတယ်၊ အဲဒါကြောင့် ဂိုဏ်းကွဲရင်ဝါဒတွေလည်းကွဲတာပဲ၊ မြတ်စွာဘုရားက တိုက်ရိုက်ဟောထားတာကတော့ တခြားဘာသာတွေအကြောင်း မပြောဘူး၊ "ရဟန်းတို့၊ လောကမှာ ဓမ္မနဲ့အဓမ္မ ငြင်းကြခုံကြပြီဆိုရင် အငြင်းအခုံထဲမပါအောင် အရိယဝိဟာရနဲ့နေကြ"လို့ မိန့်တော်မူတယ်။

အရိယာတို့ရဲ့ နေကြထိုင်ကြတာဟာ အငြင်းအခုံကိုမရှိဘူး၊ အရိယာကပညာတတ်ထားတာကဆုံးနေပြီ၊ နိဗ္ဗာန်ကို မြင်ပြီးကုန်ပြီ၊ နိဗ္ဗာန်ကို မြင်ပြီးတဲ့ အရိယာဟာ အငြင်းအခုံမရှိဘူး၊ ပညာနဲ့ နေတာ။

"နေနည်းသုံးပါး" ဘာသာရေးအငြင်းအခုံထဲမှာလည်း မပါနဲ့၊ နိုင်ငံရေးအငြင်းအခုံထဲမှာလည်း မပါနဲ့၊ စီးပွားရေးငြင်းခုံမှုတွေထဲမှာလည်း မပါနဲ့၊ လောကကြီးမှာ ပထမစီးပွားရေးငြင်းခုံမှုထဲမှာ မပါရအောင် စိတ်ခတ်ခိုင်ခိုင်ခံ့ခံ့နဲ့နေကြ၊ ဒုတိယ နိုင်ငံရေးငြင်းခုံမှု အာဏာပါဝါတွေထဲမှာ ဣဿာ, မစ္ဆရိယအဆိပ်သင့်တဲ့အထဲမပါရအောင် မေတ္တာ၊ ကရုဏာနဲ့နေကြ၊ တတိယ ဘာသာရေးငြင်းခုံမှုတွေထဲမှာ မပါရအောင်ကတော့ အရိယာတွေနေသလို ပညာနဲ့နေကြ၊ "နေနည်းသုံးပါး" မြတ်စွာဘုရားက ဟောပါတယ်။

နိဂုံးချုပ်လိုက်ရင် ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယာဝိဟာရ သုံးပါး။ လောဘတဏှာ လွန်ကဲတဲ့ ခေတ်မှာ သမာဓိခိုင်ခိုင်နဲ့နေ၊ အာဏာပါဝါလွန်ကဲတဲ့ခေတ် မေတ္တာကရုဏာနဲ့နေ၊ ဘာသာရေးအငြင်းခုံမှုတွေ ဖြစ်လာရင် ပညာနဲ့နေ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကကြီးကို တစ်နေ့ ခြောက်ကြိမ်ကြည့်ပြီးတော့ "နေနည်းသုံးပါး" ဒီတရားကို ဟောသွားပါတယ်။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့မှ ၂၀၂၅ ခုနှစ်အတွက် နှစ်သစ်မင်္ဂလာဆုတောင်းစကားများ







**ဦးရဲထွန်း**

**ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) (YMBA)**

၂၀၂၄ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်သို့ ကူးပြောင်းတဲ့ အခါသမယမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ ရဟန်းရှင်လူပြည်သူပြည်သားများအားလုံး၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ် ဦးတည်ချက်(၉)ရပ်နဲ့အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားဖို့အတွက် အလေးအနက်တိုက်တွန်းလိုပါတယ်။ အသင်းကြီးရဲ့ဆောင်ပုဒ်ဖြစ်တဲ့ အမျိုးဘာသာသာသနာပညာနဲ့ နိုင်ငံအရေးများတွင် (YMBA)အသင်းကြီးက ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယမှ စတင်ပြီး မြန်မာပြည်သူ၊ ပြည်သားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲကာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းရင်း နိုင်ငံတစ်ဝန်းအေးချမ်းသာယာစေဖို့အတွက် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးဝဏ္ဏ**

**ဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ယနေ့ဟာ ခရစ်သက္ကရာဇ် ၂၀၂၄ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်ကာလသို့ရောက်ရှိလာသော အခါသမယဖြစ်ပါတယ်။

ယနေ့ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူ၊ နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ၊ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြလျက် အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးရဲ့ ရှေ့လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ ဘာသာကြီး(၄)ရပ်၏ စုပေါင်းအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့်အတိုင်း သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ သွားရောက်၍ ဝိုင်းဝန်းကူညီထောက်ပံ့ခြင်း၊ မျက်စိအခမဲ့ခွဲစိတ်ကုသပေးခြင်း၊ သွေးလှူဒါန်းမှုများ ပြုလုပ်ခြင်း၊ အခမဲ့အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို လစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဘာသာကြီး(၄)ရပ်၏ ရိုးရာပွဲတော်များကိုလည်း စုပေါင်းကျင်းပ၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့ဆိုသည့် ဆောင်ပုဒ်အားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စည်းလုံးခြင်းသည် အင်အားဖြစ်သည့်အတွက် ဘာသာကြီး(၄)ရပ်အပေါ် သက်ဝင်ယုံကြည်ကြတဲ့ တိုင်းရင်းသားများ၊ နိုင်ငံသားများနဲ့ လူမျိုးစုများအားလုံးတို့သည် မိမိတို့မှီတင်းနေထိုင်ရာ၊ အခြေပြုရာ မြန်မာနိုင်ငံကြီးအပေါ် သစ္စာရှိစွာဖြင့် နိုင်ငံအကျိုး ဝိုင်းဝန်းသယ်ပိုးကြပါ၊ ကာကွယ်စောင့်ရှောက်ကြပါ၊ ညီညွတ်ကြပါလို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ထပ်လောင်းဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင်(ဟိန္ဒူဘာသာ)**

**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ဂေါတမမြတ်စွာဘုရားရဲ့ မေတ္တာကြောင့် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာပါစေ။

မဟာပိန္နဲဘုရားရဲ့ မေတ္တာကြောင့် ပြည်တွင်း၊ ပြည်ပရန်များ ကင်းရှင်းပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပါစေ။

၂၀၂၄ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာချမ်းသာသုခပြည့်စုံကြပါစေ၊ အခက်အခဲများကိုလည်း ကျော်နိုင်ပါစေ၊ မိမိတို့နိုင်ငံမှာ လိုအပ်ချက်နှစ်ခုပဲရှိပါတယ်။ တစ်ခုကတော့ မေတ္တာများများထားပေးဖို့လိုပါတယ်။ နောက်တစ်ခုကတော့ အလုပ်များများလုပ်ပေးဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုရင် မိမိတို့နိုင်ငံမှာ အနာဂတ်ရတနာလူငယ်များအတွက် အလုပ်များများလုပ်ပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အလုပ်များများလုပ်ပေးတဲ့အခါ အခက်အခဲတွေကို ကျော်လွှားနိုင်မှာဖြစ်ပြီး ဒါမှလည်း မြန်မာနိုင်ငံက ချမ်းသာတဲ့နိုင်ငံဖြစ်မှာပါ။

၂၀၂၄ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မှာ မေတ္တာပို့သအပ်ပါတယ်။ မေတ္တာတရားထားဖို့ဆိုရင် ကမ္ဘာပေါ်မှာမြန်မာနိုင်ငံက မေတ္တာတရားအချမ်းသာဆုံးနိုင်ငံဖြစ်တာကြောင့် မေတ္တာတရားများများထားဖို့လိုပါတယ်။ အခုလာမယ့် နှစ်သစ်မှာ အတွေးသစ်အမြင်သစ်နဲ့ မကောင်းတာတွေ၊ သဘောထားကွဲလွဲမှုတွေကို ဖယ်ရှားကြပါ။ အတူတကွ အလုပ်လုပ်ပြီး မိမိတို့နိုင်ငံ ချမ်းသာတဲ့နိုင်ငံဖြစ်အောင် ကြိုးစားကြပါစို့။

**ဦးသောမတ်(စ်) (ခရစ်ယာန်ဘာသာ)**

**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

Shalom(ငြိမ်းချမ်းပါစေ)

၂၀၂၄ ခုနှစ် ကုန်လွန်ပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှာ မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ခရစ်ယာန်ဘာသာဝင်အနေနဲ့ အခုလိုနှုတ်ခွန်းဆက်စကားပြောကြားခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်ခင်ဗျာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံဟာ လူမျိုးဘာသာအဆင့်အတန်းမခွဲခြားဘဲ အတူတကွ မှီတင်းနေထိုင်လျက်ရှိကြပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့လည်း နိုင်ငံတစ်ဝန်း လူမှုဘဝတည်ငြိမ်အေးချမ်းရေးအတွက် တတ်အားသရွေ့ ပါဝင်လက်တွဲလုပ်ဆောင်လျက်ရှိပါတယ်ခင်ဗျာ။

၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာမှာ မြန်မာပြည်သူ၊ ပြည်သားများအားလုံး ပိုမိုတိုးတက်ငြိမ်းချမ်းသာယာ၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း နှုတ်ခွန်းဆက်ဆုတောင်းလိုက်ပါတယ်ခင်ဗျာ။ အားလုံးကို ထာဝရဘုရားသခင် ကောင်းချီးပေးပါစေ။

**ဦးအောင်ဇော်ဝင်း(အစ္စလာမ်ဘာသာ)**

**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ-

၂၀၂၄ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဘေးဘယာဝေးကွာ၍ ကျန်းမာချမ်းသာပြီး အေးချမ်းသာယာပါစေကြောင်း အစ္စလာမ်ဘာသာဝင်များကိုယ်စား ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးမှာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသား ပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး ဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ရာမတူပေမယ့်လည်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကိုအခြေခံလျက် တစ်ဦး၏ဘာသာအယူဝါဒကို တစ်ဦးက အပြန်အလှန်လေးစားကြ၍ တစ်ဦးနဲ့တစ်ဦး မေတ္တာတရားရှေ့ထားပြီး ချစ်ချစ်ခင်ခင်အေးချမ်းစွာနေထိုင်လာတဲ့ မြန်မာနိုင်ငံကြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့လည်း နိုင်ငံတော်အတွက်လိုအပ်တဲ့ တည်ငြိမ်အေးချမ်းသာယာရေး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်တို့အစ္စလာမ်ဘာသာဝင်များကလည်း ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ မကောင်းမှုအညစ်အကြေးများအားလုံး ဆေးကြောသန့်စင်ပြီး အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီသယ်ပိုးထမ်းဆောင်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံး နှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

# ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ် နိုင်ငံကူးလက်မှတ် (Passport for Visit-PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများ ရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# မြန်မာနိုင်ငံတစ်နိုင်ငံလုံး အေးချမ်းသာယာစေရေးအတွက် အကျွတ်အလွတ်အမျှအတန်းပေးဝေခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**မန္တလေး ဒီဇင်ဘာ ၃၁**

မြန်မာနိုင်ငံတစ်နိုင်ငံလုံး အေးချမ်းသာယာစေရေးအတွက် အကျွတ်အလွတ်အမျှအတန်းပေးဝေခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသောပင့်ဆရာတော်၊သံဃာတော် ၁၀၈ ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်အောင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား ပထမပိုင်းအစီအစဉ်ကို အမရပူရမြို့နယ် တောင်အင်းမြောက်အင်းသုသာန်ရှိ ယာယီမဏ္ဍပ်တွင် ကျင်းပရာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊အလှူရှင်များနှင့်ဖိတ်ကြားထားသည့်ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူးက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကြောင်းအမျိုးမျိုးကြောင့် ပျံလွန်တော်မူသွားခဲ့ကြသော ဆရာတော်၊ သံဃာတော်၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားခဲ့ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများထဲမှ မကျွတ်မလွတ်သေးသာသူများကို လာရောက်တရားနာကြရန် ဖိတ်ကြားခြင်းအစီအစဉ်ကို ပြုလုပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော်က အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ မိန့်ကြားတော်မူပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

ထို့နောက် သင်္ကန်းအစရှိသော လှူဖွယ်များဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော်ထံ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်နှင့် ဆရာတော်များထံသို့ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက အကြောင်းအမျိုးမျိုးကြောင့် ပျံလွန်ကွယ်လွန်သွားကြသည့် မကျွတ်မလွတ်သေးသောသူများအတွက် ရေစက်ချအမျှအတန်းပေးဝေခြင်းနှင့် အနုမောဒနာတရားများကို နာယူကြည်ညိုကြကာ ရေစက်သွန်းချအမျှအတန်းများပေးဝေခဲ့ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

ထို့နောက်အခမ်းအနား ဒုတိယပိုင်းကို ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက်၌ ဆက်လက်ကျင်းပခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်နှင့် ဆရာတော်များ၊ ပင့်သံဃာတော် ၁၀၈ ပါးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများ၊ အလှူရှင်တို့က လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# နေပြည်တော်၌ ပြည်သူများ ၂၀၂၅ ခုနှစ် နှစ်သစ်ကို တစ်ခဲနက်ပျော်ရွှင်စွာ ကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းဖြေပျော်ရွှင်စေရန်၊ စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာကြိုဆိုနိုင်ရန်ရည်ရွယ်၍ ကျင်းပသည့် တေးဂီတဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်းအမှတ် (၁)နှင့်(၂)၌ကျင်းပရာ ပြည်သူအများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ကွင်းပြည့်ကွင်းလျှံပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ယနေ့ညနှစ်သစ်ကိုကြိုဆိုသည့် ဖျော်ဖြေရေးအစီအစဉ်တွင် Music Band၊ DJ များဖြင့်တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များက ပရိသတ်အကြိုက်တေးသီချင်းများဖြင့်သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများက စည်းချက်အလိုက် ပျော်ရွှင်စွာဖြင့် လိုက်ပါသီဆို၍တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညသည် ယခုနှစ်ဟောင်းကုန်၍ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူးအချိန်ကာလဖြစ်သည့်အတွက် ပွဲတော်လာပြည်သူများသည် ည ၁၂ နာရီ မထိုးမီနှစ်သစ်ကူး Countdown ကို တပျော်တပါးသံပြိုင်ရေတွက်ကြပြီး ည ၁၂ နာရီတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ဟစ်ကြွေးကြကာ မီးရှူးမီးပန်းများပစ်ဖောက်၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယကိုပျော်ရွှင်စွာ ကြိုဆိုကြသည်။

ထို့အတူ ဖျော်ဖြေရေးကွင်းအတွင်း၌ စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များနှင့် ဒေသအစားအစာများကိုဝယ်ယူစားသုံးကြသည့် ဖျော်ဖြေပွဲလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် အပျော်တမ်းဂိမ်းကစားကြသူများ၊ ချားရဟတ်စီးကြသူများ၊ Photo Booth များတွင် အမှတ်တရအလှဓာတ်ပုံရိုက်ကြသူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ New Year Countdown LIVE SHOW နှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်မှစ၍ နေပြည်တော် ရေပန်းဥယျာဉ်၌ကျင်းပရာ ယနေ့တွင် ပျော်ရွှင်စရာအစီအစဉ်များဖြင့် နှစ်သစ်ကူးပြောင်းမည့် အချိန်အခိုက်အတန့်ကို ရင်ခုန်စွာစောင့်မျှော် ပါဝင်ဆင်နွှဲကြသဖြင့် အထူးစည်ကားခဲ့သည်။

ရေပန်းဥယျာဉ်အတွင်းဝင်ပေါက်လမ်းများတစ်လျှောက် ဘေးဝဲယာတွင် ရောင်စုံအလှမီးများလှပစွာ ထွန်းညှိထားသည့်အပြင် ရေပန်းဥယျာဉ်အတွင်း၌လည်း ရေပန်းအလှများ၊ ကလေးများပျော်ရွှင်စွာဆော့ကစားရန် Water Park များ၊ အလှဓာတ်ပုံရိုက်ရန် Photo Booth များထားရှိပေးထားသည့်အတွက် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ အလှဓာတ်ပုံများ ပျော်ရွှင်စွာရိုက်ကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသည့် ပြည်သူများ အဆင်ပြေစွာဝယ်ယူစားသောက်နိုင်ရန် ထိုင်းအစားအစာ၊ တရုတ်အစားအစာ၊ကိုရီးယားအစားအစာ၊မြန်မာ့ရိုးရာအစားအစာများ၊ ပင်လယ်စာအကင်များနှင့် အထောင်းမျိုးစုံများရောင်းချသည့်ဆိုင်ခန်းများအပြင် ကလေးကစားစရာ မီးလင်းရောင်စုံအရုပ် အရောင်းဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းစုစုပေါင်း ၂၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ဝယ်ယူစားသုံးကြသူများဖြင့် စည်ကားလျက်ရှိသည်။

New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်တွင် နိုင်ငံကျော်တေးသံရှင်များနှင့် Dancerများက Art Robots Band၊ DJ များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ကြပြီး ည ၁၂ နာရီတွင် ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယကို Countdown ရေတွက်၍ ပြည်သူများက Happy New Year သံပြိုင်ဟစ်ကြွေးကြကာ နှစ်သစ်ကိုတစ်ခဲနက်ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကောင်းကန်ရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်ကောင်းကန်ရွာ၌ လမ်းအရှည် ပေ ၁၆၈၀၊အကျယ် ၁၆ ပေ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်း၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊မြို့မိမြို့ဖများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ကွန်ကရစ် လမ်းသစ်ခင်းခြင်းနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြကာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကောင်းကန်ရွာ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟို)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ကောင်းကန်ရွာ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ဆိပ်ဖြူမြို့နယ် မြစ်ခြေနှင့် ကမ္မနယ်စပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် ပြည်သူများထွက်ပြေးတိမ်းရှောင်နေရသည်ဟု သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြစ်ခြေနှင့် ကမ္မနယ်စပ်ရှိကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆိပ်ဖြူမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ အကြမ်းဖက်သမားများက သာ ကျေးရွာများအတွင်း တရားမဝင် ခိုအောင်းနေထိုင်လျက်ရှိပြီး ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်၊ ကျေးရွာများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (ဗဟို)




## နဝဒေးတံတား(ပြည်) ရေလမ်းပြောင်းလဲသတ်မှတ်မည်

**ပြည် ဒီဇင်ဘာ ၃၁**

နဝဒေးတံတား(ပြည်) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကို ရေလယ်တိုင်အမှတ် (၇)နှင့် (၈)ကြားမှလည်းကောင်း၊အဆန်ရေလမ်းကို ရေလယ်တိုင်အမှတ်(၆)နှင့်(၇ )ကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။

ယခုအခါ ရေကြောင်းရေလမ်းအခြေအနေအရ တံတားရေလမ်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းကြောင်းအဖြစ် ရေလယ်တိုင်အမှတ် (၇)နှင့် (၈)ကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၇ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်သတင်း ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ပြည်ပနိုင်ငံများမှာ ခိုလှုံခွင့်ရရှိစေရေး အသည်းအသန်ကြိုးစားနေရတဲ့ သစ္စာဖောက် ပြည်ပြေးအစိုးရနှင့် အပေါင်းအပါများ”**ခေါင်းစဉ်ဖြင့် ၁-၁-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **“အနောက်မျှော် မီဒီယာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူ အချင်းချင်းကြား သွေးမကွဲဖို့ လိုအပ်နေပြီ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးမြို့အတွင်းရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့် "ဆင်ဖြူတော်"ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်သူ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် နှစ်ဦးပါ တရားခံအမျိုးသား ငါးဦးကို သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင်အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



မန္တလေးမြို့အတွင်းရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့်"ဆင်ဖြူတော်"ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်သူ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် နှစ်ဦးပါ တရားခံအမျိုးသား ငါးဦးကို သက်သေခံရွှေထည်ပစ္စည်းနှင့် ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကဋ္ဌနမဟီရပ်ကွက် ၇၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်၌ ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဥမ္မာအေး ၅၂ နှစ်ပါ ဆိုင်ဝန်ထမ်း ခြောက်ဦးတို့ရှိနေစဉ် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့်ရောက်ရှိလာပြီး ဆိုင်ဝန်ထမ်းများကို သေနတ်ပြခြိမ်းခြောက်ကာဆိုင်ရှိ ရွှေထည်ပစ္စည်းမျိုးစုံ ရွှေအလေးချိန် တစ်ပိဿာ ၉၁ ကျပ်သားခန့် စုစုပေါင်းတန်ဖိုးငွေ ၁၀၅၀၅ သိန်းကျပ်ခန့်နှင့် ငွေစက္ကူရောရာ ကျပ်သိန်း ၃၀ ခန့်တို့ကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လုယက်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် ဖောင်းပြင်မြို့နယ် ပေါက်ကုန်းကျေးရွာနေ မိုးအောင်(ခ)အောင်မိုး ၂၉ နှစ်နှင့် ဒီပဲယင်းမြို့နယ် ထောင်တန်းကျေးရွာနေ ကျော်စိုးလွင်(ခ) ကျော်ကြီး(ခ) ပြာတာ ၂၉ နှစ်တို့ နှစ်ဦးကို အောင်မြေသာစံမြို့နယ် ၂၅ လမ်းနှင့် ၅၃ လမ်းကြားရှိ Nature တည်းခိုခန်းအခန်းအမှတ်(၂၀၉)၌ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် M-5 အမျိုးအစားသေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ M-4 A1 Carbine အမျိုးအစား သေနတ် တစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည်မျိုးစုံ ၈၃တောင့်၊ Click ဆိုင်ကယ် တစ်စီး၊ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိဿာ ၄၀ ကျပ်သားခန့်၊ ငွေစက္ကူရောရာ ၂၁၅ သိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ) အောင်မိုးနှင့် ကျော်စိုးလွင်(ခ) ကျော်ကြီး (ခ)ပြာတာတို့၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနေ အောင်ပြည့်စုံလွင် ၃၅ နှစ်နှင့် မိုင်ကုန်းရွာနေ သန်းထိုက်ထွန်း (ခ)ငနဲ ၃၃ နှစ်တို့ကို ၎င်းတို့၏နေအိမ်အသီးသီး၌ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် CANDA Wave 110 ဆိုင်ကယ် တစ်စီး၊ မီနီအိုးဝေ တစ်စီးတို့နှင့်လည်းကောင်း၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများကို အရည်ကျိုပုံဖျက်ပေးသူ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ ထွန်းမင်းလတ် (ခ)ထွန်းမင်း ၅၀ နှစ်(ဘ) ဦးသင်အား ၎င်း၏နေအိမ်၌ ရွှေထည်ပစ္စည်းများ အရည်ကျိုရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း ယင်းနေ့နေ့လယ်ပိုင်းတွင် အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုး၊ ကျော်စိုးလွင်(ခ) ကျော်ကြီး(ခ) ပြာတာ၊ အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့ကို အခြားလုယက်မှု၊ ဓားပြမှုများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းတို့လေးဦးသည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၄နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်ရှိ ဆင်ဖြူတော်ငွေလွှဲလုပ်ငန်းကို သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၃၀၀ နှင့် MDY-16/4Q 1196 Ertiga အမျိုးအစား မော်တော်ယာဉ်တစ်စီးတို့ကို လုယက်ခဲ့ကြောင်း၊ လုယက်မှုကျူးလွန်းရာမှ ရရှိခဲ့သည့် မော်တော်ယာဉ်ကို အမည်မသိ အမျိုးသားတစ်ဦးထံ ငွေကျပ်သိန်း ၁၅၀ ဖြင့်ရောင်းချခဲ့ကြောင်း ထပ်မံဖော်ထုတ်သိရှိရသည်။

စစ်ဆေးချက်များအရ ဖမ်းဆီးရမိ တရားခံ မိုးအောင်(ခ)အောင်မိုးသည် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာ PDF အကြမ်းဖက်အဖွဲ့မှ ဒုတိယခေါင်းဆောင်ဖြစ်ပြီး ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာသည် ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု ထောင်တန်းကျေးရွာ PDF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း၊လုယက်မှုများကျူးလွန်စဉ်က အသုံးပြုခဲ့သော သေနတ်များကို PDF အကြမ်းဖက်အဖွဲ့ဝင် ကိုစိုးကြီး(စိစစ်ဆဲ)ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ နှစ်ဦးသည် မန္တလေးမြို့ပေါ်ရှိ ရွှေဆိုင်များကို ဓားပြမှု၊လုယက်မှုများကျူးလွန်၍ ရရှိငွေများဖြင့် လက်နက်၊ ခဲယမ်းများ ထပ်မံဝယ်ယူရန် မန္တလေးမြို့ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ထိုသို့လုယက်မှုများ ကျူးလွန်ရာတွင် ခင်မင်ရင်းနှီးသူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ်နေ အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ) ငနဲတို့နှင့်ပူးပေါင်းကာ ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁) ရပ်ကွက်ရှိ ဆင်ဖြူတော်ငွေလွှဲလုပ်ငန်းကို ဝင်ရောက်လုယက်ရာတွင် မိုးအောင်(ခ) အောင်မိုးက MA5သေနတ်အားကိုင်ဆောင်၍လည်းကောင်း၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာက M4 A1 သေနတ်ကို ကိုင်ဆောင်၍လည်းကောင်း ဆိုင်အတွင်း ဝင်ရောက်လုယက်ခဲ့ကြခြင်းဖြစ်ပြီး အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့ နှစ်ဦးက ဆိုင်အပြင်မှနေ၍အခြေအနေ စောင့်ကြည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင်"နဂါးနန်းတော်"စိန်ရွှေရတနာဆိုင်ကို လုယက်မှုကျူးလွန်ရာ၌ မိုးအောင်(ခ) အောင်မိုးမှ MA-5 သေနတ်ဖြင့်လည်းကောင်း၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ) ပြာတာမှ M4 A1 သေနတ်ဖြင့်လည်းကောင်း အသီးသီးကိုင်ဆောင်ကာ ဆိုင်အတွင်းဝင်ရောက်၍ ဆိုင်ရှိဝန်ထမ်းများကို သေနတ်ပြခြိမ်းခြောက်ကာ ဝင်ရောက်လုယက်ခဲ့ခြင်းဖြစ်ပြီး အောင်ပြည့်စုံလွင်က ဆိုင်အပြင်မှနေ၍ အခြေအနေစောင့်ကြည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့် ဆင်ဖြူတော်ငွေလွှဲလုပ်ငန်းတို့ကိုသေနတ်ပြခြိမ်းခြောက်၍ လုယက်မှုများကျူးလွန်ခဲ့သူ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များဖြစ်ကြသည့် မိုးအောင်(ခ)အောင်မိုး၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာတို့နှစ်ဦးနှင့် ပူးပေါင်းကျူးလွန်သူအောင်ပြည့်စုံလွင်၊ သန်းထိုက်ထွန်း(ခ)ငနဲ၊ ထွန်းမင်းလတ်(ခ)ထွန်းမင်းတို့ ငါးဦးကို သက်သေခံရွှေထည်ပစ္စည်းနှင့် ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီထိရောက်စွာအရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# PDF အမည်ခံအကြမ်းဖက်သမားများက ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းကို မီးရှို့ဖျက်ဆီး၊ ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအတွင်း Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

PDF အမည်ခံအကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာကို Drop Bomb ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




နေပြည်တော် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းကို PDF အမည်ခံအကြမ်းဖက်သမားများက ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးရှို့ဖျက်ဆီးခဲ့ရာ အလျား ၁၀၈ ပေ၊ အနံ ၃၃ ပေ၊ အမြင့် ၂၂ ပေရှိ ကွန်ကရစ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ အုပ်ညှပ် နှစ်ထပ်၊ စာသင်ဆောင်ကို မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် Drone အသုံးပြုပြီး Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသမီး တစ်ဦး ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ရှစ်ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့်ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများကို အကြောက်တရားလွှမ်းမိုးစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များအသုံးပြု၍ နှောင့်ယှက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့လုပ်ဆောင်လျက်ရှိသည်။

လုံခြုံရေးအဖွဲ့များအနေဖြင့် အထက်ပါဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီအရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# ချမ်းမြေ့ပါစေ

ကိုရွှေတောသား(ဆင်ကူး)



(၁)

"နေကောင်းရဲ့လား ထားခင်။ ဒါနဲ့ နင်တို့အိမ်ထောင်ရေးကော အဆင်ပြေရဲ့လား"

မေးပြီးမှ ကိုယ့်စကားကိုယ် မှားသလား၊ မှန်သလားပင် ကျွန်တော် မဝေခွဲတတ်တော့။ ရင်ထဲမှာ လှိုက်ဖို၍ တုန်ရီနေသည်။ ထားခင်၏မျက်နှာကလေး ညှိုးရော်နေသည်။ ကျွန်တော့်ကို မရဲတရဲကြည့်လိုက်သည့် ထားခင်၏အကြည့်တွေထဲ အမေးပုစ္ဆာများပါနေသယောင်၊ထင်မိသည်။ ထားခင်သည် ဟိုယခင်တုန်းကနှယ် မလှပ၊ မတင့်တယ်တော့ပေ။ ကျွန်တော့်ရင်ထဲ ကြေကွဲမိသည်။ ဟိုယခင်က ထားခင်၏ဘဝကလေးကို မြင်ယောင်နေမိသည်။

(၂)

"ဟယ် အောင်ကျော်က ငှါထက်တောင် အရင်ရောက်နေပါလားဟ"

စာသင်ခန်းထဲ ဝင်ဝင်ချင်း ထားခင်ကပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော်ခေါင်းညိတ်ပြကာ အိမ်စာတွေတွက်နေမိသည်။

"အောင်ကျော်ရယ် နင့်မှာလဲပင်ပန်းလိုက်တာ ကျောင်းတက်နေရင်းနဲ့မိဘကိုကူရ၊ ကျောင်းစာက တစ်ဖက်၊အိမ်အလုပ်ကတစ်ဖက်နဲ့ ကျူရှင်လဲမနေရ၊ ဘော်ဒါလဲမတက်ရနဲ့ အင်း"

ပြောနေရာက စကားစကိုဖြတ်ထားလိုက်သော်ငြား ထားခင်ပြောချင်နေသည့် စကားကို ကျွန်တော်သိပြီးဖြစ်သည်။ ဟုတ်လည်းဟုတ်နေသည်။ ဆယ်တန်းနှစ်ဖြစ်၍ အခြားကျောင်းသားများ စာနှင့်ကျောင်း လုံးပန်းကာ ကြိုးစားနေကြချိန်၊ ကျွန်တော့်အတွက် ကျောင်းခေါ်ကြိမ်ကိုမီအောင်ပင် မနည်းကြိုးစား၍တတ်နေရသည်။ ဈေးရောင်းကာ ကျောင်းတက်ရသည်။ အိမ်၌အလုပ်ကူလုပ်ပြီး ညမိုးချုပ်မှ စာကျက်ရသည်။ ဘော်ဒါတွေ၊ ဝိုင်းတွေ တက်နိုင်ရန်နေနေသာသာ ကျောင်းကိုပင် အချိန်ယူ၍တက်နေရသည်။

" ငါ နင့်ကို ဆယ်တန်းအောင်စေချင်တာ အောင်ကျော်ရယ်။ နင့်မှာ ဉာဏ်ကောင်းရဲ့သားနဲ့ဟာ"

ကရုဏာဒေါသောဖြင့် ပြောနေသည့်ထားခင်ကို ကျေးဇူးတင်စွာ ကြည့်နေမိသည်။ ထားခင်သည် ဆံပင်ရှည်ကလေးဖြင့် ကျက်သရေရှိစွာ လှပနေပါသည်။ သူဌေးသမီးဖြစ်သော်လည်း သွေးမကြီးတတ်၊ ဖော်ရွေသည်။ အထူးသဖြင့် ပြုံးချိုနေသည့် မျက်နှာကလေးကြောင့် ထားခင်သည် ကျွန်တော်တို့ ကျောင်း၌ပေါ်လွင်နေပါသည်။

"ထားခင်ရာ ငါကြိုးစားမှာပါဟ။ နင်ကြည့်ထား။ ဒီနှစ်ဆယ်တန်းအောင်စာရင်းမှာ ငှါနာမည်ပါလာစေရမယ်"

ကျွန်တော့်စကားကြောင့် ထားခင်းက ကျွန်တော့်ကိုစိုက်ကြည့်ကာ ပြုံးပြသည်။ ထားခင်၏ အပြုံးတွေထဲ အားပေးနှစ်သိမ့်မှုများ ပါနေသည်ကို ခံစားရသည်။ ထားခင်၏အပြုံးအောက်တွင် ကျွန်တော့် ရင်ဘတ်တစ်ခုလုံး လှုပ်ခါ၍နေပါတော့သည်။

(၃)

"နင် စဉ်းစားပါအုံးလား အောင်ကျော်ရယ်"

ထားခင်၏ စကားသံများက တိုးတိုးကလေးသာ။ ကျွန်တော့်ရင်ထဲလည်း ဝမ်းနည်းနေမိသည်။ မွေးရပ်မြေရွာကလေးမှ ခွဲခွာရမည့်စဲစဲတွင် ထားခင်နှင့် နောက်ဆုံး နှုတ်ဆက်တွေ့ဆုံကြခြင်းဖြစ်သည်။ ထားခင်၏ မျက်ဝန်းများကို၊ ကျွန်တော်ရင်မဆိုင်နိုင်စွာ ကျောခိုင်းထားမိသည်။ ခပ်ဝေးဝေးဆီက မြင်နေရသည့် အကွေ့အကောက် အမို့အမောက်များဖြင့် တောင်ဆင်းတောင်တက် - ကားလမ်းကလေးကို လှမ်းမျှော်၍ကြည့်နေမိသည်။

" အောင်ကျော်ရယ် နင် နင်ပြောတော့ "

ပြောလက်စဖြင့် စကားကို ရှေ့မဆက်သော်လည်း ထားခင်ပြောချင်နေသည့် စကားကို ကျွန်တော် သိနေသည်။

" နင်တို့ယောကျ်ားတွေက ဒီလိုပဲလား အောင်ကျော်ရယ် တကယ်တမ်းကျတော့ သရဲဘောကြောင်တတ်ကြသလားဟင်။ ပြောတော့ နင့်မှာသတ္တိတွေ အများကြီးရှိပါတယ်ဆို၊ ငါ့ကို ဘယ်တော့မှ ထားမသွားပါဘူးဆို၊ ပြောလေအောင်ကျော် ပြောပါအုံး ငါ့ကို"

ကျွန်တော်၏ ကျောပြင်ကို လက်ဖြင့်ထုနှက်ကာ ထားခင်က အားမလိုအားမရ မေးနေသည်။ ကျွန်တော် ပြန်၍ မဖြေနိုင်ခဲ့ပေ။

" ဘာမှ မပြည့်စုံတဲ့အခြေအနေကနေ ဆယ်တန်းကိုတောင် အောင်အောင် ကြိုးစားပြီး နင် ဖြေဆိုနိုင်ခဲ့သေးတာပဲမဟုတ်လား။ နင် ငါ့ကိုချစ်တယ်ဆိုရင် ကြိုးစားနိုင်ရမှာပေ့ါ အောင်ကျော်ရယ်"

ကျွန်တော် ထားခင်၏မျက်နှာကို စိုက်ကြည့်နေမိသည်။ အပြစ်ကင်းသည့်ထားခင်သည် မိဘများ၏ စိတ်ရင်းအမှန်ကို သိရှိဟန်မတူပေ။ သိနိုင်ရန်လည်း ကျွန်တော် မပြောရက်တော့ပေ။ ထားခင်၏ အပြစ်တင်သမျှသာ ငြိမ်၍ခံနေမိသည်။

" နင်ငါ့ကို အစကတည်းက တကယ်မချစ်ခဲ့တာလား အောင်ကျော်ရယ်။ ဘာကြောင့် နင်အခုလို ပြောင်းလဲသွားတာလဲ ဘာကြောင့်လဲ ငါနားမလည်တော့ဘူးဟာ "

ထားခင်၏ မိဘများက ကျွန်တော်နှင့် ထားခင်ကို သဘောမတူကြပေ။ အရာရာနိမ့်ပါးလှသည့် ကျွန်တော့်ဘဝကို ကျွန်တော် စိတ်ပျက်မိသည်။ ထားခင်၏မိဘများ ပြောသည့်နှယ် ကျွန်တော်သည် အနူလက်ဖြင့် ရွှေခွက်နှိုက်သည့်ပမာသာ ဖြစ်နေသည်။ မတူမတန် ဆက်ဆံတတ်ကြသည့် လူကုံထံအသိုင်းအဝိုင်းကို ကျွန်တော် အရှုံးပေးခဲ့ပါသည်။ အငိုမျက်ရည်များဖြင့် ချစ်ရသူကို ကျောခိုင်းကာ ထားခဲ့မိသည်။ မြို့ပေါ်တွင် ရသမျှ အလုပ်ကို ရှာဖွေလုပ်ကိုင်ကာ ငွေကြေးကို ရသလောက် စုဆောင်းနေမိတော့သည်။

(၄)

"အောင်ကျော် မင်းစိတ်ကို ခိုင်ခိုင်ထားကွ။ မင်းကောင်မကလေး အိမ်ထောင်ကျသွားပြီ"

ကြိုသိပြီးသားစကားဖြစ်သော်လည်း ကျွန်တော့်ရင်ထဲ ကမ္ဘာပျက်ခဲ့ရသည်။ ငွေသာလျှင် ပဓာနထားကာ အရာရာ ငွေကိုသာလျှင်ရှေ့တန်းတင်တတ်ကြသည့် လူကုံထံများကို ရွံမုန်းမိသည်။

" ပိုက်ဆံရှိတဲ့ သူဌေးသားတော့ ဟုတ်ပါရဲ့ကောင်လေးကြည့်ရတာ ထောင့်မကျိုးပါဘူးကွာ။ ကြီးမှန်းမသိ၊ ငယ်မှန်းမသိခပ်စွာစွာ ခပ်ရိုင်းရိုင်းလေးကွ။ ဒီကြားထဲ လောင်းကစားကလဲဝါသနာကြီးဆိုပဲ"

" စွာတာတွေ၊ရိုင်းတာတွေအသာထား အဓိကက ငွေကွ ငွေ ငွေ။ ငွေမက်တဲ့လူတွေဆိုတော့ ကိုယ့်သားသမီးနဲ့အဆင်ပြေနိုင်မလား၊ ဘာလား မစဉ်းစားဘူး။ ငွေရှိတိုင်းပြည့်စုံမယ်ထင်နေကြတာ"

သူငယ်ချင်းများ၏ တစ်ယောက်တစ်ပေါက် တီးတိုးမှတ်ချက်ချသံများ ကြားနေရသည်။ ကျွန်တော် ကိုယ်တိုင်တော့ ချစ်သူအတွက် စိတ်မချမ်းမြေ့ဖြစ်နေမိသည်။

" အောင်ကျော်"

"မင်း ထားခင်ကို ဘယ်လောက်ချစ်လဲ ငါတို့သိတာပေ့ါကွာ။ ဒါပေမဲ့ ဒီဘဝတော့ မင်းနဲ့ထားခင်က ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး"

ကျွန်တော့်အကြောင်းကို သိနေကြသည့် သူငယ်ချင်းများက နှစ်သိမ့်ကြလေသည်။ အားပေးကာ ဘဝအတွက် အရှုံးမပေးရန် ပြောကြသည်။ ရွာနှင့်ကျွန်တော်သည်လည်း အရောက်အပေါက်နည်းလာခဲ့သည်။ မိဘများထံ ငွေကြေးများကို လူကြုံဖြင့်သာပေးခဲ့သည်။ ရွာကို ပြန်မရောက် ဖြစ်တော့ပေ။

(၅)

"အောင်ကျော်ရယ် နင်က ဟိုးအရင်တုန်းကလိုပဲ ငယ်ရုပ်မပျောက်ဘူး။ သိလား"

တမင် စကားစလွဲ၍ ပြောလိုက်သည့် ထားခင်၏စကားကို ကျွန်တော် ခေါင်းညိတ်ဖြေလိုက်သည်။ ရွာကလေးသည်လည်းဟိုးယခင်တုန်းကနှယ် မဟုတ်တော့ပေ။ အစစအရာရာပြောင်းလဲကာ တိုးတက်လာခဲ့သည်။ သက်ငယ်မိုး ဝါးအိမ်ကလေးများအစား တိုက်ခံအိမ်လှလှကလေးများ နေရာယူထားကြသည်။ ရွှံ့နွံအလိမ်းလိမ်းဖြင့် ရွာလမ်းကလေးသည်လည်း ကွန်ကရစ်လမ်းမကြီးအဖြစ် ဖြောင့်တန်းသာယာနေပါသည်။ တစ်ရွာလုံးပေါင်းမှ စက်ဘီးဆယ်စီးမပြည့်သော ရွာကလေးသည် ယခုအခါ ဆိုင်ကယ်အိမ်တိုင်းစေ့ပိုင်ဆိုင်ကာ အချို့အိမ်များဆိုပါလျှင် ကားများပင် ပိုင်ဆိုင်နေကြလေပြီဖြစ်သည်။ သို့ပါသော်လည်း အထင်နှင့်အမြင် လွဲစွာပင် တွေ့မြင်လိုက်ရသည့် ထားခင်၏မိသားစုကို စိတ်မကောင်းစွာ တွေ့ရသည်။

" ထားခင် ဒါ နင့်ကလေးတွေလား ဘယ်နှစ်ယောက်ရပြီလဲဟ"

ရုတ်တရက် မေးလိုက်မိသည့် ကျွန်တော့်စကားကြောင့် ထားခင်၏ မျက်နှာကလေး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ ကလေးတစ်ဖက်ကို ပွေ့ချီထားသည့် ထားခင်၏အသွင်အပြင်သည် ဟိုးတုန်းက ထားခင်နှင့် ဆန့်ကျင်ဘက်ဖြစ်လို့နေပါသည်။

" သုံးယောက်ရပြီ အောင်ကျော်။ အဖေနဲ့အမေလဲ ဟိုလွန်ခဲ့တဲ့ သုံးနှစ်လောက်ကပဲ ဆုံးပါးသွားကုန်ကြပြီ ကိုရဲသော်လဲ မနှစ်ကဘဲဆုံးတယ်ဟ"

"ဟင် "

ထားခင်၏ အဖြေစကားကြောင့် အလိုက်မသိစွာ မေးလိုက်မိသည့်ကျွန်တော် ထားခင်ကို အားနာမိသည်။

"သြော် ဒါနဲ့ ဖေဖေမဆုံးခင်တုန်းက ဖေဖေက ငါ့ကို ပြောခဲ့ဖူးတယ်။ ဖေဖေက သူအမှားကြီးမှားသွားတယ်တဲ့။ သူနင့်အပေါ် မတရားခဲ့ဘူးလို့ပြောသွားတယ်။ ဖေဖေ့ကြောင့် နင်က ဒီရွာကနေ ထွက်သွားရတာတဲ့ အဲဒီအတွက် သူနောင်တရတယ်တဲ့လေ"

"သြော်"

"ပြီးတော့လဲ၊ ငါ မပြောချင်တော့ပါဘူး အောင်ကျော်ရယ်။ ထားပါတော့ ဖေဖေ့အမှားတွေအတွက်

စာမျက်နှာ ၂၆ သို့ ➤

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၄၀၅၄ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၄၀၅၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း၁၄၀၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးကြို ပဲတီစိမ်း ၁၆၈၅ ဧက တစ်ဧကလျှင် ၁၂ ဒသမ ၇၄ တင်းနှင့် မိုးပဲတီစိမ်း ၁၂၃၆၉ ဧက တစ်ဧကလျှင် ၁၃ ဒသမ ၃၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၁၄၀၅၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိပါတယ်။ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းကို ပိုမိုစိုက်ပျိုးနိုင်ပါက ဒေသအတွင်း စားသုံးမှုဖူလုံနိုင်သည့်အပြင် ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေးဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ပြောပြ၍ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ်တွင် တောကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဒီဇင်ဘာ ၃၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁၈ သိန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် ဘားအံမြို့နယ် တောကြီးကုန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၅၁၈ သိန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

➤ **စာမျက်နှာ ၂၅ မှအဆက်**

ငါကပဲ နင့်ကိုတောင်းပန်ပါတယ်ဟာ။ ငါလဲ တစ်ချိန်က နင့်အပေါ် အထင်လွဲခဲ့မိတယ် ''

''ဒါတွေ ထားလိုက်ပါတော့ ထားခင်ရာ ငါစိတ်ထဲ ဘာမှ မရှိတော့ပါဘူး။ ငါ အားလုံးကိုခွင့်လွှတ်ပါတယ်။ ဒါနဲ့ နင်တို့သားအမိတွေ အခုဘာတွေလုပ်ကိုင်နေကြလဲ၊ စားဝတ်နေရေးကော အဆင်ပြေကြရဲ့လား။ ဒီလိုမေးလို့ ငါ့ကို တစ်မျိုးမထင်နဲ့နော် ''

''ရပါတယ် အောင်ကျော်ရယ်။ ငါကဘာကိုစိတ်ဆိုးရမှာလဲ ငါ့သားအကြီးနှစ်ယောက်ကကျောင်းတက်နေကြပြီ။အကြီးကောင်က သုံးတန်း၊ အလတ်ကောင်က နှစ်တန်း၊ ဒီအငယ်ဆုံးကလေးက အခုမှ လေးနှစ်ထဲဝင်ရုံရှိသေးတယ်။ ငါ့အိမ်ရှေ့မှာ ဈေးဆိုင်ကလေးဖွင့်ထားတယ် အောင်ကျော်။ ငါ့မှာရှိတဲ့ အရင်းအနှီးကလေးတွေနဲ့ ရသလောက်ကလေးရင်းပြီး ဈေးဆိုင်ဖွင့်ထားတာ မိသားစုစားဝတ်နေရေးတော့ ဖူလုံပါတယ်ဟာ''

''အေးပါဟာ အဆင်ပြေအောင် ကြိုးစားကြရတာပေါ့ မဟုတ်လား။ နင့်ကျန်းမာရေးလဲ နင်ဂရုစိုက်အုံးနော်။ နင် ပိန်လိုက်တာ ထားခင်ရာ။ နင့်ပုံကို အခုလိုမြင်ရတာ ငါ့စိတ်ထဲ မကောင်းဘူး။ တကယ်ပါ ''

''အေးပါ အောင်ကျော်ရယ် ကျေးဇူးပါ ကျေးဇူးပါ။ ကဲ ကဲ ဒါဆို ငါသွားတော့မယ်နော်။ နင်လဲ ရွာကို ရောက်တုန်းရောက်ခိုက် ငါ့အိမ်ကို အိမ်လည်လေးဘာလေးလဲ လာအုံးပေါ့ဟယ်''

ပြောပြောဆိုဆို ကလေးခါးထစ်ခွင်ချီကာ ထွက်ခွာသွားသည့် ထားခင်ကို ကျွန်တော် ငေးကြည့်ကာ ကျန်ရစ်ခဲ့သည်။ ကျွန်တော့်စိတ်ထဲတွင်တော့ ထားခင်တို့သားအမိတွေ ဘေးဘယာတွေဝေးကွာပြီး သာယာချမ်းမြေ့နိုင်ပါစေဟုသာ ဆုတောင်းပေးနေမိပါတော့သည်။

# စုံညီအဆန်းနဲ့ အလှပြ ပြာသိုလ

\- စုံညီအဆန်းနဲ့ အလှပြတယ်က
ပြာသိုလ ဆိုသည်ကို၊
ရှေးအမည် ကွဲပြားသေးကွဲ့
လေးမျိုး ရှိအဆို၊
ထက်ယံထွန်း မြေမဟီလျှို
စာဆိုအလို ညွှန်းဖွဲ့ကြ၊
နက္ခတ်နွှယ် လပြည့်စန်းတို့နဲ့
ဆန်း အလှပြ။

\- ရာသီမည်ရှာ မကရ ရယ်က
ပါဠိစာမျှနှင့် မြန်မာစာတူ၊
သမင်မျက်နှာ မကန်း ငါးနှင့်
ဆိတ်ချိုများမူ၊
တာရာရယ်က ပုစွန်ယူ
ဇမ္ဗူတွင်း ထူးကဲကြောင်း၊
ထက်ယံနွှယ် အလှထွန်းတယ်လို့
ပြညွှန်း စာအပေါင်း။

\- မြေမဟီ နှင်းတို့သက်ဆင်းပေလို့
အေးမြအချင်းဆက် စိမ့်စိမ့်သာ၊
ဆောင်းလ အလယ်နဲ့ လိုက်ဖက်ဆင့်မို့
ထူးတင့်လှတာ၊
သိသိရ ရတု ကြုံလာ
ပြုအစုံမှာ သဘာဝ၊
စာဆိုရှင် ဖော်ကာကျူးတယ်တို့က
ကြည်နူး ရွှင်ပြ။

\- ခွာညိုရယ် ထူးရာပွင့်ပေလို့
မျိုးကွဲ အဆင့်ချင့် အသေအချာ၊
ခွာညိုရယ် အပွင့်ဖြူဖွေးတယ်နဲ့
အခွံလေး ညိုရှာ၊
ရနံ့လေးက သင်းလှိုင်တာ
ဝန်းအနှံ့ ဆန့်ပြေး၊
မြင်သူတွေ ရှုမငြီးတယ်က
ဆောင်း အလှလေး။

\- ရှေးမင်းများရယ် ကျင်းပခြင်းရယ်ရ
မြင်းခင်း အချင်း ပြပွဲသဘင်၊
အေးမြသည် ရာသီအတွင်းပေမို့
လိုက်ဖက်အချင်းဆင်၊
မြင်သူထူးခြား ဂုဏ်ပေါ်လွင်
ဓာတ်မာန်ပင် ပြသည့်ပွဲ၊
ယခုအခါ ပြောင်းလဲကြတာက
အဟောင်းထဲက သစ်လွင်ကာ
လှစ်အင်မှာ အားကစားရယ်လို့
လူထုအား ပါဝင်စေကာ
အခါတွင်ပေ ကျင်းပပွဲများတွေနဲ့
အချင်းပြသာနွှဲ။
အဆင်းလှသာမြဲ။ ။

**မောင်အောင်ဝေ(ညောင်ခြေထောက်)**

**စိန်လှိုင်ဖိုင်**

# ဟန်ဆောင်စာချုပ်မှန်ပါက နှုတ်သက်သေတင်ပြနိုင်

အိမ်၊ ခြံ၊ မြေစသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို အရောင်းအဝယ် ပြုလုပ်ကြရာတွင် သတ်မှတ်ထားသော အခွန်အခများကို ထမ်းဆောင်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုမှသာ တရားဝင်အတည်ပြုပိုင်ဆိုင်ခွင့်ရှိကြောင်း အများသိရှိကြပါသည်။ သို့ရာတွင် ရပ်ထဲရွာထဲ၌ အရပ်ကတိဟုခေါ်သော မှတ်ပုံမတင်သည့်စာချုပ်ကို ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်ပြီး ပစ္စည်းလက်ရောက်ရယူကြသည်များလည်း ရှိကြပါသည်။

မှတ်ပုံတင်စာချုပ်ဖြင့် အရောင်းအဝယ် ပြုလုပ်ပါလျက် နှစ်ဖက်အငြင်းပွားမှုပေါ်ပေါက်လာသောအခါ၌ ၎င်းစာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း အရောင်းစာချုပ်အဖြစ် ရည်ရွယ်ချုပ်ဆိုခြင်းမဟုတ်ဘဲ ရောင်းသူဘက်မှ အပေါင်သဘောသာချုပ်ဆိုပေးခဲ့ကြောင်း အငြင်းပွားမှုများ ရှိတတ်ပါသည်။ သက်သေခံဥပဒေပုဒ်မ-၉၂ က ပညတ်ထားသော်လည်း အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်မရှိ ဟန်ဆောင်စာချုပ်သာဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်း သက်သေထူခွင့်ရှိသည်နှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်လည်းကောင်း အများပြည်သူ ဥပဒေဗဟုသုတလည်းရစေဟူသော ရည်ရွယ်ချက်ဖြင့် လမ်းညွှန်စီရင်ထုံးတစ်ခုကို ကိုးကားရေးသားတင်ပြပါဦးမည်။

ဦးပြုံး(ပါ ၂ ဦးတို့က သံလျင်မြို့နယ် တရားမတရားသူကြီးရုံးတွင် ဦးငွေထွန်း(ပါ ၂ ဦးတို့အပေါ် အချင်းဖြစ်သည့် သုံးခွမြို့၊ အလောင်းစည်သူလမ်း၊ အိမ်အမှတ် (၃၅) မှ ထွက်ခွာသွားရန်နှင့် လက်ရောက်ရလိုမှု စွဲဆိုခဲ့သည်။ မူလရုံးက နှစ်ဖက်သက်သေများကို စစ်ဆေး၍ တရားလိုများဘက်မှ တင်ပြသော အရောင်းစာချုပ်မှာ ဟန်ဆောင်စာချုပ်မျှသာဖြစ်သည်ဟုဆိုပြီး စွဲဆိုသောအမှုကိုပလပ်လိုက်သည်။ အယူခံဝင်ရောက်သောအခါ ရန်ကုန်တိုင်းရုံးကလည်း မူလရုံးအမိန့်ကို အတည်ပြုလိုက်သဖြင့် ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှု ဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အချင်းဖြစ်အိမ်ကို ဦးငွေထွန်း(ပါ ၂ ဦးတို့ထံမှ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၁၈ ရက်က မှတ်ပုံတင်အရောင်းစာချုပ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ထိုသို့ဝယ်ယူခဲ့ပြီး ၎င်းတို့ကိုပင် အိမ်တွင်ဆက်၍ အခမဲ့နေခွင့်ပြုခဲ့ကြောင်း လိုအပ်သည့်အခါဖယ်ရှားပေးမည်ဟု ကတိရှိခဲ့ကြောင်း၊ ဖယ်ရှားပေးရန် တောင်းဆိုသည့်အခါ ငြင်းဆိုသည့်အတွက် တရားစွဲရသည် အစရှိသဖြင့် အယူခံတရားလိုတို့က အဆိုပြုခဲ့သည်။

အယူခံတရားပြိုင်တို့က အယူခံတရားလိုတို့ထံမှ ငွေကျပ် ၁၀၀ လျှင် တစ်လအတိုးငွေ ၄ ကျပ်နှုန်းဖြင့် ၎င်းတို့ပိုင် နေအိမ်ဂရန်ကို လက်ရောက်ပေးအပ်ပြီး ငွေကျပ် ၅၀၀၀ ချေးယူခဲ့ကြောင်း၊ အယူခံ တရားပြိုင်တို့က ငွေရင်းကိုမပေးဆပ်နိုင်ဘဲ အတိုးငွေများကိုသာ မှန်ကန်စွာပေးဆပ်ခဲ့ရာ အယူခံတရားလိုတို့က ငွေရင်းကို ပေးဆပ်ရန်တောင်းဆိုခဲ့ကြောင်း၊ သို့ရာတွင် အဆိုပါငွေရင်းကို အယူခံတရားပြိုင်တို့က မပေးဆပ်နိုင်သဖြင့် အယူခံတရားပြိုင်တို့၏ နေအိမ်နှင့်မြေကို အပေါင်အဖြစ်ပေးထားရာ ထိုသို့ အပေါင်



ပေးရာ၌ အယူခံတရားလိုတို့တွင်ငွေချေးစားခွင့်လိုင်စင်မရှိသည့်အတွက် အရောင်းစာချုပ်ပြုလုပ်ပေးထားရန် အခြားငွေချေးသူများလည်း ဤကဲ့သို့ပြုလုပ်ကြောင်း အယူခံတရားလိုတို့၏ ပြောကြားချက်ကို ယုံကြည်သဖြင့် အယူခံတရားပြိုင်တို့က အချင်းဖြစ်ပစ္စည်းကို အရောင်းစာချုပ်ပြုလုပ်ပေးခဲ့ရကြောင်း၊ သို့သော်လည်း အဆိုပါအရောင်းစာချုပ်မှာ ဟန်ဆောင်အရောင်းစာချုပ်အနေမျိုးသာ ချုပ်ပေးခဲ့ရသည့်အပြင် အရောင်းစာချုပ်အဖြစ် ရည်ရွယ်ချုပ်ဆိုခြင်းမဟုတ်ဘဲ အပေါင်သဘောသာ ချုပ်ပေးခဲ့ကြောင်း ထုချေခဲ့သည်ကို ဗဟိုတရားရုံးက ဖော်ထုတ်စိစစ်ခဲ့ပါသည်။

အယူခံတရားလိုတို့က အယူခံတရားပြိုင်တို့၏ ထုချေချက်များကိုငြင်းဆိုပြီး အယူခံတရားပြိုင်တို့သည် အရောင်းစာချုပ်ကို ရေစစ္စရီပြုလုပ်ပေးကြောင်း ဝန်ခံထားသည့်အတွက် ၎င်းစာချုပ်တွင် ပါရှိသည့်အချက်များကို ငြင်းဆန်ပြီးပြောဆိုရန် ဥပဒေကပိတ်ပင်ထားသည်ဟု တင်ပြလျှောက်ထားခဲ့သည်။ မူလရုံးသည် နှစ်ဖက်သက်သေများကို စစ်ဆေး၍ အရောင်းစာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်သည်ဟုသုံးသပ်ပြီး အယူခံတရားလို စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ ရန်ကုန်တိုင်းအယူခံတွင်လည်း မြို့နယ်ရုံးအမိန့်ကိုပင် အတည်ပြုခဲ့ကြောင်း ဗဟိုတရားရုံးက ဖော်ထုတ်စိစစ်ခဲ့ပါသည်။

ဗဟိုတရားရုံးက ဤဒုတိယအယူခံမှုတွင် ဆုံးဖြတ်ရန် အဓိကအချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ ဥပဒေကြောင်းနှင့် သက်ဆိုင်သည်။ သက်သေခံအမှတ်(က) အရောင်းစာချုပ်ကို အယူခံတရားပြိုင်များက လက်မှတ်ရေးထိုးချုပ်ဆိုပေးပြီး ရေစစ္စရီမှတ်ပုံတင်ပေးကြောင်း ဝန်ခံထားသည်။ ထို့ကြောင့် ၎င်းစာချုပ်သည် စင်စစ်မှာ အရောင်းစာချုပ်မဟုတ်ပါ။ အပေါင်စာချုပ်ဖြစ်သည်။ ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ-၉၂ က ပိတ်ပင်သဘောဟူသော အချက်ဖြစ်သည်။

စာချုပ်တစ်ခုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့ကြသည်။ အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုစာချုပ်ပါစကားရပ်တို့နှင့် ကွဲလွဲ၍ ချုပ်ဆိုသူတို့က သက်သေမထူနိုင်ချေ။ ထိုသို့ပင် သက်သေခံဥပဒေပုဒ်မ-၉၂ က ပညတ်ထားသည်။ သို့ရာတွင် **အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်မရှိ ဟန်ဆောင်စာချုပ်မျှသာဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်း သက်သေထူခွင့်ရှိသည်။ စာချုပ်တစ်ရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုးမဟုတ်ဘဲ ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေ တင်ပြနိုင်သည်။** ထို့ကြောင့် ဤအမှုတွင် သက်သေခံ(က) စာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း အယူခံတရားပြိုင်တို့ကို သက်သေထူခွင့်ပေးခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု ဆိုရပေမည်ဖြစ်ကြောင်း ဗဟိုတရားရုံးက စိစစ်သုံးသပ်ခဲ့ပါသည်။

ဒုတိယအချက်မှာ အကြောင်းခြင်းရာနှင့် သက်ဆိုင်သည်။ သက်သေခံအမှတ်(က)သည် သက်သေခံအထောက်အထားများအရ ဟန်ဆောင်စာချုပ်မျှသာဖြစ်သည်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့က ဆုံးဖြတ်ပေးထားပြီးဖြစ်သည်။ **အမှုတစ်မှုတွင် အကြောင်းခြင်းရာနှင့်ပတ်သက်၍ မူလရုံးနှင့် ပထမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေဖြင့် ၎င်းဆုံးဖြတ်ချက်ကို လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း** ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ဤအမှုတွင် သက်သေခံအထောက်အထားများအရ သက်သေခံအမှတ်(က)မှာ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း မူလရုံးနှင့် ပထမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အထူးအကြောင်းမရှိဟု ယူဆသည်။ **အထူးသဖြင့် အယူခံတရားလို ဦးပြုံးသည် အခြားသူများကိုလည်း ပစ္စည်းပေါင်နှင့် ငွေများချေးထားပြီး အရောင်းစာချုပ်များ ချုပ်ဆိုထားလေ့ရှိကြောင်း** ပေါ်လွင်ထင်ရှားသည်။

ထို့ကြောင့် အကြောင်းခြင်းရာ အချက်အလက်တို့ကို စုပေါင်းသုံးသပ်လိုက်ပါမူ သက်သေခံအမှတ်(က)စာချုပ်မှာ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့်ချုပ်ဆိုထားသော စာချုပ်အစစ်အမှန်မဟုတ်ဘဲ ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း ထင်ရှားသည်ဟု ဆုံးဖြတ်ရပေမည်ဟု ဗဟိုတရားရုံးက စိစစ်သုံးသပ်ဝေဖန်ပြီးနောက် အယူခံမှုကို ပလပ်လိုက်ပါသည်။

ဤအမှုတွင် ဗဟိုတရားရုံးက သက်သေခံဥပဒေပုဒ်မ-၉၂ ပါ ပြဋ္ဌာန်းချက်ကို ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်သုံးသပ်ခဲ့ကြောင်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက်ချုပ်ဆိုခဲ့သော စာချုပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့သည့် စာချုပ်အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုစာချုပ်ပါ စကားရပ်တို့နှင့်ကွဲလွဲ၍ ချုပ်ဆိုသူတို့ကသက်သေမထူနိုင်ကြောင်း သက်သေခံဥပဒေပုဒ်မ-၉၂ က ပြဋ္ဌာန်းထားသော်လည်း အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်မရှိ ဟန်ဆောင်စာချုပ်မျှသာဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်း သက်သေထူခွင့်ရှိကြောင်း ရှင်းလင်းဖော်ပြထားပါသည်။ ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း၊ **နှုတ်သက်သေတင်ပြနိုင်ကြောင်းကိုပါ ဦးပြုံး(ပါ ၂ နှင့် ဦးငွေထွန်း(ပါ ၂၊ ၁၉၇၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၄ တွင် စီရင်ဆုံးဖြတ်ထုံးဖွဲ့ထားပါကြောင်း** ရေးသားတင်ပြလိုက်ပါသည်။

# တောင်တွင်းကြီးမြို့နယ် မထီးစံပြကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မထီးစံပြကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွတ်မွန်းလျှန်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မထီးစံပြကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခွတ်မွန်းလျှန်နှင့်တာဝန်ရှိသူများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မထီးစံပြကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၇၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၉ ဒသမ ၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၂၃ ဒသမ ၁ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကိုငွေကျပ် ၁ ဒသမ ၂ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅ ဒသမ ၃၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွံ့ယဉ်**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော စပါး ၂၅၆၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၅၆၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၅၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၅၆၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၃ ဒသမ ၄၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ စပါး ဧက ၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းရှူးမြို့နယ် နားနမ့်လတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မိုင်းရှူး ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားနမ့်လတ်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက နားနမ့်လတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နားနမ့်လတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အောက်တိုဘာလအတွင်းက ငှက်ပျောသီးအစုံ အဖီးရေ ၃၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက် မှ ၃၀ ရက်ထိ ငှက်ပျောသီးအစုံ အဖီးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တစ်လအတွင်း ငှက်ပျောသီးနှစ်မျိုးတည်း ရန်ကုန်ဈေးကွက်ထဲ ပိုမိုတင်ပို့ခဲ့ပါတယ်။



ပြည်တွင်းမှာကို ငှက်ပျောလိုအပ်ချက် များနေတဲ့အခြေအနေတွေ ရှိတယ်။ နိုဝင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ပွဲရုံတွေဆီ ငှက်ပျောသီးတွေ အဝင်အထွက် မျှနေပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှတောင်သူများသည် ဖီးကြမ်းငှက်ပျောသီးနှင့် ရခိုင်ငှက်ပျောသီးကို အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇလွန်မြို့နယ်၌ နန်းတော်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဇလွန် ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ နန်းတော်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ဖြင့် နေကြာ၊ မြေပဲ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မူမူသင်း၊ ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့် ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ နန်းတော်ကျွန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပေးဆပ်ကြရန် ဆွေးနွေးမှာကြားပြီး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မူမူသင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နန်းတော်ကျွန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း နေကြာ ၃၁ ဧကနှင့် မြေပဲ ၁၉ ဧက စိုက်ပျိုးထားရှိပြီး အသင်းသား၊ အသင်းသူ ၆၉ ဦးကို ငွေကျပ်သန်း ၂၀ ထုတ်ချေးပေးထားကြောင်း ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# မိုးညှင်းမြို့နယ် ဝဘော်ကျေးရွာ၌ ကျေးရွာတွင်းသဲကျောက်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**မိုးညှင်း ဒီဇင်ဘာ ၃၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝဘော်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်း သဲကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဝဘော်ကျေးရွာတွင် ကျေးရွာတွင်း သဲကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆို ဝဘော်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်ထံမှ သိရသည်။

**ချစ်ဦးကို**

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# လိုကာနိုစိတ်ဓာတ်နှစ် ၁၀၀ ပြည့်နှင့် ဥရောပတိုက်၏ကျန်းမာရေးအခြေအနေ

ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၂၅ ခုနှစ် အောက်တိုဘာလအတွင်း ဆွစ်ဇာလန်နိုင်ငံ လိုကာနိုမြို့တွင် ပထမ ကမ္ဘာစစ်ကြီးအတွင်းက တိုက်ခိုက်ခဲ့ကြသည့် ဥရောပနိုင်ငံများကြား ဆွေးနွေးညှိနှိုင်းမှုများ အကြီးအကျယ်ပြုလုပ်ခဲ့ကြသည်။ ထိုဆွေးနွေးမှုများ၏ ရလဒ်အဖြစ် ၁၉၂၅ ခုနှစ် ဒီဇင်ဘာအတွင်း လန်ဒန်မြို့မှာ ငြိမ်းချမ်းရေးသဘောတူစာချုပ်များစွာချုပ်ဆိုနိုင်ခဲ့ကြပါသည်။ ဥရောပတိုက်ကြီး၏ လုံခြုံရေးကို အကောင်းမြင်ဝါဒနှင့် ငြိမ်းချမ်းရေးအယူအဆများဖြင့် ရှုမြင်သုံးသပ်နိုင်ခဲ့ကြသည့် အခိုက်အတန့်ဟု ဆိုရပါမည်။ လိုကာနိုမြို့တွင် စတင်နိုင်ခဲ့သည့် ငြိမ်းချမ်းရေးဝါဒဖြစ်သဖြင့် ထိုဖြစ်စဉ်များကို 'လိုကာနိုစိတ်ဓာတ်'ဟု ဥရောပသားတို့ကခေါ်ဆိုခဲ့ကြပါသည်။

လိုကာနိုစိတ်ဓာတ်ဖြင့် ဂျာမဏီနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများကြား ပြန်လည်သင့်မြတ်ကာ ဆက်ဆံရေးများပြန်လည်ထူထောင်နိုင်ခဲ့ကြပြီး ကမ္ဘာ့အသင်းပေါင်းချုပ်ကြီး ပေါ်ပေါက်လာရန် လမ်းစပွင့်ခဲ့သည်။ လိုကာနိုဆွေးနွေးမှုများ၏ရလဒ်အဖြစ် စာချုပ်စာတမ်း ၇ စောင်ချုပ်ဆိုနိုင်ခဲ့ကြပြီး ဂျာမဏီ၊ ပြင်သစ်၊ ဗြိတိန်၊ ဘယ်လ်ဂျီယန်၊ အီတလီ၊ ပိုလန်၊ ချက်ကိုစလိုဗေးကီးယားနိုင်ငံများ ပါဝင်ခဲ့ကြပါသည်။ အဓိကဦးဆောင်ခဲ့ကြသူများဖြစ်သည့် ထိုစဉ်က ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ချိန်ဘာလိန်၊ ပြင်သစ်ဝန်ကြီးချုပ် ဘရိုင်ယန်နှင့် ဂျာမန်ဝန်ကြီးချုပ် စတိရ်စ်ဇမန်တို့ကို ငြိမ်းချမ်းရေးနိုဘယ်ဆုများ အပ်နှင်းခြင်းခံခဲ့ရသည်။

၂၀၂၅ ခုနှစ်ကို ချင်းနင်းဝင်ရောက်လာချိန်တွင် ကမ္ဘာကြီးပေါ်က နေရာအချို့ ပဋိပက္ခများဖြစ်နေကြသည်။ ယူကရိန်းအရေး၊ ဆီးရီးယားပြဿနာနှင့် အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်မှုများ၊ ခန့်မှန်းရခက်လွန်းသည့် အမေရိကန်နိုင်ငံ၏သမ္မတအသစ်အရေး၊ ကမ္ဘာ့လူသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် များပြားလှစွာသောအန္တရာယ်များဖြင့် ၂၀၂၅ ခုနှစ်က စောင့်ဆိုင်းနေပါသည်။ ထိုသို့သော စိန်ခေါ်မှုများသည် ဥရောပနိုင်ငံများကြား လွန်ခဲ့သည့်နှစ် ၁၀၀ ကရှိခဲ့သည့် လိုကာနိုစိတ်ဓာတ်ဖြင့် ဥရောပတိုက်သားတို့၏ ကျန်းမာရေးကို စောင့်ရှောက်ကာကွယ်နိုင်၊ မကာကွယ်နိုင်ခြင်းကို စောင့်ကြည့်ကြပါမည်။

နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး စသည်ဖြင့် အရေးအရာများစွာရှိသည့်အနက် ဥရောပသားများအတွက် ကျန်းမာရေးလုံခြုံမှုက ဘာကြောင့်ပိုအရေးကြီးနေရတာလဲဟု မေးစရာရှိလာသည်။ Lancet ဆေးပညာဂျာနယ်အဖွဲ့ကြီး၏ "၂၀၅၀ ပြည့်နှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးမျှော်မှန်းချက်စစ်တမ်း"ကို လေ့လာကြည့်လိုက်ရင် ထိုအဖြေကရှင်းသွားပါမည်။ ဥရောပတိုက်တစ်ဝန်း နောင်လာမည့် ၂၅ နှစ်အတွင်း (၂၀၅၀ ပြည့်နှစ်ထိ) ကမ္ဘာပေါ်၌ လူပေါင်း ၂၅ သန်းကျော်ကို သေကျေပျက်စီးစေနိုင်မည့် ကမ္ဘာ့ကူးစက်ရောဂါတစ်မျိုးမျိုး ဖြစ်ပွားနိုင်ခြေက ၄၈ ရာခိုင်နှုန်းရှိသည်ဟု ထိုအဖွဲ့ကြီးမှခန့်မှန်းထားခြင်းကြောင့်ဖြစ်ပါသည်။ ထိုထုတ်ပြန်ချက်က ဥရောပတိုက်အဝန်း နိုင်ငံများမှအစိုးရအဖွဲ့များ၊ နန်းတော်ကြီးများကို တုန်လှုပ်သွားစေခဲ့သည်။ ကျန်းမာရေးဆိုင်ရာလုံခြုံရေးဆောင်ရွက်မှု၊ တစ်နည်းအားဖြင့် ကမ္ဘာ့ကပ်ရောဂါကြီးများအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရန်မှာ ဥရောပနိုင်ငံများအတွက် အရေးကြီးလုပ်ငန်းဖြစ်လာတော့သည်။

ဥရောပတိုက်အတွင်း ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်ရန်မှာ အလွယ်တကူနိုင်ငံဖြတ်ကျော်သွားရောက်နေကြသည့် ဒေသတွင်းနိုင်ငံများကြား ပူးပေါင်းညှိနှိုင်းမှုနှင့် အပြန်အလှန်အကူအညီပေးလုပ်ဆောင်နိုင်မှုများက မရှိမဖြစ်လိုအပ်ပါသည်။

**❖ ၂၀၂၅ ခုနှစ်ကို ချင်းနင်းဝင်ရောက်လာချိန်တွင် ကမ္ဘာကြီးပေါ်ကနေရာအချို့ ပဋိပက္ခများဖြစ်နေကြသည်။ ယူကရိန်းအရေး၊ ဆီးရီးယားပြဿနာနှင့် အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်မှုများ၊ ခန့်မှန်းရ ခက်လွန်းသည့် အမေရိကန်နိုင်ငံ၏သမ္မတအသစ်အရေး၊ ကမ္ဘာ့လူသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် များပြားလှစွာသောအန္တရာယ်များဖြင့် ၂၀၂၅ ခုနှစ်က စောင့်ဆိုင်းနေပါသည်။ ထိုသို့သော စိန်ခေါ်မှုများသည် ဥရောပနိုင်ငံများကြား ပြီးခဲ့သည့်နှစ် ၁၀၀ ကရှိခဲ့သည့် လိုကာနိုစိတ်ဓာတ်ဖြင့် ဥရောပတိုက်သားတို့၏ ကျန်းမာရေးကို စောင့်ရှောက်ကာကွယ်နိုင်၊ မကာကွယ်နိုင်ခြင်းကို စောင့်ကြည့်ကြပါမည်။ ❖**

သို့ပေမယ့် လက်ရှိဥရောပတိုက်အခြေအနေက ကစဉ့်ကလျားဖြစ်နေသည်။ ပြင်သစ်ဝန်ကြီးချုပ် မီချယ်ဘာနီယာကို အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့သဖြင့် ပြင်သစ်အစိုးရအနေအထားက မတည်မငြိမ်ဖြစ်နေသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှာ ပြင်သစ်သမ္မတမက်ခ်ရွန်က တစ်နှစ်အတွင်းလေးယောက်မြောက်ဝန်ကြီးချုပ်ကို ခန့်အပ်ခဲ့သော်လည်း မက်ခ်ရွန်၏ နိုင်ငံရေးအာဏာမှာ ကျဆင်းနေသည်။

ဂျာမဏီနိုင်ငံကို လေ့လာကြည့်တော့လည်း ဝန်ကြီးချုပ်အိုလဖ်အနေအထားက ယိုင်လဲပြိုကျသည့်အခြေအနေဖြစ်နေပြန်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှာ အိုလဖ်သည်လည်း အယုံအကြည်မရှိ အဆိုတင်သွင်းခံထားရသည်။ သည်အတိုင်းဆိုလျှင် ဂျာမဏီနိုင်ငံ၏ရွေးကောက်ပွဲက ရှေ့သို့တိုးပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပမည့်အခြေအနေရှိနေသည်။ ပြင်သစ်နှင့် ဂျာမဏီနှစ်နိုင်ငံစလုံးက ဥရောပသမဂ္ဂမှာ ရှေ့ဆုံးမှမားမားမတ်မတ်ရပ်ပြီး ဦးဆောင်ခဲ့ကြသူများဖြစ်သည်။ အခုတော့ သူတို့၏ကိုယ်ပိုင်နိုင်ငံရေးအကျပ်အတည်းများဖြင့် ခက်ခဲနေ ကြသည်။ တစ်ချိန်က ဥရောပသမဂ္ဂ၏ အဓိက ဦးဆောင်နိုင်ငံဖြစ်ခဲ့သည့် ယူကေနိုင်ငံက အဖွဲ့ဝင် အဖြစ်မှ နှုတ်ထွက်သွားခဲ့ပြီ။ ပြီးခဲ့သည့်နှစ် ၁၀၀ ကလိုကာနိုစိတ်ဓာတ်ကို မျိုးစေ့ချပေးခဲ့ကြသည့် နိုင်ငံကြီးသုံးနိုင်ငံလုံးက အားပျော့နေချိန်မှာ ဥရောပသမဂ္ဂ၏ခေါင်းဆောင်နေရာကို အစားထိုးဝင်ရောက်နေရာယူပြီး ခေါင်းဆောင်မှုပေးနိုင်မည့် နိုင်ငံတစ်နိုင်ငံပေါ်ပေါက်လာရန် လိုအပ်နေသည်။

ပထဝီအနေအထားအရကြည့်လျှင် ကူးစက်ရောဂါများ စတင်ပေါ်ပေါက်လာလေ့ရှိသည့် အာဖရိကနိုင်ငံများနှင့် ဥရောပနိုင်ငံများက မကွာဝေးလှ။ တရားမဝင်နိုင်ငံဖြတ်ကျော်ဝင်ရောက်မှုများ များပြားလှသည့်အခြေအနေမျိုးမှာ အာဖရိကတိုက်ကွန်ဂိုနိုင်ငံမှာ ဖြစ်ပွားနေသည့် အဖြေရှာမရသေးသည့် တုပ်ကွေးကဲ့သို့ ကူးစက်ရောဂါဗိုင်းရပ်စ်ပိုးတစ်မျိုးကို ဥရောပနိုင်ငံများအနေဖြင့် စိုးရိမ်ရန်လိုအပ်သည်။ ဥရောပတိုက်တွင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုဒေသတွင်းနိုင်ငံများကြား ဦးဆောင်ဦးရွက်ပြုပေးနေသည့် အဖွဲ့ကြီးသုံးဖွဲ့ရှိသည်။ WHO/Europe ဟု အတိုကောက်ခေါ်ဝေါ်ကြသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဥရောပဌာနရုံး၊ ဥရောပရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာန (ECDC)၊ ကျန်းမာရေးဆိုင်ရာအရေးပေါ်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးအာဏာပိုင်အဖွဲ့(HERA)အမည်ရသည့် အဖွဲ့ကြီး ၃ ဖွဲ့ဖြစ်ပါသည်။ HERA က ဥရောပသမဂ္ဂ၏တိုက်ရိုက်လက်အောက်ခံအဖွဲ့ဖြစ်သည်။ ကိုဗစ်-၁၉ ကာလက ထိုအဖွဲ့ကြီးသုံးဖွဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဥရောပနိုင်ငံများအတွင်း ကိုဗစ်- ၁၉ ရောဂါကို အန်တုခဲ့ကြသည်။ လတ်တလောကာလမှာ ထိုအဖွဲ့ကြီးသုံးဖွဲ့၏ပူးပေါင်းဆောင်ရွက်မှုများ အားနည်းနေသည်ဟု သုံးသပ်ကြသည်။

အဖွဲ့တစ်ဖွဲ့ချင်းစီအနေဖြင့်တော့ မိမိတို့သက်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။ ဥပမာ WHO/Europe သည် ခေါင်းဆောင်ဟန်စ်လုချ့်လက်အောက်တွင် ဥရောပနိုင်ငံများအတွင်း ကလေးသူငယ် အဝလွန်ရောဂါထိန်းချုပ်ရေး၊ ဆေးလိပ်ဆေးရွက်ကြီးထိန်းချုပ်ရေးနှင့် ကျန်းမာရေးအသုံးစရိတ် အလွန်အကျွံကုန်ကျနေမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်။ ဥရောပရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနကမူ တိရစ္ဆာန်မှကူးစက်ပျံ့နှံ့တတ်သည့် ရောဂါများကို အထူးပြုလေ့လာလျက်ရှိပြီး မကြာသေးမီက Listeriosis အမည်ရ တာရှည်ခံအသားများနှင့် နို့ထွက်ပစ္စည်းများမှ ကူးစက်တတ်သည့် ရောဂါအကြောင်းလေ့လာနေသည်ကိုတွေ့ရသည်။ သို့ပေမယ့် ထိုလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းမရှိကြပေ။

အရေးပေါ်ရောဂါများ ထိန်းချုပ်နိုင်ရေးနှင့်မူဝါဒများ လျင်မြန်စွာချမှတ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာလအတွင်း EU4Health အမည်ရသည့် စီမံချက်တစ်ခုကို ဥရောပနိုင်ငံများကြား အကောင်အထည်ဖော်ခဲ့သည်။ ထိုအဖွဲ့၏ရည်ရွယ်ချက်က ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ဥရောပကျန်းမာရေးသမဂ္ဂအဖွဲ့တည်ထောင်နိုင်ရန်ဖြစ်ပြီး နယ်စပ်ဒေသများကို ဖြတ်ကျော်ဝင်ရောက်နေကြသည့် ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်ရေး အဓိကရည်ရွယ်ခြင်းဖြစ်သည်။ ၂၀၂၁ မှ ၂၀၂၇ ခုနှစ်များကြား ဥရောပကျန်းမာရေးသမဂ္ဂ၏ ရည်ရွယ်ချက်များကို ဖော်ပြရလျှင် နယ်စပ်ဖြတ်ကျော်ကျန်းမာရေးပြဿနာများထိန်းချုပ်နိုင်ရေး၊ ဥရောပနိုင်ငံများကြား ကင်ဆာရောဂါများ ဝိုင်းဝန်းထိန်းချုပ်နိုင်ရေး၊ ဥရောပဆေးဝါးဈေးကွက်ကိုကိုင်တွယ်ထိန်းချုပ်နိုင်ရေးနှင့် ဒီဂျစ်တယ်ကျန်းမာရေးစောင့်ရှောက်မှုပုံစံ တညီတညာတည်းဖွံ့ဖြိုးလာရေးတို့ဖြစ်သည်။

ထိုရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းစဉ်ကြီးသုံးရပ်ရှိသည်။ ပထမလုပ်ငန်းစဉ်အနေဖြင့် မဟာဗျူဟာမြောက်ပေါင်းစပ်ညှိနှိုင်းမှုများချမှတ်ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ ဒုတိယလုပ်ငန်းစဉ်အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်ရုံမျှမက အဖွဲ့ဝင်မဟုတ်သည့် မိတ်ဖက်နိုင်ငံများနှင့်ပါ လက်တွဲဆောင်ရွက်ရန်ဖြစ်ပါသည်။ တတိယအချက်အနေဖြင့် မဟာဗျူဟာရည်မှန်းချက်များ အကောင်အထည်ဖော်ရာမှာ နိုင်ငံခေါင်းဆောင်ပိုင်းအဆင့်များထိ စိတ်ဝင်တစားဖြင့် ဖေးမကူညီရန်လိုအပ်ပြီး သမဂ္ဂအတွင်းခေါင်းဆောင်မှုများကို ထောက်ပံ့ပေးရန်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဥရောပသမဂ္ဂ၏ ကျန်းမာရေးညီလာခံကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင်ကျင်းပမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းခြိမ်းခြောက်မှုများဖြင့် ပတ်လည်ဝိုင်းနေသည့် ဥရောပအသိုက်အဝန်းအတွက် ပြီးခဲ့သည့်နှစ် ၁၀၀ က လိုကာနိုစိတ်ဓာတ်မျိုးဖြင့် ရင်ဆိုင်ကျော်ဖြတ်နိုင်ကြမည်လားဆိုသည်ကို စောင့်ကြည့်ကြရန်ဖြစ်ပါသည်။

**ကိုးကား**

**– European health security needs a reboot in 2025 from Lancet Dec 28**

**ဒေါက်တာလွှမ်းမိုးဟန်**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ပျော်ပျော်ရွှင်ရွှင် နှစ်သစ်အချိန်အခါတွင်

မန္တလာကိုကိုဝင်း

၂၀၂၅ ခုနှစ် မင်္ဂလာနှစ်သစ်ကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် တက်ကြွပျော်ရွှင်စွာကြိုဆိုကြသည်။ နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာကြိုဆိုသည့်အနေဖြင့် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲများကို ကျင်းပခဲ့သည်။ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြသည်ကို တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။ နှစ်သစ်သို့ရောက်ရှိသည်နှင့်အတူ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများကို ကြားသိရပြီးဖြစ်သည်။ လူမျိုးဘာသာ ခွဲခြားခြင်းမရှိဘဲ အကောင်းဆုံးသောဆုတောင်းစကားများကို ပြောကြားခဲ့ကြသည်။

ကမ္ဘာ့နှစ်ဆန်းတစ်ရက်ဟုခေါ်ဆိုနိုင်သည့် ထိုနေ့ကို ကမ္ဘာ့နိုင်ငံများတွင် ရုံးပိတ်ရက်အဖြစ်သတ်မှတ်သလို မြန်မာနိုင်ငံသည်လည်း ရုံးပိတ်ရက်အဖြစ် ပြည်သူများ စိတ်ချမ်းသာကိုယ်ကျန်းမာနှင့် ချမ်းမြေ့စွာနေထိုင်နိုင်ရေးကို မြော်တွေးကာ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးထားသည်။ လူသားတို့၏ ဘဝသက်တမ်းသည် နှစ် ၁၀၀ မျှသာဖြစ်ပေရာ အသက်ရှင်သန်နေထိုင်စဉ်ကာလတွင် လူတိုင်းက ကျန်းမာချမ်းသာစိတ်ပျော်ရွှင်စွာနေထိုင်လိုကြသည်မှာ တူညီသောရည်မှန်းချက်ဖြစ်သည်။ လူတစ်ဦးချင်းဖြစ်စေ၊ မိသားစုတစ်စုဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံဖြစ်စေလူမှုစီးပွားဘဝများကို စိတ်ချမ်းသာကိုယ်ကျန်းမာနှင့် လုပ်ကိုင်ဆောင်ရွက်အောင်မြင်စေချင်သည်။

ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှဆိုသောစကားသည် လူသားတို့စုပေါင်းနေထိုင်ကြသည့် ကမ္ဘာကြီးတွင် အမှန်တကယ်လိုအပ်ချက်ဖြစ်သည်။ လူသားအချင်းချင်းရန်ဖြစ်နေကြမည်၊ နိုင်ငံအချင်းချင်း စစ်ခင်းနေကြမည်ဆိုလျှင် လူဘဝရလာခြင်းသည် တန်ဖိုးများ လွန်စွာမဲ့သွားခြင်းဖြစ်သည်။ ကမ္ဘာကြီးတွင် လူသားချင်းစာနာထောက်ထားမှု၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးများမည်သို့ပင် ပြောဆိုနေကြသော်လည်း အဆိုပါအခွင့်အရေးများကို ဖျက်ဆီးနေသည်မှာလည်း လူသားများပင်ဖြစ်ကြသည်။ အထူးသဖြင့် နိုင်ငံအချင်းချင်း စစ်ခင်းနေကြရာတွင် လက်တွေ့ဒုက္ခနှင့် ကြုံတွေ့နေကြရသည်မှာ အဆိုပါနိုင်ငံများရှိ တိုင်းသူပြည်သားများသာဖြစ်သည်။ ဤမြင်ကွင်းများမှာ နိုင်ငံတကာသတင်းများတွင် နေ့စဉ်တွေ့မြင်နေကြရသည့် မြင်ကွင်းများဖြစ်သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် နှစ်သစ်တွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသောစစ်ပွဲများအားလုံး ချုပ်ငြိမ်းစေချင်သည်။

ထိုသို့ချုပ်ငြိမ်းစေရန်မှာ မိမိတို့လူသားများအနေဖြင့် တိုင်းပြည်၊ နိုင်ငံ၊ ဘာသာ၊ အယူဝါဒအစွဲများကို ပယ်ဖျောက်၍ အားလုံးသည် ကမ္ဘာမြေကြီးပေါ်တွင် အေးအတူပူအမျှ နေထိုင်ကြသည့်လူသားအချင်းချင်းဟူသောအမြင်ကိုပြောင်းလဲသင့်သည်။ အမှန်တကယ်အားဖြင့် လူတို့သည်မွေးဖွားခြင်းမှတ်တိုင်မှ ဘဝချုပ်ငြိမ်းခြင်းမှတ်တိုင်သို့ ခရီးအတူတူသွားနေကြသူများဖြစ်သည်။ ဘဝချုပ်ငြိမ်းပြီးနောက်ဘဝတွင် အနောက်နိုင်ငံသားများသည် အရှေ့နိုင်ငံတွင်လည်းကောင်း၊ အရှေ့နိုင်ငံသားများမှာ အနောက်နိုင်ငံများတွင်လည်းကောင်း လူပြန်ဖြစ်သည့်ဖြစ်စဉ်များ အထင်အရှားရှိသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓဘုရားရှင်က ဤလောကတွင် လူသားတို့မှာ ဆွေမျိုးမတော်စပ်သူမရှိဟု ဟောကြားတော်မူထားခြင်းဖြစ်သည်။ ထို့ကြောင့် လူအချင်းချင်း ချစ်ခင်စွာနေထိုင်သင့်လှသည်။ ကမ္ဘာမြေကြီးသည် လူသားတို့ကို အဆင့်အတန်း၊ ဆင်းရဲချမ်းသာခွဲခြားခြင်းမရှိဘဲ အားလုံးကိုတစ်ပြေးညီနေထိုင်ခွင့်ပေးထားသကဲ့သို့ လူသားများအနေဖြင့် လူသားအချင်းချင်းဟူသော အသိအမြင်ကို ရှေ့တန်းတင်ထားနိုင်ကြမည်ဆိုပါက စစ်ပွဲများကင်းစင်၍ သာယာနေသော ကမ္ဘာကြီးဖြစ်နေပေလိမ့်မည်။




လူသားတိုင်းသည် အသက်ရှည်စွာနေလိုကြသည်။ အဆင်းလှပစွာနေလိုကြသည်။ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာနေလိုကြသည်။ ခွန်အားဗလကြီးမားခြင်း၊ ပညာဉာဏ်နှင့်ပြည့်စုံခြင်းတို့ကိုအလိုရှိကြသည်။ ထိုသို့နေထိုင်နိုင်ရန်မှာ အကောင်းမြင်စိတ်ထားများထားရှိကြရမည်ဖြစ်သည်။ မိမိကြီးပွားချမ်းသာသလို သူတစ်ပါးကြီးပွားချမ်းသာပါစေဟူသောစိတ်ထားသည် မွန်မြတ်သည့်စိတ်ထားဖြစ်သည်။ ကြီးနိုင်ငယ်ညှင်းလုပ်ရပ်မျိုးသည် လူသားဆန်သောလုပ်ရပ်မဟုတ်ပေ။ ထို့အတူ နိုင်ငံကြီးများက နိုင်ငံငယ်များအပေါ် ဗိုလ်ကျစိုးမိုးခြင်းမှာလည်း ကောင်းမွန်သည့်လုပ်ရပ်မဟုတ်ပေ။ ကိုယ်ချင်းစာနာတတ်သည့်စိတ်ဖြင့် နိုင်ငံအချင်းချင်းဖြစ်စေ၊ လူသားအချင်းချင်းဖြစ်စေ ဆက်ဆံကြမည်ဆိုပါက အသက်ရှင်နေကြရသည့် နှစ်တစ်ရာကာလတိုင်းတွင် ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိဖြစ်နေပေမည်။ ၂၀၂၅ ခုနှစ် နှစ်သစ်အချိန်အခါတွင် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးတည်ဆောက်ကြရန် မျှော်လင့်သည်။

ကမ္ဘာကြီး ငြိမ်းချမ်းသာယာစေချင်သကဲ့သို့ မြန်မာလူမျိုးများ မှီတင်းနေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသည်လည်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေချင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ တက်လှမ်းစေချင်သည်။ မြန်မာနိုင်ငံတွင် မြန်မာတိုင်းရင်းသားတို့သည် နှစ်ပေါင်းများစွာကတည်းက အတူတကွနေထိုင်လျက်ရှိသည်။ တိုင်းရင်းသားများနေထိုင်မှုနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းက တစ်နေရာထဲတွင် စုစည်းနေထိုင်ခြင်းမဟုတ်ပေ။ လူမျိုးအမည်များကို ဂုဏ်ပြုသောအားဖြင့် ပြည်နယ်အမည်များကို သတ်မှတ်ထားသော်လည်း အဆိုပါပြည်နယ်တွင် ထိုလူမျိုးတစ်မျိုးသာ နေထိုင်ခြင်းမျိုးလည်းမဟုတ်ပေ။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည်ဖြင့် မြန်မာနိုင်ငံ၏နေရာဒေသအနှံ့တွင် အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။ မိမိတို့ယုံကြည်သည့် ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြသည်။ အလုပ်အကိုင်အခွင့်အလမ်းများတွင်လည်း ခွဲခြားထားခြင်းမရှိပေ။ သို့ရာတွင် ပြည်ပနိုင်ငံအချို့သည် မြန်မာနိုင်ငံပျက်စီးရေး၊ တပ်မတော်ပြိုကွဲရေးကိုရှေးရှုလျက် ပြည်သူအချင်းချင်း အမုန်းပွားစေရန် မဟုတ်မမှန်သတင်းများကို ထုတ်လွှင့်လျက်ရှိသည်။ သံသယစိတ်များကြီးထွားလာသောအခါ အချင်းချင်းညှိနှိုင်းဖြေရှင်း၍ အဆင်ပြေနိုင်ပါလျက် လက်နက်စွဲကိုင်ကာ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည်။ အထူးသဖြင့် လူမျိုးရေးမုန်းတီးစိတ်များကို ဖန်တီးပုံဖော်ကာ အမုန်းတရားများ ကြီးထွားလာအောင် ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံသားများအနေဖြင့် အထူးသတိပြုရမည်မှာ မိမိတို့နိုင်ငံနှင့်လူမျိုးတိုးတက်ရေးကို အလေးထားကြရန်ဖြစ်သည်။ မညီမညွတ်စည်းလုံးမှုကင်းမဲ့နေခြင်းမှာ မည်သည့်ကောင်းကျိုးမျှဖြစ်လာမည်မဟုတ်ပေ။ ကမ္ဘာ့အခြေအနေများကို လေ့လာကြည့်လျှင် ထင်ရှားစွာမြင်တွေ့နေရသည်မှာ စစ်ပွဲများ၊ ပဋိပက္ခများကြောင့် လူများသေကျေကာ တိုက်တာအိုးအိမ်အဆောက်အအုံများ ပျက်စီးနေသည်ကိုသာမြင်တွေ့ရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။ ၂၀၂၅ နှစ်သစ်တွင် လူသားများ ဤသို့သောဒုက္ခများမှ လွတ်ကင်းကြပါစေ။ လွတ်ကင်းကြစေချင်ပါသည်။

သီတဂူဆရာတော်ဘုရားကြီးက "အင်အားကြီးနိုင်ငံကြီးများ၏ လက်နက်ပြိုင်ဆိုင်မှုအကြားမှာ အပြစ်ကင်းသော လူသားတစ်ရပ်လုံးကြောက်လန့်နေကြကုန်၏။ ခေတ်မီသည့်တိုးတက်သည့်လက်နက်များသည် အချိန်မရွေး၊ နေရာမရွေးလူသားတို့၏ အသက်ကိုသတ်ဖြတ်ရန် အဆင်သင့်ဖြစ်နေကြကုန်၏။ တကယ်စင်စစ် ကမ္ဘာလောကကြီးသည် အားကိုးရာမဲ့၊ အကူအညီမဲ့၊ အစောင့်အရှောက်မဲ့ဖြစ်နေသည်။ လက်နက်နှင့်စောင့်ရှောက်ခြင်းကို အနှစ်သာရဟုဆိုရန်ခက်၏"ဟူ၍မိန့်ကြားထားသည်။ ဆရာတော်ဘုရားက ဘုံလမ်းကြောင်းတစ်ခုကို ဤသို့ညွှန်ပြထားပါသည်။ "မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ခန္တီ၊ ပညာ" ဤဗြဟ္မစရိယတရားတို့သည်သာလျှင် လောကကိုကာကွယ်စောင့်ရှောက်သည့် လောကပါလတရားတို့ဖြစ်ကုန်၏။ ပြည့်စုံသောငြိမ်းချမ်းခြင်း၊ ခိုင်မြဲသောညီညွတ်ခြင်း၊ ရိုးသားသောလက်တွဲခြင်းတို့ကို ဤလောကပါလ ဗြဟ္မစရိယတရားတို့ဖြင့် တည်ဆောက်ရမည်ဖြစ်သည်။ လောက၏ရန်သူ စစ်စစ်တကယ်ဖြစ်သော ဒေါသတရားကိုမေတ္တာဖြင့် ကာကွယ်ရမည်။ လူသားတို့၏ ရန်သူဖြစ်သော နှိပ်စက်ညှဉ်းဆဲခြင်း ဟိံသနတရားကို အဟိံသာဟူသော ကရုဏာတရားပွား၍ ကာကွယ်ရမည်"ဟူ၍ညွှန်ပြထားပါသည်။ ( ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြထားသော သီတဂူဆရာတော်ဘုရား၏ လက်တွဲအတူလျှောက်ရန် ဘုံလမ်းကြောင်းတစ်ခုကိုရှာကြစို့" စာတမ်းမှ ကောက်နုတ်ချက်ဖြစ်သည်။)

ဗုဒ္ဓဘာသာတရားတော်များသည် လူသားအားလုံး၏ကောင်းကျိုးကိုဟောကြားခြင်းဖြစ်သည်။ ဗြဟ္မစိုရ်တရားလေးပါးကိုသာ သက်ရှိလူသားတိုင်းမှန်ကန်စွာ လိုက်နာလုပ်ဆောင်မည်ဆိုပါလျှင် ဤကမ္ဘာလောကကြီးတွင်စစ်ပွဲများဟူ၍ ပေါ်လာစရာအကြောင်းရှိမည်မဟုတ်ပေ။ လူသားအချင်းချင်းသို့မဟုတ် သတ္တဝါအချင်းချင်းကြီးပွားချမ်းသာခြင်းကို လိုလားချစ်မြတ်နိုးခြင်းမှာ မေတ္တာဖြစ်သည်။ ဆင်းရဲသောသတ္တဝါများကိုမြင်၍ သနားခြင်း၊ ဆင်းရဲမှကင်းလွတ်စေလိုခြင်းမှာ ကရုဏာဖြစ်သည်။ ပြည့်စုံချမ်းသာသောသူတို့ကိုမြင်ရလျှင် ဝမ်းမြောက်ခြင်းမှာ မုဒိတာဖြစ်သည်။ သတ္တဝါတို့အပေါ် ချစ်ခြင်းမုန်းခြင်းမရှိ မျှမျှတတရှုမြင်ခြင်းမှာ ဥပေက္ခာဖြစ်သည်။

လူသားတိုင်းသည် အသက်ရှည်ခြင်း၊ ချမ်းသာကြီးခြင်း၊ ကျော်စောသတင်းနှင့် ပြည့်စုံခြင်း ဘုန်းတန်ခိုးကြီးမားတိုးတက်ခြင်း စသောအကျိုးတရားများကိုသာ ရရှိလိုကြသည်။ ဤသို့ဆိုပါလျှင် မိမိတို့ကိုယ်တိုင်က ဗြဟ္မစိုရ်တရားလေးပါးအတိုင်း ကျင့်ကြံပွားများသင့်သည်။ ကမ္ဘာကြီးငြိမ်းချမ်းစေချင်သလို မြန်မာနိုင်ငံကိုလည်း အေးချမ်းတည်ငြိမ်၍ ဖွံ့ဖြိုးတိုးတက်စေချင်သည်။ အမြင်မတူသည်များကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် တည်ဆောက်ကြမည်ဆိုပါက မြန်မာနိုင်ငံသည် ပိုမို၍သာယာလှပနေမည်ဖြစ်သည်။

နောင်လာမဲ့ အနာဂတ်မျိုးဆက်သစ်များသို့ ကောင်းမွန်သော အမွေကိုကျွန်တော်တို့ပေးကြရမည်ဖြစ်သည်။ ထိုသို့ဆိုပါလျှင် မျိုးဆက်သစ်လူငယ်မောင်မယ်များကို အကောင်းဆုံးမြေတောင်မြှောက်ပေးကြရမည်ဖြစ်သည်။ သားသမီးများအနေဖြင့် မိဘကိုလုပ်ကျွေးမည့် သားသမီးကောင်းများသာဖြစ်စေချင်သည်။ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမပြသမှုကိုနာခံ၍ ပညာကိုတတ်မြောက်အောင်ကြိုးစားသင်ယူကြစေချင်သည်။ အနာဂတ်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် သားကောင်း၊ သမီးမွန်များဖြစ်ကြစေချင်ပါသည်။

ထို့အတူ လူသားတို့ အသက်ရှင်သန်နေထိုင်ရေးမှာ စားဝတ်နေရေးဖြစ်သည်။ အဆိုပါစားဝတ်နေရေးကို အဓိကလုပ်ဆောင်နေကြသည့် တောင်သူလယ်သမားကြီးများ၏လုပ်ငန်းများ အောင်မြင်တိုးတက်ကြပါစေ။ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ကာယဉာဏလုပ်သားများအားလုံးသည် မိမိတို့၏လုပ်ငန်းဆောင်တာများကို ပျော်ရွှင်စွာထမ်းဆောင်နိုင်ကြပါစေ။ နိုင်ငံတော်နှင့် နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်သားအားလုံးသည်လည်း အောင်မြင်မှုများစွာရရှိကြပါစေ။ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း၊ ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်း ကြောင့်ကြမဲ့ကင်းအိပ်ပျော်ခြင်းနှင့် ပျော်ရွှင်စွာနိုးထ၍ ကိုယ်စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေ။ ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယတွင် လူသားအားလုံးဘေးရန်ကင်းကွာ ကျန်းမာချမ်းသာပြီး မိမိကောင်းကျိုး၊ အများကောင်းကျိုး၊ ဘာသာသာသနာကောင်းကျိုး သယ်ပိုးဆောင်ရွက်အောင်မြင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။








## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တံတားဦးမြို့နယ်၊ အောင်တောကျေးရွာနေ (ဦးစိုးမင်း)+ဒေါ်ရီရီမြင့်တို့၏သား မောင်မြတ်သူ (၉/မဟမ(နိုင်)၀၀၉၈၃၇)သည် မိဘဆိုဆုံးမစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်ရီရီမြင့်(၉/မရတ(နိုင်)၀၅၂၃၂၇)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ··· စသည်)



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ **ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေး အတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

### ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

### ထူးခြားသည့် ညအပူချိန်များ

(၃၁-၁၂-၂၀၂၄)

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၁၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# မန္တလေးမြို့တွင် နှစ်သစ်ကူးပွဲတော်ကျင်းပ၍ ပြည်သူများ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆို




**မန္တလေး ဒီဇင်ဘာ ၃၁**

ခရစ်နှစ် ၂၀၂၄ ခုနှစ် ကုန်ဆုံး၍ ၂၀၂၅ ခုနှစ်သို့ ကူးပြောင်းသည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတကာနှစ်သစ်ကူးပွဲတော်များကို ကမ္ဘာတစ်ဝန်းတွင် ပျော်ရွှင်စွာဆင်နွှဲကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့်အခြားမြို့ကြီးများတွင် ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေပွဲများ ထည့်သွင်း၍ ကျင်းပကြကာ နှစ်သစ်ကို တညီတညွတ်တည်း ပျော်ရွှင်စွာကြိုဆိုခဲ့ကြသည်။

မန္တလေးမြို့သူ၊ မြို့သားများအနေဖြင့်လည်း ယနေ့ညနေပိုင်းမှစတင်၍ နှစ်သစ်ကို ကြိုဆိုကြရန် မိသားစုနှင့် မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့အလိုက် ပျော်ရွှင်ဖွယ်ရာအစီအစဉ်များဖြင့် နှစ်သစ်ကူးပြောင်းမည့်အချိန်အခိုက်အတန့်ကို စောင့်မျှော်ဆင်နွှဲကြသည်။

ထို့ပြင် ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တပျော်တပါး နှစ်သစ်ကူးအခါသမယကို ဆင်နွှဲနိုင်ရန်အတွက် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်ကို ည ၆ နာရီမှ စတင်၍ ၂၆ လမ်းနှင့် ၆၆ လမ်း(ကျုံးထောင့်)တွင် ဖျော်ဖြေရေးစင်မြင့်ထားရှိ၍ နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှုများနှင့်အတူ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်း၍ ကျင်းပခဲ့သည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲသည့် ကိုလှမြင့်သိန်းက "နှစ်သစ်ကို ကြိုဆိုဖို့အတွက် လာရောက်ဆင်နွှဲခြင်းဖြစ်ပါတယ်။ နှစ်သစ်ကူးချိန်ကို စောင့်ပြီး

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

**MYAWADDY TRADING LIMITED**





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူအသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257